# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၁) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (23-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊လေ)အားကစားပြိုင်ပွဲ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါအားကစားပြိုင်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။**

ဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် အပြန်အလှန်ဖိအားပေး ယှဉ်ပြိုင်ကစားကြပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဂိုးရရှိခဲ့ကာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းပြေစာဖြည့်သွင်းခြင်း၊ ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
နစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လုမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Customs Duty
MMM Service

ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# နတ်တော်လနှင့် စာဆိုတော်နေ့

နတ်တော်လသည် မြန်မာ့ဆယ့်နှစ်လတွင် နဝမမြောက်လဖြစ်သည်။ နတ်တော်လတွင် ရာသီမှာ ဓနုရာသီ၊ စန်းယှဉ်နက္ခတ်မှာ မိဂသီ၊ စန်းယှဉ်တာရာမှာ ဟဿာတာရာ၊ ရာသီရုပ်မှာ လေးစွဲယောက်ျား၊ ရာသီပန်းမှာ သဇင်ပန်းဖြစ်ပြီး ရာသီပွဲမှာ မဟာပိန္နဲနတ်ပွဲ၊ စာဆိုတော်ပွဲတို့ဖြစ်သည်။

ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို နတ္တာဝ်၊ နတ်တော်ဝ်၊ နတ္တဝ်၊ နတ်တင် စသည်ဖြင့် ရေးထိုးမှတ်တမ်းတင်ထားခဲ့ကြသည်။ နတ်-ချမ်းသာရှိသော၊ တောက်ပသော ကိုးကွယ်ရာဖြစ်သောပုဂ္ဂိုလ်။ တော်-ကြီးကဲသူ၊ မြင့်မြတ်သူ။ ထို့ကြောင့် ကြီးကဲမြင့်မြတ်သူပညာရှင်ကြီးများကို ကိုးကွယ်ပူဇော်ချီးမြှောက်သောလဟု သတ်မှတ်ထားခဲ့ကြသည်။

ရှေးခေတ်က နတ်တော်လတွင် ဆင်ဖမ်းပွဲနှင့် နတ်ပူဇော်ပွဲများ ကျင်းပခဲ့ကြသော်လည်း ကုန်းဘောင်ခေတ်တွင် ထိုဓလေ့များ မှေးမှိန်သွားခဲ့ပြီး ပညာရှိစာဆိုအကျော်အမော်တို့အား ချီးမြှင့်ဂုဏ်ပြုပွဲများ ကျင်းပလာခဲ့ကြသည်။ သူ့ကျွန်ဘဝတွင် စာပေပညာရှင်ကြီးများသည် နှလုံးရည်တပ်သားကောင်းများအဖြစ် ကလောင်လက်နက်ဖြင့် နယ်ချဲ့တို့ကို သမိုင်းပေးတာဝန်ကျေပွန်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော်လည်း ချီးမြှင့်မြှောက်စားခွင့်အခြေအနေမပေးသောကြောင့် လွတ်လပ်ရေးရရှိပြီးမှသာ ၎င်းတို့ကို မော်ကွန်းတင်ဂုဏ်ပြုခဲ့ကြရသည်။ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေသော ဂန္ထဝင်စာပေပညာရှင်ကြီးများအဖြစ် ဂုဏ်ပြုအမွှမ်းတင်ခွင့်ရခဲ့ကြသည်။ ထိုသို့ ဂုဏ်ပြုအမွှမ်းတင်ခွင့်ရရှိရာမှ စာဆိုတော်နေ့ပေါ် ထွန်းလာခဲ့ခြင်းဖြစ်သည်။

၁၉၄၄ ခုနှစ် မေ ၁၂ ရက်တွင် ဦးပုညနေ့အထိမ်းအမှတ်ကျင်းပရေးကိစ္စကို အစည်းအဝေးတစ်ရပ်ခေါ်ယူခဲ့သည်။ ထိုအစည်းအဝေးက ဦးပုညနေ့ဟူ၍ စာဆိုတော်တစ်ဦးတည်းကို ဂုဏ်ပြုရည်ညွှန်းသောနေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပမည့်အစား စာဆိုတော်အားလုံးကို ဂုဏ်ပြုရန်ညွှန်းသောနေ့တစ်နေ့ သတ်မှတ်သင့်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက် (မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်)တွင် စတင်ကျင်းပခဲ့သည်။ အနယ်နယ်အရပ်ရပ်တွင်လည်း စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေဟောပြောပွဲများနှင့် စာပေဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်တွင် စာဆိုတော်နေ့အခမ်းအနားများ ကျင်းပခဲ့ကြခြင်းဖြစ်သည်။

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲကို နိုင်ငံတော်အဆင့် အခမ်းအနားများဖြင့် ကျင်းပပေးလျက်ရှိသည်။ ထို့ပြင် အခြားနိုးနွယ်စာပေဆုများကိုလည်း ချီးမြှင့်ပေးလျက်ရှိသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ "စာပေမြင့်မှ လူမျိုးတင့်မည်"ဟူသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါသကဲ့သို့ လူမျိုး၏အသက်လည်းဖြစ်သည်။ စာပေကွယ်ပျောက်လျှင် လူမျိုးလည်းပျောက်ကွယ်သွားတတ်ပေသည်။ ထို့ကြောင့် ကလောင်လက်နက်ဖြင့် နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသော၊ နိုင်ငံနှင့်လူမျိုးအတွက် စာပေတာဝန်ထမ်းဆောင်ကြသော စာပေပညာရှင်များအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်သည့် စာဆိုတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး ဈေးကွက်အတွင်း တောင်သာဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လာခြင်း၊ ပြည်ပနိုင်ငံသို့လည်း တင်ပို့မှုများပြားလာခြင်းကြောင့် ကြက်သွန်နီများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုက မန္တလေးဈေးကွက်ထဲမှာ တောင်သာဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းတဲ့ ကြက်သွန်နီတွေ တော်တော်လေး ဈေးပြန်ကောင်းလာတယ်။ မုံရွာဘက်က ထွက်တဲ့ ကြက်သွန်နီတွေနဲ့စာရင် တောင်သာဘက်ကထွက်တဲ့ ကြက်သွန်နီတွေက ဈေးကောင်းရနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်အတွင်းက တောင်သာဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ သာရှိခဲ့သော်လည်း နိုဝင်ဘာ ၂၁ ရက်တွင် တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခု လတ်တလောကတော့ မန္တလေးဈေးကွက်ထဲကို မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီအသစ်တွေလဲ ပြန်ဝင်လာသလို မုံရွာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပြန်ဝင်လာတယ်။ ဈေးအကောင်းဆုံးကတော့ တောင်သာဘက်ကဝင်လာတဲ့ ကြက်သွန်နီတွေဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ မင်းကွန်းအနီးတွင် လင်းပိုင် ၁၉ ကောင် နေထိုင်ကျက်စားလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၂၂**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ မင်းကွန်းအနီးတွင် ယနေ့နံနက်ပိုင်းက ဧရာဝတီလင်းပိုင် ၁၉ ကောင် နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် လင်းပိုင်များ နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ၎င်းဧရာဝတီလင်းပိုင်များ၏ ကျက်စားနေထိုင်သည့်နေရာကို အတိအကျသိရှိနိုင်ရန် ယနေ့နံနက်ပိုင်းက ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က စက်လှေဖြင့် ဧရာဝတီမြစ်အတွင်း လင်းပိုင်များကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်ထဲမှာ ရေနည်းချိန်ကာလဖြစ်တာကြောင့် လင်းပိုင်တွေက အစာပေါတဲ့နေရာတွေကို မကြာခဏပြောင်းရွှေ့နေထိုင်ကျက်စားကြတယ်။ ဒီနေ့ လင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲ သွားကြည့်တော့ ဧရာဝတီလင်းပိုင်တွေ မင်းကွန်းအနီးမှာ ၁၉ ကောင်လောက် နေထိုင်ကျက်စားနေတာ တွေ့ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသည့် ဧရာဝတီလင်းပိုင်များကိုလည်း ရေလုပ်သားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း ၎င်းက ပြောပြသည်။

"မန္တလေး ဆိပ်ကမ်းကနေပြီးတော့လဲ မန္တလေး-ကျောက်မြောင်းကြားကို ဧရာဝတီလင်းပိုင်နဲ့ ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့အပါအဝင် အဲဒီအနီးတစ်ဝိုက်မှာရှိတဲ့ ကျေးရွာတွေကိုလဲ ဝင်ရောက်လည်ပတ်တဲ့ ခရီးသွားတွေရှိပါတယ်"ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

(၁၈၄)

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မူးယစ်ဆေးဖြတ်ပြီးသူများအတွက် ပြန်လည်ထူထောင်ရေးသင်တန်း ဖွင့်လှစ်မည်

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မူးယစ်ဆေးဖြတ်ပြီးသူများအတွက် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း မန္တလေးမြို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းမှ မန်နေဂျာ ဦးညွန့်မြိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပြန်လည်ထူထောင်ရေးသင်တန်းတွင် သင်တန်းသား ဦးရေ ၂၀ သာလက်ခံမည်ဖြစ်ပြီး လာမည့် ဇန်နဝါရီလတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဖြတ်ပြီး သင်တန်းတက်သူများကို စိတ်တည်ငြိမ်စေပြီး ပြင်ပတွင် လုပ်ကိုင်စားသောက်နိုင်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သော ဆိုင်ကယ်ပြုပြင်နည်းသင်တန်း၊ ဆံပင်ညှပ်သင်တန်း စသည့်သင်တန်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်း ဖွင့်လှစ်သွားဖို့အတွက် ဒီလကနေ စတင်လက်ခံနေပါပြီ။ သင်တန်းစရိတ်ကိုတော့ မျှခံပေးရပါမယ်။ လက်ရှိမှာတော့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး စာရင်းပေးထားတာ တော်တော်များနေပါပြီ။ သင်တန်းသားတွေကို သူတို့နေထိုင်ရာပတ်ဝန်းကျင်မှာ ပြန်လည်နေထိုင်မှု ဝင်ဆံ့လာစေဖို့အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကို သင်ကြားပေးသွားမှာပါ။ သင်တန်းသားတွေကို ပြင်ပလေ့လာရေးတွေ ဆောင်ရွက်ပေးမယ်။ ပြီးတော့ သင်တန်းသားတွေကို ကျန်းမာရေးလေ့ကျင့်ခန်းတွေလဲ ပြုလုပ်ပေးပါမယ်"ဟု မန္တလေးမြို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းမှ မန်နေဂျာ ဦးညွန့်မြိုင်က ပြောပြသည်။

အဆိုပါ မူးယစ်ဆေးဖြတ်ပြီးသူများအတွက် ပြန်လည်ထူထောင်ရေးသင်တန်းကို သုံးလကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲနေစဉ်မှ မူးယစ်ဆေးဖြတ်လိုစိတ် ပေါ်ပေါက်လာပါက အလွယ်တကူဆေးဖြတ်နိုင်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုခံယူနိုင်ရန်အတွက် ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဂုဏ်ကျွန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် ဝန်ထမ်းများက ဂုဏ်ကျွန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများ သတ်မှတ်ထားသည့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဂုဏ်ကျွန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကွန်ကရစ်ဘီးလမ်းရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာ၌ အရှည်ပေ ၁၂၀၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၂ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၁ သန်း စုစုပေါင်း ၁၅ ဒသမ ၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးကူညီမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ပြောပြ၍ သိရသည်။ **ကိုသန်း**

# ညောင်လေးပင်မြို့နယ် ကုန်းအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ညောင်လေးပင် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုန်းအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကုန်းအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆွေးနွေးမှာကြားသည်။

ကုန်းအင်းကျေးရွာ၌ အရှည် ၃ ဒသမ ၉၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကျေးလက်ကုန်ထုတ်လမ်းဂဝံခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၇၅ သန်းဖြင့် နိုဝင်ဘာလပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကုန်းအင်းကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**

# ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ တရုတ်နိုင်ငံက ပန်းသီးနှင့် လိမ္မော်သီး တန်ချိန် ၆၀ ကျော် တင်သွင်းခဲ့




**နေပြည်တော် နိုဝင်ဘာ ၂၂**

ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ ၁၅ ရက်တာကာလအတွင်း တရုတ်နိုင်ငံက ပန်းသီးနှင့်လိမ္မော်သီး တန်ချိန် ၆၀ ကျော် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် သစ်သီးဝလံများကို ပြည်ပသို့ တင်ပို့ရောင်းချပေးနေသကဲ့သို့ ပြည်ပကလည်း ပြန်လည်တင်သွင်းနေမှုများ ရှိနေကြောင်း၊ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ သစ်သီးသွင်းကုန်လိုင်စင်လျှောက်ထားခွင့် ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနေသဖြင့် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ ၁၅ ရက်တာကာလအတွင်း တရုတ်နိုင်ငံက ပန်းသီးနှင့် လိမ္မော်သီး ၆၂ ဒသမ ၃ တန်တင်သွင်းခဲ့ကြောင်း၊ ထိုသို့တင်သွင်းရာတွင် ပန်းသီး ၂၀ ဒသမ ၃ တန်နှင့် လိမ္မော်သီး ၄၁ တန် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ သစ်သီးတင်သွင်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ Import Certificate (IC) ထောက်ခံချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာန ရုံးချုပ်သို့ တင်ပြခွင့်ပြုချက် ရယူပြီးမှသာ တင်သွင်းခွင့်ပြုခြင်းဖြစ်ကြောင်း၊ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းသည် တရုတ်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်မှုပိုငွေရရှိအောင်ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုဝင်ဘာ ၁၁ ရက်ထိ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၄၆ ဒသမ ၇၉၅ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၇၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၀၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၄၆ ဒသမ ၇၉၅ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

# ကဝမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကဝ နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်ကံလှိုင်ကျေးရွာတွင် ဆီထွက်သီးနှံမြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွင်ပိုပိုသိန်းက ဆီထွက်သီးနှံမြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာတွင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များစသည့်အကြောင်းအရာများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ကဝမြို့နယ် အောင်ကံလှိုင်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံမြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# ဇလွန်မြို့နယ် တာကျိုးပိုင်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဇလွန် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် အိုးဘိုကျေးရွာအုပ်စု တာကျိုးပိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ တာကျိုးပိုင်းကျေးရွာတွင် အရှည် ၈၉၅ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

တာကျိုးပိုင်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၀၂ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် တာကျိုးပိုင်းကျေးရွာရှိ အိမ်ခြေ ၉၀၊ လူဦးရေ ၃၇၀ အတွက် ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ပြောပြ၍ သိရသည်။ **ရျှိသန်းညွန့်**



# ကမ္ဘာ့အမွေအနှစ်ဒေသ ဟန်လင်းမှပြတိုက်များ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအတွင်း၌ ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် နေရာဒေသများအနက် ပြည်မြို့နယ်ရှိ သရေခေတ္တရာ၊ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးနှင့် ဝက်လက်မြို့နယ်ရှိ ဟန်လင်းတို့ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်က အသိအမှတ်ပြုခဲ့သည်။

ပျူမြို့ဟောင်းသုံးမြို့သည် မြန်မာနိုင်ငံအတွင်း တောင်မြောက်တန်းလျက်တည်ရှိနေကြကာ သရေခေတ္တရာမြို့ဟောင်း၏ မြောက်ဘက်ကီလိုမီတာ ၁၃၀ အကွာတွင် ဗိဿနိုးမြို့ဟောင်းတည်ရှိနေပြီး ဗိဿနိုးမှ အရှေ့မြောက်ယွန်းယွန်းကီလိုမီတာ ၂၇၀ အကွာတွင် ဟန်လင်းမြို့ဟောင်းတည်ရှိသည်။

**ဟန်လင်းပျူမြို့ဟောင်း**

ဟန်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှ တောင်ဘက်သို့ ၁၀ မိုင် ငါးဖာလုံနှင့် ဝက်လက်မြို့မှ အရှေ့မြောက်ဘက်သို့ ခြောက်မိုင်အကွာတွင် တည်ရှိပြီး တည်နေရာ မြေပုံအညွှန်းမှာ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ်ဖြစ်သည်။

ကမ္ပည်းကျောက်စာဝန် မစ္စတာတော်စိန်ခိုခေါင်းဆောင်သောအဖွဲ့သည် ဟန်လင်းမြို့ဟောင်းကို ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကုလားကုန်း၊ ဘုရားကုန်း၊ နန်းတော်ရာ စသည်နေရာ ၁၀ ခုတွင် ပထမဆုံး စမ်းသပ်တူးဖော်မှုများကို ဆောင်ရွက်ခဲ့သည်။ မစ္စတာချားလ်ဒူရွိုင်ဆယ်က ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ဟန်လင်းကို ထပ်မံတူးဖော်ခဲ့ပြီး ခေတ်အဆက်ဆက် ဟန်လင်းကိုတူးဖော်သုတေသနပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထိ တူးဖော်မှုကုန်း ၄၆ ကုန်းကို သုတေသနပြုနိုင်ခဲ့သည်။

ဟန်လင်းမြို့ဟောင်းသည် ထောင့်မှန်စတုဂံပုံရှိကာ အရှေ့ အနောက်သို့ ၁ ဒသမ ၆ ကီလိုမီတာနှင့် တောင်မြောက်သို့ ၃ ဒသမ ၂ ကီလိုမီတာကျယ်ဝန်းပြီး ဧရိယာ ဟက်တာ ၅၀၀ ကျော်ရှိသည်။

ဟန်လင်းဒေသမှ ပျူယဉ်ကျေးမှုဆိုင်ရာအထောက်အထားများဖြစ်သည့် ဒင်္ဂါးများ၊ မြေနှင့်ကျောက်ပုတီးစေ့များ၊ အိုးခြမ်းကွဲများ၊ ကျောက်ခေတ်သစ်လက်နက်များ၊ ကြေးမုံ၊ ရွှေထည်ပစ္စည်းများနှင့်ကျောက်စာချပ်များကို တွေ့ရှိခဲ့သည်။

ဟန်လင်းတူးဖော်မှုများမှ တွေ့ရှိခဲ့သည့် ရုပ်ကြွင်းများကို မူလတူးဖော်တွေ့ရှိသည့်နေရာ၌ပင် တူးကွက်ပြတိုက်(Site Museum)များအဖြစ် ပြသထားသကဲ့သို့ ဟန်လင်းမှတွေ့ရှိခဲ့သည့် ကျောက်စာများကို ဟန်လင်းကျောက်စာရုံ၊ ဟန်လင်းမှတွေ့ရှိခဲ့သည့် ပျူယဉ်ကျေးမှုအထောက်အထားများကို ဟန်လင်းရှိ ပြတိုက်နှစ်ခုတို့တွင် ပြသထားသည်။

**ဟန်လင်းကျောက်စာရုံ**

ပျူမြို့ဟောင်းဟန်လင်းကို ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် စမ်းသပ်တူးဖော်မှုများ ဆောင်ရွက်ခဲ့စဉ် အိန္ဒိယနိုင်ငံတောင်ပိုင်းမှ အရေးအသားတစ်ခုဖြစ်သော ဗြာဟ္မီအက္ခရာဖြင့် ရေးထိုးထားသည့် ကျောက်စာတစ်ချပ်ကို တူးဖော်ရရှိခဲ့သည်။ (ထိုကျောက်စာကို ပညာရှင်များက အေဒီ လေးရာစု အရေးအသားဖြစ်ကြောင်းဖော်ထုတ်နိုင်ခဲ့သည်။) ဟန်လင်းမြို့ဟောင်းတူးဖော်မှုများကို ဆောင်ရွက်စဉ် ကျောက်စာချပ်များကို ထပ်မံတွေ့ရှိခဲ့ရသဖြင့် ၎င်းကျောက်စာများကို ပညာရှင်များနှင့် အများပြည်သူလေ့လာနိုင်ရန် ဟန်လင်းကျေးရွာ၌ ၁၉၅၇ ခုနှစ်တွင် ဟန်လင်းကျောက်စာရုံကိုဖွင့်လှစ်ခဲ့ပြီး ၁၉၆၃-၁၉၆၄ ခုနှစ်တွင် ကျောက်စာရုံကိုတိုးချဲ့ခဲ့သည်။

လက်ရှိအချိန်တွင် ဟန်လင်းကျောက်စာရုံ၌ ပျူကျောက်စာချပ် သုံးချပ်အပါအဝင် ကျောက်စာချပ် ၂၁ ချပ်ကို ပြသထားသည်။

၎င်းတို့အနက် ၁၉၆၃ ခုနှစ် မတ်လတွင် ကုန်းအမှတ်(၂)မှ တူးဖော်ရရှိခဲ့သောကျောက်စာအမှတ်(၀၁)သည် အေဒီ ရှစ်ရာစုတွင်ရေးထိုးခဲ့သော ပျူကျောက်စာဖြစ်ပြီး စာကြောင်း ၁၄ ကြောင်းပါရှိသည်။ ဟန်လင်းနဂါးရုံကန်ပေါင်အနောက်ဘက်မှ တွေ့ရှိခဲ့သည့် စာကြောင်းနှစ်ကြောင်းသာပါရှိသော ကျောက်စာသည် အေဒီလေးရာစုတွင် ပျူအက္ခရာများဖြင့် ရေးထွင်းထားခဲ့သော အစောဆုံးပျူကျောက်စာချပ်တစ်ချပ်ဖြစ်ကြောင်း ပညာရှင်တို့သတ်မှတ်ထားပြီး ၎င်းကျောက်စာကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။




ဟန်လင်းကျောက်စာရုံတွင် ပြသထားသည့် ကျောက်စာချပ်များအနက် ဘုရားလောင်းဗောဓိသတ္တ ပုံကို အပေါ်ပိုင်းတွင် ထွင်းထုထားပြီး အောက်ပိုင်းတွင် လက်အုပ်ချီမိုးလျက် ကြည်ညိုနေကြသူ ပရိသတ် ၅၃ ဦးပုံကိုထွင်းထုထားသည့် ကျောက်စာအမှတ်(၀၉)သည် အထင်ရှားဆုံးဖြစ်၍ ၎င်းကျောက်ချပ်ကို ၁၉၂၉-၁၉၃၀ ပြည့်နှစ်က ကျောက်ဘီလူးထန်းတောမှ ရရှိခဲ့သည်။

ဟန်လင်းကျောက်စာရုံတွင် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်ရှိရာ ကျောက်စာအများစုသည် ကျောင်း၊ စေတီ၊ ဂူဘုရားများတည်ဆောက်ပြီး ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ ပစ္စည်းဥစ္စာ၊ ပိဋကတ် အလှူတော်တို့ကို ရေးထိုးထားသော ကမ္ပည်းကျောက်စာများဖြစ်ကြသည်။ ၎င်းတို့အနက် ကျောက်စာချပ်အမှတ်(၀၄)တွင် မြေပိုင်ဆိုင်မှု အဆုံးအဖြတ် စီရင်ချက်အမိန့်တစ်ရပ်ကို မြန်မာအက္ခရာစာလုံးများဖြင့် ရေးထွင်းထားသည်။ ထို့အတူ ကျောက်စာချပ်အမှတ်(၁၈)သည် ထူးခြားသော ကျောက်စာချပ်ဖြစ်ကာ နွားနှင့် ကျွန် လဲလှယ်သည့်မှတ်တမ်းကို ရေးထိုးထားသည်။

ကျောက်စာချပ်များကို အကောင်းပကတိအတိုင်း တူးဖော်ရရှိခဲ့သော်လည်း အချို့ကျောက်စာများကို အကျိုးအပိုင်းအစများအဖြစ်ရရှိခဲ့ပြီး ကျိုးပဲ့နေသော ကျောက်စာများကို စနစ်တကျဆက်စပ်ကာ ထိန်းသိမ်းထားရှိသည်။ အချို့ကျောက်စာများသည် ထယ်ထိုး၊ ထွန်ယက်မှုများကြောင့် ပျက်စီးခဲ့ကြရသည်။ ဒေသနေပြည်သူတချို့က ကျောက်စာချပ်များပေါ်တွင် အဝတ်လျှော်ကြ၊ ဓားသွေးကြသဖြင့် ထွင်းထုထားသော စာများ ပျက်စီးနေသည့် ကျောက်စာတိုင်များကိုလည်း ပြတိုက်တွင် ပြသထားသည်။

**ဦးနာဂယဉ်ကျေးမှုပြတိုက်**

ဟန်လင်းရွာ ထန်းကိုးပင်ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့် ရှေးဟောင်းပြတိုက်ကို “ဆရာတော် ဦးနာဂ အထိမ်းအမှတ် ဟန်လင်းပျူယဉ်ကျေးမှုပြတိုက်” ဟု အမည်ပေးထားသည်။

ဟန်လင်းရွာ ထန်းကိုးပင်ကျောင်းတိုက်တွင် သီတင်းသုံးခဲ့သော ဆရာတော် ဦးနာဂသည် ဟန်လင်းဒေသမှတွေ့ရှိခဲ့သည့် အိုးခြမ်းကွဲများ၊ ပုတီးစေ့များ၊ အုတ်ခဲများ၊ ကျောက်ကွင်းများ၊ အိုးများ၊ လူဦးခေါင်းခွံများ စသည့်ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို စုဆောင်းသိမ်းဆည်းခဲ့သည်။ ဆရာတော်ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးတေဇနိယက ဦးနာဂ စုဆောင်းခဲ့သည့် ပျူယဉ်ကျေးမှုအထောက်အထားပစ္စည်းများကို ဆက်လက်ထိန်းသိမ်း၍ ပြတိုက်ဖွင့်လှစ်ပြသထားသည်။

ဦးနာဂပြတိုက်တွင် စုံလင်စွာပြသထားသည့် ရှေးဟောင်းပစ္စည်းများအနက် Stone Ring ဟုခေါ်သည့် ကျောက်ကွင်းများသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျောက်ပြားချပ်ကို လူတစ်ဦးလက်တွင်စွပ်နိုင်ရန် အလယ်မှအပေါက်ဖောက်ပြီး ချောမွတ်နေအောင် သွေးထားသည့် ကျောက်ကွင်းများကို ပျူခေတ်က အုပ်စိုးသူများ ကွယ်လွန်ချိန်တွင် ၎င်းတို့နှင့်အတူ မြှုပ်နှံသည့်ဓလေ့ရှိခဲ့သည်ဟု ဆိုကြသည်။ ကျောက်ကွင်းများသည် အရွယ်အစားမျိုးစုံရှိကြပြီး အများအားဖြင့် အဝိုင်းပုံဖြစ်သည်။ အချို့ကျောက်ကွင်းများသည် အရွယ်ပမာဏကြီးမား၍ လေးလံသော အလေးချိန်ကြောင့် လူတစ်ဦးအမြဲတစေ ဝတ်ဆင်ထားရန် မဖြစ်နိုင်ကြောင်းလည်း တွေ့ရှိရသည်။

ဦးနာဂပြတိုက်တွင် ကျောက်ပုတီးစေ့များ၊ ဒင်္ဂါးပြားများ၊ လူဦးခေါင်းခွံများ၊ ကြေးပစ္စည်းများ၊ အိုးများ၊ ဒင်္ဂါးပြားများ၊ ကျောက်လက်နက်များ၊ သံထည်ပစ္စည်းအတိုအစများ၊ ခေါင်းလောင်းငယ်များ စသည်ဖြင့် ဟန်လင်းဒေသတွင် နေထိုင်ခဲ့ကြသူများသုံးစွဲခဲ့သည့် အသုံးအဆောင်များစွာကို လေ့လာနိုင်ကြသည်။

**ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်**

ဟန်လင်းကျေးရွာတွင် ဖွင့်လှစ်ထားသည့်ဟန်လင်းဌာနစုရုံးအတွင်းရှိ ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။ ၎င်းပြတိုက်တွင် ဟန်လင်းမြို့ဟောင်းနှင့် အနီးဝန်းကျင်မှ စုဆောင်းရရှိထားသည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့်ပျူမြို့ပြတည်ထောင်ခဲ့သည့်ခေတ်ဆိုင်ရာ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ၊ ဒင်္ဂါးများ၊ ရွှေထည်၊ ငွေထည်ပစ္စည်းများ၊ ပျူအက္ခရာများပါရှိသည့်ပစ္စည်းများ၊ ကျောက်စာများ၊ သမိုင်းမတင်မီနှင့် သမိုင်းတင်ခေတ်ဦးကာလ ဟန်လင်းဒေသ၏ ယဉ်ကျေးမှုအထောက်အထား၊ အသုံးအဆောင်များကို ပြသထားသည်။

ထို့အတူ ဟန်လင်းဒေသမှ တူးဖော်ရရှိထားသည့် ပျူခေတ်လက်ရာရွှေ၊ ငွေ၊ ကြေးလက်ဝတ်တန်ဆာများ၊ ပျူပုတီးစေ့များ၊ ပျူဒင်္ဂါးများ၊ အိုးခြမ်းကွဲများ၊ ကျောက်လက်နက်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဓာတ်ပုံကားချပ်၊ မြေပုံများဖြင့် ဝေဝေဆာဆာပြသထားသည်။ သုတေသီများ အထောက်အထားပြုနိုင်သည့် စာရင်းဇယားများကိုလည်း မြင်တွေ့ကြရသည်။

ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများကိုလည်း ပြသထားသည်။ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးတို့ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းတင်သွင်းနိုင်ရန် အဆိုပြုခဲ့စဉ်က ယူနက်စကိုမှ တာဝန်ရှိသူများက အဆိုပါပျူမြို့ဟောင်းသုံးမြို့ကို လာရောက်စစ်ဆေးအကဲဖြတ်မှုများပြုလုပ်ခဲ့ပြီး ၎င်းတာဝန်ရှိသူများ ဟန်လင်းသို့ လာရောက်ကြည့်ရှုစစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။

**တူးကွက်ပြတိုက်(Site Museum)များ**

ဟန်လင်းမြို့ဟောင်းအတွင်း တူးဖော်မှုများ ဆောင်ရွက်ခဲ့စဉ်က သင်္ချိုင်းဟောင်းနေရာများဖြစ်သည့် ကုန်းအမှတ်(၂၅)၊ (၂၆)၊ (၂၈)၊ (၂၉)နှင့် (၃၀)တို့တွင် တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေသည့် လူရုပ်ကြွင်းများ၊ ကျောက်လက်နက်၊ သံလက်နက်များ၊ ကြေးလက်နက်များ၊ မြေမီးဖုတ်အိုးများ၊ မြေဆေးတံကျိုးများ၊ ကျောက်ပုတီးစေ့များ၊ ကြေးခလောက်များ၊ ကျောက်ကွင်းများ စသည်ဖြင့် ယဉ်ကျေးမှုအထောက်အထားများကို တွေ့ရှိခဲ့သည်။

ကုန်းအမှတ်(၂၅)နှင့်(၂၆)ကိုလွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ မှ ၂၀၀၀ အတွင်းဟုလည်းကောင်း၊ ကုန်းအမှတ်(၂၇)ကို အေဒီနှစ်ရာစုမှ ကိုးရာစုအတွင်းဟုလည်းကောင်း၊ ကုန်းအမှတ်(၂၈)ကို ကြေးခေတ် သံခေတ်ဟုလည်းကောင်း၊ ကုန်းအမှတ်(၂၉)ကို ကြေးခေတ်နှောင်းပိုင်းဟုလည်းကောင်း၊ ကုန်းအမှတ်(၃၀)ကို ကျောက်ချောခေတ်ဟုလည်းကောင်း သက်တမ်းခန့်မှန်းခဲ့သည်။

၎င်းကုန်းများတွင် အမိုးအကာများဆောက်လုပ်၍ တူးကွက်ပြတိုက်(Site Museum)များပြုလုပ်ကာ တွေ့ရှိခဲ့သည့် ရုပ်ကြွင်းများ၊ အိုးများ၊ ကျောက်နှင့် သံလက်နက်များ၊ ကျောက်ကွင်းများကို တူးဖော်တွေ့ရှိသည့် မြေအလွှာအလိုက် မူလအတိုင်းပြသထားသည်။

ကုန်းအမှတ်(၂၈)သည် တူးဖော်မှုပြုခဲ့စဉ် လူအရိုးစုများ၊ တိရစ္ဆာန်အရိုးများ၊ ယောက်သွားခွံများကို တွေ့ရှိခဲ့ရသဖြင့် ၎င်းကုန်းကို စနစ်တကျထိန်းသိမ်းလျက် မူလတွေ့ရှိသည့် အနေအထားအတိုင်းထားရှိပြီး ၂၀၁၁- ၂၀၁၂ ခုနှစ်တွင် မှတ်တမ်းများပြန်လည်ပြုစု၍ တူးဖော်ထားသည့်နေရာကိုမြေဖို့ကာ ကျောက်တိုင်အမှတ်အသားစိုက်ထူခဲ့သည်။

ရုပ်အလောင်းများကို စနစ်တကျမြှုပ်နှံခဲ့ခြင်း၊ ဦးခေါင်းကို မြောက်ဘက်သို့လှည့်ထားခြင်း၊ အလောင်းများနှင့်အတူ အသုံးအဆောင်များ၊ လက်ဝတ်တန်ဆာများ၊ လက်နက်များကို မြှုပ်နှံထားခြင်း စသည်ဖြင့်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၇၁၀၃၂ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၇၁၀၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဆီထွက်သီးနှံ ၇၅၈၁၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၂၁ ရက်ထိ ဆီထွက်သီးနှံ ၇၁၀၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီမှာ ဆီထွက်သီးနှံဧက ၇၅၀၀၀ ကျော် စိုက်ဖို့လျာထားပါတယ်။ နိုဝင်ဘာ ၂၁ ရက်ထိ ဧက ၇၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဒီနှစ်ဆီထွက်သီးနှံ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးသွားပါမယ်။ ကျွန်တော်တို့ဆီမှာ ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီ ဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နှမ်း ၄၀၂၃၆ ဧက၊ မြေပဲ ၁၀၄၈၂ ဧက၊ နေကြာ ၁၉၅၅၈ ဧက၊ ပန်းနှမ်း ၇၅၆ ဧက ဖြစ်ပြီး ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နှမ်း ၄၀၅၄၉ ဧက၊ မြေပဲဧက ၁၃၇၇၀၊ နေကြာ ၂၀၄၈၇ ဧက၊ ပန်းနှမ်း ၁၀၀၉ ဧက စုစုပေါင်း ၇၅၈၁၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



ယခုနှစ် မိုးရာသီကစိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

ဟန်လင်းဒေသ၏ ကြေးခေတ်နှင့်ပျူခေတ် အထောက်အထားများကို မြင်တွေ့ကြရသည်။ ရုပ်အလောင်းများမြှုပ်နှံခဲ့ရာတွင် အတိမ်အနက်မတူညီသဖြင့် သင်္ချိုင်းနေရာတစ်ခုတည်းတွင် လူသေများကို ခေတ်အဆက်ဆက်မြှုပ်နှံခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

၁၉၉၈ ခုနှစ် နိုဝင်ဘာလမှ ၁၉၉၉ ခုနှစ် ဇန်နဝါရီလထိ တူးဖော်ခဲ့သော ကုန်းအမှတ်(၂၂)တွင် ဘာသာရေးအဆောက်အအုံဟု ယူဆနိုင်ဖွယ်ရှိသည့် ၎င်းနေရာ၏ အုတ်ရိုးတန်းလေးဖက်အလယ်နေရာများတွင် စနစ်တကျစိုက်ထူထားသော အရွယ်မျိုးစုံ ကျောက်တုံးတိုင်များကိုတွေ့ရှိခဲ့သည်။ ဘာသာရေးအထိမ်းအမှတ်အဖြစ် ကျောက်တုံးတိုင်များစိုက်ထူသည့်ဓလေ့(Megalithic Culture)သည် ဟန်လင်းယဉ်ကျေးမှုတွင် ရှိခဲ့ကြောင်း အထောက်အထားတစ်ရပ်ဖြစ်လာခဲ့သည်။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များကို ဖြတ်သန်းပြီး ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ဟန်လင်းသည် မြို့ပြနိုင်ငံတစ်နိုင်ငံအဖြစ် အဆင့်မြင့်မားစွာ တည်ရှိခဲ့ကြောင်း တူးဖော်မှုများက သက်သေပြလျက်ရှိပြီး သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်တွက်ချက်မှုများအရ ဟန်လင်းသည် ပျူမြို့ပြသုံးခုအနက် အစောဆုံးဖြစ်သည်။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဟန်လင်းတွင် ဟန်လင်းကျောက်စာရုံ၊ ဦးနာဂပြတိုက်နှင့် ရှေးဟောင်းသုတေသနပြတိုက်ဟူ၍ ပြတိုက်သုံးခုရှိရာတွင် ဦးနာဂပြတိုက်မှလွဲ၍ ကျန်နှစ်ခုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တာဝန်ယူ ဖွင့်လှစ်ပြသထားသည်။ ဟန်လင်းသို့ရောက်ရှိလာကြသူများသည် ၎င်းပြတိုက်များသို့သွားရောက်၍ ဟန်လင်းဒေသ၏ သမိုင်းတစ်လျှောက်ဖြတ်သန်းခဲ့သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် ပျူခေတ်များမှ ယဉ်ကျေးမှုအထောက်အထားများကို လေ့လာနိုင်ကြပေသည်။

**ကိုးကား**

- **ဟန်လင်းမြို့ဟောင်းတူးဖော်မှုမှတ်တမ်း(ယဉ်ကျေးမှုဝန်ကြီးဌာန)**
- **INVENTORY OF EXCAVATED SITES IN HALIN**
- **ကိုယ်တွေ့ကွင်းဆင်းမှတ်တမ်းများ။**

## စာဆိုတော်နေ့

- စာဆိုတော် မဟာနေ့
  သာဓလေ့ ပြည်တစ်ခွင်၊
  ဂုဏ်ကြီးသူ ပူဇော်မှု
  ပြုကြသည်ပင်၊
  သြဝါဒပေး စာဆိုရှင်
  သဒ္ဒါပိုဝင် လူငယ်အပေါင်း၊
  အပြန်လှန် တွေးအားလှ
  လေးစားကြကြောင်း။

- အများလူ မြတ်နှလုံး
  ရွှင်ပြုံးတဲ့ ပွဲမဟာ၊
  မြတ်စာပေ ဟောပြောပွဲ
  ဆင်နွှဲပေတာ၊
  ဗဟုသုတ တိုးစေကာ
  အမျိုးဘာသာ အသိမြှင့်၊
  ပညာဉာဏ် တိုးပွားခြင်း
  ဆောင်ကြဉ်းသည်ရှင့်။

- များပြည်သူ စာပေကောင်းတို့
  ကိန်းအောင်းဖို့ ကြိုးကုတ်နေ၊
  စာကဗျာ တန်ဖိုးထားတဲ့
  ပြိုင်ပွဲများပေ၊
  ဆုရသူတို့ ချီးမြှင့်သလေ
  ကြီးမြင့်စေ ရည်မှန်းလျက်၊
  ကိုယ့်နိုင်ငံ ကိုယ့်အမျိုး
  ဖွံ့ဖြိုးရေးတွက်။ ။

**ငြိမ်းချမ်းအောင်(နောင်ကြီး)**

# ပေါင်းတည်မြို့နယ် မြောက်ကုန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်နေမှု စစ်ဆေး

**ပေါင်းတည် နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ မြောက်ကုန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မြောက်ကုန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ပေါင်းတည်မြို့နယ် မြောက်ကုန်းကြီးကျေးရွာ၌ အလျားပေ ၁၂၀၊ အနံပေ ၈၀၊ အနက် ခြောက်ပေ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၇ သန်းဖြင့် ပြည်သူလူထုကိုယ်တိုင် နိုဝင်ဘာ ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၁ ရက်ထိ လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။ **စင်မာ**

# နိုင်ငံတကာ သတင်းများ

## အထွေထွေရွေးကောက်ပွဲရလဒ် မပြတ်သားမှုကြောင့် ဝန်ကြီးချုပ်သစ်ကို မလေးရှားဘုရင် ရွေးချယ်မည်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၂**

အထွေထွေရွေးကောက်ပွဲ ရလဒ် မပြတ်သားခဲ့မှုကြောင့် မလေးရှား ဝန်ကြီးချုပ်သစ်ကို မလေးရှားဘုရင် မင်းမြတ် အယ်လ်ဆူလ်တန်အက်ဘ်ဒူလာက ရွေးချယ်ပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြိုင်ဘက်ဝန်ကြီးချုပ်ဟောင်းများအနေဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခွင့်ရရေးအတွက်လုံလောက်သည့် ထောက်ခံမဲ မရထားမှုကြောင့် ဝန်ကြီးချုပ်သစ်ကို မိမိရွေးချယ်ပေးမည်ဖြစ်ကြောင်း မလေးရှားဘုရင်မင်းမြတ်က ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

သို့သော် ဝန်ကြီးချုပ်သစ်အား မည်သည့်အချိန်တွင် ရွေးချယ်ပေးမည်ကို မလေးရှားဘုရင်က ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက် အထွေထွေရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များအရ အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်ဆော်လည်းကောင်း၊ ဝန်ကြီးချုပ်ဟောင်း မူယစ်ဒင်ယာဆင်ကသော်လည်းကောင်း အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် လုံလောက်သည့်ထောက်ခံမဲရာနှုန်းမရခဲ့ကြကြောင်း သိရသည်။

ဝန်ကြီးချုပ်သစ်ကို ကိုယ်တိုင်မရွေးချယ်ပေးမီ အစိုးရအဖွဲ့ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံရေးအုပ်စုများကြား ဆွေးနွေးညှိနှိုင်း၍ မဟာမိတ်ပြုနိုင်ရန်မလေးရှားဘုရင်က ယနေ့မွန်းလွဲ နှစ်နာရီထိ အချိန်ပေးထားသည်။

နိုဝင်ဘာ ၁၉ ရက် ရွေးကောက်ပွဲရလဒ်ကြောင့် မလေးရှားနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုမှာလည်း ပို၍အချိန်ကြာမြင့် သွားနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံ၌ စက်ရုံမီးလောင်မှုကြောင့် လူပေါင်း ၃၈ ဦး သေဆုံး

**ပေကျင်း နိုဝင်ဘာ ၂၂**

တရုတ်နိုင်ငံ အလယ်ပိုင်းဒေသရှိ စက်ရုံတစ်ရုံ၌ ယနေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာလူအများအပြား သေဆုံးခဲ့ရကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်အစိုးရ မီဒီယာများ၏ အဆိုအရ အဆိုပါစက်ရုံမီးလောင်ကျွမ်းမှုသည် ဟီနန်ပြည်နယ် အန်ယန်းမြို့ရှိ စက်ရုံတစ်ရုံ၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၃၈ ဦး သေဆုံးခဲ့ရသည်။

စက်ရုံ မီးလောင်ကျွမ်းမှုကို မီးသတ်သမားများက ခုနှစ်နာရီခန့် အချိန်ယူ၍ ငြိမ်းသတ်ခဲ့ရကြောင်း စီစီတီဗွီသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ကနဦးစုံစမ်းစစ်ဆေးမှုရလဒ်များအရ စက်ရုံမီးလောင်မှုသည်လျှပ်စစ်ဂဟေဆက်လုပ်ငန်း စည်းမျဉ်းချိုးဖောက်မှုများနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်နိုင်ငံ၌ လူအသေအပျောက်များသော စက်မှုလုပ်ငန်းမတော်တဆမှုများဆက်တိုက်ဖြစ်ပွားခဲ့ရာ ပြည်သူ့လုံခြုံရေးစည်းမျဉ်းများ အားနည်းသက်ရောက်မှုနှင့် ပတ်သက်၍ မေးခွန်းထုတ်ဖွယ်ဖြစ်ခဲ့ရသည်။

တီယန်ကျင်း ဆိပ်ကမ်းမြို့၌ ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဓာတုပစ္စည်းကုန်လှောင်ရုံပေါက်ကွဲမှုများကြောင့် လူပေါင်း အနည်းဆုံး ၁၇၃ ဦး သေဆုံးခဲ့ရဖူးကြောင်း သိရသည်။

KKO



## တရုတ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးများ ကမ္ဘောဒီးယားနိုင်ငံ၌ သီးခြားတွေ့ဆုံဆွေးနွေး



**ဖနွမ်းပင် နိုဝင်ဘာ ၂၂**

တရုတ် ကာကွယ်ရေးဝန်ကြီး ဝေဖန်ဟီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပနေသော အာဆီယံကာကွယ်ရေးဝန်ကြီးများဆွေးနွေးပွဲကာလအတွင်း ယနေ့တွင် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင်တရုတ်နှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးများသည် တရုတ်(ထိုင်ပေ)ပြဿနာနှင့် အခြားဒေသများတွင်ဖြစ်ပေါ်နေသည့်ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။

တရုတ်(ထိုင်ပေ)သည် တရုတ်နိုင်ငံ၏ အဓိကအကျိုးစီးပွားများထဲတွင်ပါဝင်ကြောင်း၊တရုတ်(ထိုင်ပေ) ပြဿနာသည် တရုတ်ပြည်သူတို့၏ ပြဿနာသာဖြစ်ရာ အခြားမည်သည့် ပြည်ပအင်အားစုကမျှ စွက်ဖက်ခွင့် မရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် တရုတ်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ပင်မအကျိုးစီးပွားများကို အလေးထားသင့်ပြီး တရုတ်နိုင်ငံနှင့်ပတ်သက်၍ မှန်ကန်သည့်မူဝါဒမျိုးကျင့်သုံးသင့်ကြောင်း တရုတ် ကာကွယ်ရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။

တရုတ်နိုင်ငံသည် ပြည်တွင်းစစ်ပြီးဆုံးချိန် ၁၉၄၉ ခုနှစ်မှစ၍ သီးခြားရပ်တည်ခဲ့သော တရုတ်(ထိုင်ပေ)ကို ပြည်မကြီး၏ ခွဲထုတ်မရနိုင်သော အစိတ်အပိုင်းအဖြစ် မှတ်ယူထားသည်။

တရုတ်(ထိုင်ပေ) ပြဿနာနှင့် ပတ်သက်၍ ပေါ်ပေါက်နေသည့် နှစ်နိုင်ငံကြားဆက်ဆံရေးတင်းမာမှုများ၏ အဓိကအကြောင်းရင်းမှာ အမေရိကန်နိုင်ငံ၏ မဟာဗျူဟာအတွက်အချက် မှားယွင်းမှုဖြစ်သည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။ KKO

## ကိုလံဘီယာနိုင်ငံ၌ လူနေရပ်ကွက်တစ်ခုပေါ် လေယာဉ်ပျက်ကျမှုကြောင့် လူ ရှစ်ဦး သေဆုံး

**ဘိုဂိုတာ နိုဝင်ဘာ ၂၂**

ကိုလံဘီယာနိုင်ငံ အလယ်ပိုင်း မက်ဒလင်းအမည်ရှိ မြို့တစ်မြို့၌ ယနေ့တွင် လူနေရပ်ကွက်ပေါ်သို့ လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

လူနေရပ်ကွက်ပေါ် လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူ ရှစ်ဦး သေဆုံးခဲ့ရပြီးမြေပြင်၌လူအသေအပျောက်နှင့် ဒဏ်ရာရသူမရှိကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် အိုလာယာဟာရီရာလေဆိပ်မှပျံတက်ခဲ့ပြီးနောက် မက်ဒလင်းမြို့လူနေရပ်ကွက်ပေါ်သို့ ပျက်ကျခဲ့ရခြင်းဖြစ်ပြီး လေဆိပ်မှ ပျံတက်ခဲ့ပြီးနောက် လေယာဉ်မှာအင်ဂျင်ချို့ယွင်းခဲ့ကာ လေထဲဆက်မပျံနိုင်တော့ဘဲပျက်ကျခဲ့ရခြင်းဖြစ်သည်။



လေယာဉ် ပျက်ကျမှုကြောင့် လူနေအိမ် ခုနစ်လုံး ပြိုကျပျက်စီးခဲ့ရပြီး အခြားခြောက်လုံးတွင်လည်း ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း ကိုလံဘီယာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လူနေရပ်ကွက်ပေါ် ပျက်ကျခဲ့သည့်လေယာဉ်သည်အင်ဂျင်နှစ်လုံးတပ် ပိုက်ပါပီအေ-၃၁ အမျိုးအစားလေယာဉ်ဖြစ်ပြီး ခရီးသည်ခြောက်ဦးနှင့် လေယာဉ်မှူးနှစ်ဦးတို့ လိုက်ပါခဲ့ကြကြောင်း သိရသည်။

KKO

## မဲပေးခွင့်ရှိသည့် အသက်အရွယ်လျှော့ချရေးဥပဒေကြမ်း နယူးဇီလန်လွှတ်တော် မဲခွဲဆုံးဖြတ်မည်

**ဝယ်လင်တန် နိုဝင်ဘာ ၂၂**

နိုင်ငံသားများ ဆန္ဒမဲပေးခွင့်ရှိသည့်အသက်အရွယ်ကို ၁၈နှစ်မှ ၁၆ နှစ်သို့ လျှော့ချပေးမည့် ဥပဒေကြမ်းတစ်ရပ်ကို နယူးဇီလန်လွှတ်တော်အမတ်များက မဲခွဲအတည်ပြုပေးလိမ့်မည်ဖြစ်ကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။

နိုင်ငံသားများ ဆန္ဒမဲပေးခွင့်ရှိသည့်အသက်အရွယ်ကို လျှော့ချထားသည့် ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်အမတ်များက လာမည့်လများအတွက် မဲခွဲအတည်ပြုပေးမည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းက ကြေညာထားသည်။

အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ရှိသူများအား ရွေးကောက်ပွဲများ၌ မဲပေးခွင့်မပေးသည့်အသက်အရွယ်ကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံရာရောက်ကြောင်း နယူးဇီလန် တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့ပြီး နာရီပိုင်းအကြာမှာပင် ဝန်ကြီးချုပ်ဂျာစင်ဒါအာဒန်း၏အဆိုပါကြေညာချက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

နယူးဇီလန်ဝန်ကြီးချုပ်အာဒန်းသည် နိုင်ငံသားများမဲပေးခွင့်ရှိသည့်အသက်အရွယ်အား ၁၈နှစ်မှ ၁၆ နှစ်သို့ လျှော့ချပေးရေးကို ပုဂ္ဂလိကသဘောအရ ထောက်ခံအားပေးသူဖြစ်သည်။

သို့သော် နိုင်ငံသားများမဲပေးခွင့်ရှိသည့် အသက်အရွယ်လျှော့ချရေး ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် လွှတ်တော်အမတ် ၇၅ ရာခိုင်နှုန်း၏ ထောက်ခံမှုရရှိရန် လိုအပ်သည်။

အခြားကမ္ဘာ့နိုင်ငံအတော်များများသည်လည်း နိုင်ငံသားများမဲပေးခွင့်ရှိသည့်အသက်အရွယ်ကိုလျှော့ချရေးအတွက် စဉ်းစားလျက်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဟာကူတို-အာရ် ဂျပန်လဆင်းယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးမည်




**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဟာကူတို-အာရ် အမည်ရှိ ဂျပန်လဆင်းယာဉ်တစ်စင်းကို နိုဝင်ဘာ ၂၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးမည် ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

ဟာကူတို-အာရ် လဆင်းယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

ဟာကူတို-အာရ်လဆင်းယာဉ်သည် ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီက တည်ဆောက်ထားသည့် လဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

ဟာကူတို-အာရ် လဆင်းယာဉ်ကို လွှတ်တင်ပေးပြီးနောက် အဆိုပါလဆင်းယာဉ်သည် ၂၀၂၃ ခုနှစ် ဧပြီလထက် နောက်မကျဘဲ လဆီသို့ရောက်ရှိမည်ဖြစ်ပြီး အက်တလပ်စ်အမည်ရှိ ဥက္ကာချိုင့်ဝှမ်း၌ ဆင်းသက်မည်ဖြစ်သည်။

အက်တလပ်စ် ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ပြီးနောက် ဟာကူတို-အာရ် လဆင်းယာဉ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံ၏ ရာရှစ်ဒ်အမည်ရှိ လမျက်နှာပြင်လေ့လာရေးယာဉ်တစ်စင်းကို စေလွှတ်ပေးမည်ဖြစ်ပြီး အဆိုပါလဆင်းယာဉ်ငယ်သည် ၎င်း၌တပ်ဆင်ထားသည့် ကင်မရာစနစ်များကိုသုံး၍ လမျက်နှာပြင်ကို ကမ္ဘာမြေရက်အားဖြင့် ၁၄ ရက်ကြာလေ့လာမည်ဖြစ်ကြောင်း သိရသည်။ KKO

## ဗြိတိန်သိပ္ပံပညာရှင်များက ဝင့်ချ်ကမ်းဥက္ကာခဲ၏ အစိတ်အပိုင်းတစ်ခုကိုလေ့လာရာတွင် ရေဓာတ်နှင့် ဇီဝဒြပ်ပေါင်းများပါဝင်နေသည်ကို တွေ့ရှိ

**လန်ဒန် နိုဝင်ဘာ ၂၂**

ဗြိတိန်နိုင်ငံ သဘာဝသမိုင်းပြတိုက်မှ သိပ္ပံပညာရှင်များသည် ဝင့်ချ်ကမ်းအမည်ရှိ ဥက္ကာခဲတစ်ခဲ၏ အစိတ်အပိုင်းတစ်ခုကို လေ့လာရာတွင် ရေဓာတ်နှင့် ဇီဝဒြပ်ပေါင်းများပါဝင်နေသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက နိုဝင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

ဝင့်ချ်ကမ်းဥက္ကာခဲကို လေ့လာခြင်းဖြင့် ကမ္ဘာ့သမုဒ္ဒရာများ၏ မူလအစကို လေ့လာဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဝင့်ချ်ကမ်းဥက္ကာခဲသည် ကြာသပတေးဂြိုဟ်အနီးရှိ ဂြိုဟ်သိမ်တစ်စင်းမှပဲ့ထွက်လာသော အစိတ်အပိုင်းတစ်ခုအဖြစ် ယုံကြည်ရပြီး နှစ်ပေါင်းသန်းနှင့်ချီ၍ နေအဖွဲ့အစည်းအတွင်း မျောလွင့်နေခဲ့ပြီးနောက် ကမ္ဘာမြေပေါ်သို့ကျရောက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



ကမ္ဘာမြေပေါ်ရှိ ရေဓာတ်သည် ဂြိုဟ်သိမ်များ၊ ဥက္ကာခဲများနှင့်အတူ ရောက်ရှိလာခြင်း ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

ဝင့်ချ်ကမ်းဥက္ကာခဲသည် ဗြိတိန်နိုင်ငံ ဝင့်ချ်ကမ်းမြို့အနီး လွန်ခဲ့သောနှစ်က ကျရောက်ခဲ့သော ဥက္ကာခဲဖြစ်ကြောင်း သိရသည်။

ကာဘိုနေးစီးယပ်စ် ဂြိုဟ်သိမ် (Carbonaceous Asteroids) များသည် ကမ္ဘာပေါ်၌ ဇီဝရုပ်အခြေခံပစ္စည်းများ ပေါ်ထွက်လာရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## ဂျွန်ဟော့ကင်းတက္ကသိုလ်မှ နက္ခတ္တရူပသိပ္ပံပညာရှင်များက စကြဝဠာနယ်မြေများကို မွှေနှောက်ရှာဖွေနိုင်မည့် မြေပုံသစ်တစ်ရပ်ဖန်တီး

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ နက္ခတ္တရူပသိပ္ပံပညာရှင်များသည် စကြဝဠာနယ်မြေများကို မွှေနှောက်ရှာဖွေနိုင်မည့် မြေပုံသစ်တစ်ရပ်ဖန်တီးထားကြောင်းThe Daily Mail သတင်းစာက နိုဝင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အဆိုပါ စကြဝဠာမြေပုံသစ်ကို စလိုအန်အမည်ရှိ ဒစ်ဂျစ်တယ်ရေဒီယိုတယ်လီစကုပ်ဖြင့် နှစ် ၂၀ ကြာ စုဆောင်းရယူထားသည့် အချက်အလက်များဖြင့် ဖန်တီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စကြဝဠာမြေပုံသစ်တွင် ယခင်က သိပ္ပံပညာရှင်များသာလျှင် ထိတွေ့လေ့လာနိုင်ခဲ့သော စကြဝဠာအစိတ်အပိုင်းများကို အများပြည်သူများလည်း လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြေပုံတွင် ကြယ်နှင့်ဂြိုဟ် ဘီလီယံပေါင်းများစွာပါဝင်သော ကြယ်စု ၂၀၀၀၀၀ တို့၏ တည်နေရာနှင့် အရောင်အသွေး အစစ်အမှန်တို့ကို ထည့်သွင်းပေးထားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် နယူးမက္ကဆီကိုပြည်နယ် အခြေစိုက် စလိုအန်ဒစ်ဂျစ်တယ်ရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ စကြဝဠာအတွင်း စူးစမ်းရေးလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မှ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံပညာရှင်များ၏ စကြဝဠာမြေပုံသစ်တွင် ကွာဆာ(Quasar)ခေါ် ကြယ်စုကြီးများဗဟိုချက်၏ မဟာအာကာသ တွင်းနက်ကြီးများကိုလည်း ထည့်သွင်းပေးထားကြောင်း သိရသည်။

KKO

# HEALTH

## ပုံစံ-၁ ဆီးချိုရောဂါအရှိန်ကို ထိန်းပေးထားနိုင်မည့် ဆေးသစ်တစ်မျိုးကို FDA အသုံးပြုခွင့်ပေး

**နယူးယောက် နိုဝင်ဘာ ၂၂**

အမေရိကန်အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) သည် ပုံစံ-၁ ဆီးချိုရောဂါတိုးလာမှုအရှိန်ကို ထိန်းထားပေးနိုင်မည့် ဆေးသစ်တစ်မျိုးကို လူနာများအတွက် အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

Teplizumab (Tzield) ဆေးသည် ပုံစံ-၁ ဆီးချိုရောဂါ လက္ခဏာများအစား ရောဂါ၏ အကြောင်း ဇာစ်မြစ်ဖြစ်သည့် ခုခံအားစနစ်ဖောက်ပြန်မှု ပြဿနာများကို ဖြေရှင်းပေးသည့် ခုခံအားစနစ်ကုထုံးဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးသည် ပုံစံ-၁ ဆီးချိုရောဂါ တိုးလာမှုအရှိန်ကို သုံးနှစ်ထိ ထိန်းပေးထားနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Teplizumab ဆေးကို အသက်ရှစ်နှစ်နှင့်အထက် ပုံစံ-၁ ဆီးချိုရောဂါလူနာများအတွက် အသုံးပြုခွင့်ပေးထားကြောင်း သိရသည်။

အဆိုပါဆေးကြောင့် ပုံစံ-၁ ဆီးချိုရောဂါ လူနာများအနေဖြင့် အချိန်ကာလအားဖြင့် နှစ်နှင့်ချီ၍ ရောဂါဒဏ်ပိမှုမှ ကင်းလွတ်ခွင့်ရနိုင်ကြောင်း FDA တာဝန်ရှိသူများက ပြောကြားသည်။

ပုံစံ-၁ ဆီးချိုရောဂါသည် ပုံစံ-၂ ဆီးချိုရောဂါကဲ့သို့ ကိုယ်တွင်းအဆီစုစည်းမှု လွန်ကဲခြင်းကြောင့် ဖြစ်ပွားသည့်ရောဂါမဟုတ်ဘဲ မျိုးဗီဇဖောက်ပြန်မှုကြောင့် ဖြစ်ပွားရသည့် ရောဂါအဖြစ် သုတေသနပညာရှင်များက ယူဆထားသည်။

KKO

## ရင်သားကင်ဆာရောဂါ ပြန်လည်သက်သာလာသူလူနာများ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် သေဆုံးနိုင်ခြေလျော့ချနိုင်

**နယူးယောက် နိုဝင်ဘာ ၂၂**

ရက်သတ္တတစ်ပတ်လျှင်အချိန်အနည်းငယ်ပေး၍ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခဲ့လျှင်ပင် ရင်သားကင်ဆာရောဂါ ပြန်လည်သက်သာကောင်းမွန်လာသူများ ရင်သားကင်ဆာရောဂါကြောင့် သေဆုံးနိုင်ခြေကို ၆၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပြီးခဲ့သည့် နှစ်နှစ်အတွင်း ရောဂါစစ်ဆေးတွေ့ရှိပြီးနောက် ရောဂါသက်သာလာသည့် ရင်သားကင်ဆာလူနာ ၃၁၅ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှထွက်ပေါ်လာသည့် ရလဒ်များအရ ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးအချိန် ၁၅ မိနစ်ပေး၍ လေ့ကျင့်ပြုလုပ်သူလူနာများတွင် ရင်သားကင်ဆာကြောင့် သေဆုံးနိုင်ခြေမှာ လေ့ကျင့်ခန်းမလုပ်သူ၊ ထိထိရောက်ရောက်မလုပ်သူများထက် ၆၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

သို့ဖြစ်ရာ ရင်သားကင်ဆာရောဂါမှ ပြန်လည်သက်သာလာသူလူနာများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးရေးအတွက် ပုံမှန်ကုထုံးများ၌ လေ့ကျင့်ခန်းပြုလုပ်မှုကိုပါ ထည့်သွင်းပေးထားသင့်ကြောင်း အမေရိကန် သုတေသနပညာရှင်များက အကြံပြုထားသည်။

ရင်သားကင်ဆာရောဂါသည် ကမ္ဘာပေါ်၌ အဖြစ်အများဆုံး ကင်ဆာရောဂါများထဲတွင် ပါဝင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ အမျိုးသမီး ၂ ဒသမ ၃ သန်း ရင်သားကင်ဆာရောဂါခံစားခဲ့ရပြီး ၆၈၅၀၀၀ ဆုံးပါးခဲ့ရကြောင်း သိရသည်။ KKO



နိုင်ငံတကာ
အားကစားသတင်းများ

# ပူလီဆစ်ကိုခေါ်ယူရန် အင်တာမီလန်နှင့် ဂျူပင်တပ်အသင်း အပြိုင်ကြိုးပမ်း

**လန်ဒန် နိုဝင်ဘာ ၂၂**

ချဲလ်ဆီးအသင်းတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ပူလီဆစ်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် စီးရီးအေကလပ် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေသည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ပူလီဆစ်သည် အမေရိကန်လက်ရွေးစင်အသင်းတွင် အမြဲတမ်းပါဝင်ခွင့်ရရှိရေးအတွက် ပုံမှန်ပွဲကစားခွင့်လိုအပ်နေသဖြင့် ချဲလ်ဆီးအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန် ကမ်းလှမ်းမှုပြုလုပ်နေကြောင်း သိရသည်။

ချဲလ်ဆီးအသင်း ကစားသမား ပူလီဆစ်သည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် လူစားဝင်ကစားသမားအဖြစ် ကစားနေရသော်လည်း သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ၎င်းသည် ကွင်းလယ်တိုက်စစ်ပိုင်းတွင်သာမက ဘယ်တောင်ပံတိုက်စစ်နှင့် အထောင်တိုက်စစ်တို့တွင်လည်း ကစားနိုင်သည့် ကစားသမားဖြစ်သောကြောင့် တိုက်စစ်ပိုင်းလိုအပ်ချက်ရှိနေသည့် အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က စိတ်ဝင်စားနေခြင်းဖြစ်သည်။

အသက် ၂၀ နှစ်ရှိ ပူလီဆစ်သည် ၂၀၁၉ ခုနှစ်က ဒေါ့မွန်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင်ပြိုင်ပွဲစုံ ၁၃၃ ပွဲကစားခဲ့ရာ သွင်းဂိုး ၂၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၀ ကြိမ်သာ ပြုလုပ်နိုင်ခဲ့သဖြင့် ချဲလ်ဆီးအသင်းခေါ်ယူခဲ့သည့် တိုက်စစ်ကစားသမားများထဲတွင် အဆိုးရွားဆုံးခေါ်ယူမှုဖြစ်ခဲ့၍ အသင်းအနေဖြင့် ရောင်းချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ML

# မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် ပါဘလိုက ဖာနန်ဒိုကို အနိုင်ရရှိ

**ဗျူနိုစ်အေရိစ် နိုဝင်ဘာ ၂၂**

WBA Fedelatin Super မစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိ ချန်ပီယံ အာဂျင်တီးနား လက်ဝှေ့သမား ပါဘလိုနှင့် စိန်ခေါ်သူ ဗင်နီဇွဲလား လက်ဝှေ့သမားဖာနန်ဒိုတို့ အာဂျင်တီးနားနိုင်ငံတွင် နိုဝင်ဘာ ၂၀ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အလဲထိုးရလဒ်ဖြင့် ပါဘလိုက လက်ရှိချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့ကြောင်း Saddo Boxing သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိချန်ပီယံ ပါဘလိုသည် အကောင်းဆုံးပုံစံဖြင့် တတိယမြောက်အချီတွင် ပြိုင်ဘက်လက်ဝှေ့သမားဖာနန်ဒိုအား အလဲထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံဘွဲ့အား သုံးကြိမ်မြောက် အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပါဘလိုက "လက်ရှိချန်ပီယံဆုကိုသုံးကြိမ်မြောက် ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အာဂျင်တီးနား ပရိသတ်တွေရှေ့မှာ ချန်ပီယံခါးပတ်ကိုကိုင်မြှောက်ခွင့်ရခဲ့တာဟာ ကျွန်တော့်အတွက်တော့ အရမ်းကိုဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှုပါ။ ဒီပွဲစဉ်အတွက် ကျွန်တော်အများကြီး ပြင်ဆင်ခဲ့တယ်။ ကျွန်တော့်ခါးပတ်ကို ကာလရှည်ထိန်းသိမ်းနိုင်ဖို့အတွက် အချိန်ပေးပြီး လေ့ကျင့်ခဲ့တယ်။ ပြိုင်ဘက်ကစားသမားရဲ့ ထိုးပေါက်တွေကိုလဲ အချိန်ပေးပြီး လေ့လာခဲ့တယ်။ အာဂျင်တီးနားမြေပေါ်မှာ နောက်ထပ်အောင်မြင်မှုတွေ ဆက်လက်ဆွတ်ခူးနိုင်အောင်လဲ ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့သည်။

ပါဘလိုအနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် အလဲထိုးရလဒ်ဖြင့် ပထမဦးဆုံးအကြိမ် အနိုင်ရခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

AZL

| ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် ရလဒ် | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၁ | - | ၂ | ဆော်ဒီအာရေဗျ |
| ဒိန်းမတ် | ၀ | - | ၀ | တူနီးရှား |
| မက္ကဆီကို | ၀ | - | ၀ | ပိုလန် |

(၀၄၀)

| ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် ပွဲကြိုခန့်မှန်းရလဒ် | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | ၁ | - | ၀ | ကင်မရွန်း |
| ပေါ်တူဂီ | ၂ | - | ၁ | ဂါနာ |
| ဘရာဇီး | ၂ | - | ၀ | ဆားဘီးယား |

ML

# Rolex Player of the Year Award ဆုကို လိုင်ဒီယာကို ဆွတ်ခူး




**ဝယ်လင်တန် နိုဝင်ဘာ ၂၂**

နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုသည် LPGA Tour က ချီးမြှင့်သည့် ၂၀၂၂ ခုနှစ်အတွက် Rolex Player of the Year Award ဆုကို ဆွတ်ခူးခဲ့ကြောင်း LPGA Tour က ထုတ်ပြန်ကြေညာခဲ့သည်ဟုRTEသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိုင်ဒီယာကိုသည် ပြီးခဲ့သည့်ရက်ပိုင်းက အမေရိကန်နိုင်ငံ ဖလော်ရီဒါ၌ ကျင်းပခဲ့သည့် CME Group Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့် (၂) နေရာသို့ တက်ရောက်နိုင်ခဲ့သလို တစ်နှစ်တာ အကောင်းဆုံးဂေါက်သီးရိုက်မယ်ဆုဖြစ်သည့် Rolex Player of the Year Award ကိုလည်း ဆွတ်ခူးခဲ့သည်။

လိုင်ဒီယာကိုက "Rolex Player of the Year Award ဆုကို ဆွတ်ခူးခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ၂၀၁၅ ခုနှစ်တုန်းကရခဲ့တဲ့အခြေအနေနဲ့ အခုရခဲ့တဲ့ အခြေအနေက ကွာခြားမှုတွေရှိပါတယ်။ ဒီနှစ်မှာရခဲ့တဲ့ အခြေအနေက ကျွန်မအတွက် ပိုပြီးတော့စိတ်လှုပ်ရှားစရာကောင်းတယ်။ ခက်ခဲတဲ့အခြေအနေအောက်ကနေရုန်းထွက်လာပြီးတော့ အခုလိုအောင်မြင်မှုတွေပြန်ရခဲ့တာ ဖြစ်တဲ့အတွက် ပိုပြီးတော့ ဝမ်းသာမိပါတယ်။ ဒီနှစ်ကတော့ ကျွန်မဘဝအတွက် ရင်ခုန်စိတ်လှုပ်ရှားစရာ ပြည့်နေတဲ့ နှစ်တစ်နှစ်ဖြစ်သလို အမြဲတမ်းလဲ အမှတ်ရနေမယ့် နှစ်တစ်နှစ်အဖြစ် ရှိနေမှာပါ" ဟု ပြောကြားခဲ့သည်။

လိုင်ဒီယာကိုသည် ၂၀၁၅ခုနှစ်ကလည်း Rolex Player of the Year Award ဆုကို ဆွတ်ခူးခဲ့သူဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒုတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

AZL

# နှစ်ပေါင်း ၆၄ နှစ်အတွင်း ဝေးလ်အသင်းအတွက် ပထမဆုံး ကမ္ဘာ့ဖလားသွင်းဂိုးကို ဂါရတ်ဘေး သွင်းယူနိုင်ခဲ့

**လန်ဒန် နိုဝင်ဘာ ၂၂**

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် ဝေးလ်အသင်းနှင့်အမေရိကန်အသင်းတို့ ပွဲစဉ်တွင် ဂါရတ်ဘေးက ပင်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အဆိုပါသွင်းဂိုးမှာ ဝေးလ်အသင်း သမိုင်းတစ်လျှောက် နှစ်ပေါင်း ၆၄ နှစ်အတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံး သွင်းဂိုးဖြစ်လာခဲ့သည်ဟု The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဝေးလ်အသင်းနှင့် အမေရိကန်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အမေရိကန်အသင်းအတွက် သွင်းဂိုးကို တီမိုသီဝက်စ်က သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂါရတ်ဘေးက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဝေးလ်အသင်းသည် ပြီးခဲ့သည့် ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအဖြစ် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သော်လည်း အဆိုပါပြိုင်ပွဲပြီးနောက်ပိုင်းနှစ်များတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခြင်းမရှိခဲ့ဘဲ ယခု ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှသာ ခြေစစ်ပွဲအောင်မြင်ခဲ့ကာ ဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဝေးလ်အသင်းသည် ပြီးခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အံ့အားသင့်ဖွယ် ဆီမီးဖိုင်နယ်အဆင့်ထိတက်ရောက်နိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်မှပင်ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဂါရတ်ဘေးသည်လည်း နှစ်ပေါင်း ၆၄ နှစ်အတွင်း အသင်းသမိုင်းတစ်လျှောက် ပထမဆုံး ကမ္ဘာ့ဖလားသွင်းဂိုးရှင်ဖြစ်လာခဲ့ပြီး အသင်းအနေဖြင့်လည်း သရေရလဒ်ကြောင့် အုပ်စုအဆင့်မှတက်ရောက်ခွင့်ရရှိရန် အခွင့်အရေးများ ပိုင်ဆိုင်လျက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

STA



# ကမ္ဘာ့ဖလားအဖွင့်ပွဲတွင် ဆော်ဒီအာရေဗျကို အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့သည့် အာဂျင်တီးနားအသင်း ၃၆ ပွဲဆက် ရှုံးပွဲမရှိ စံချိန်ရပ်တန့်

**ဗျူနိုစ်အေရိစ် နိုဝင်ဘာ ၂၂**

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ကစားခဲ့သည့် တောင်အမေရိကထိပ်သီး အာဂျင်တီးနားအသင်းနှင့် ဆော်ဒီအသင်းတို့ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့ပြီး ၃၆ ပွဲ ဆက်ရှုံးပွဲမရှိ စံချိန်ရပ်တန့်ခဲ့ရကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဂျင်တီးနားအသင်းက မက်ဆီ၊ ဒီမာရီယာ၊ မာတီနက်ဇ်၊ ပါရီဒက်အစရှိသည့်အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ဆော်ဒီအသင်းကို ပွဲစကတည်းက ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၁၀ မိနစ်တွင် မက်ဆီက ပင်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဦးဆောင်ဂိုးရရှိခဲ့ပြီး နောက်ပိုင်းတွင်လည်း အာဂျင်တီးနားအသင်းက ဆက်လက်ဖိအားပေးပြီး သုံးဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း လူကျွံဘော သတ်မှတ်ခဲ့မှုကြောင့် နစ်နာခဲ့ရခြင်းဖြစ်သည်။

ဆော်ဒီအသင်းကလည်း ဒုတိယပိုင်းတွင် အာဂျင်တီးနားအသင်းတိုက်စစ်ဆင်မှုများကို အကောင်းဆုံးတုံ့ပြန်ကစားပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ဖိအားပေးမှုများပြုလုပ်ခဲ့ကာ ပွဲချိန် ၄၉ မိနစ်တွင် အယ်ချီဟာရီနှင့် ပွဲချိန် ၅၃ မိနစ်တွင် အယ်ဒေါဆာရီတို့က ငါးမိနစ်အတွင်း ချေပဂိုးနှင့် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ကျန် ပွဲချိန်များတွင် အာဂျင်တီးနားအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများ သွင်းယူနိုင်ရန် လူစားလဲမှုများဖြင့် ဖိအားပေးခဲ့သော်လည်း ဆော်ဒီအသင်း ခံစစ်ကစားသမားများ အမှားအယွင်းမရှိ ကစားနိုင်ခဲ့သကဲ့သို့ ဆော်ဒီအသင်း ဂိုးသမား၏ လက်စွမ်းပြကာကွယ်မှုများကြောင့် အာဂျင်တီးနားအသင်းအနေဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းသည် နိုင်ငံတကာပြိုင်ပွဲစုံ ၃၆ ပွဲဆက် ရှုံးပွဲမရှိ စံချိန်တင်ထားခဲ့ခြင်းဖြစ်ပြီး အီတလီအသင်း၏ ရှုံးပွဲမရှိစံချိန်ကို လိုက်မီနိုင်ရန် နီးစပ်ခဲ့သော်လည်း ဆော်ဒီအသင်းကို ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

STA

# နည်းပြဒက်ချမ့်၏နေရာတွင် ဇီဒန်းနှင့် အစားထိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ပြောကြား

**ပဲရစ် နိုဝင်ဘာ ၂၂**

၂၀၂၂ ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည့် နည်းပြဒက်ချမ့်၏နေရာတွင် အစားထိုးရန်အတွက် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း ဇီဒန်းနှင့် သဘောတူညီမှုရရှိခဲ့သည်ဟု ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့ကြောင်း Mundo Deportivo သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။





ပြင်သစ် ဘောလုံးအဖွဲ့ချုပ်သည် နည်းပြဒက်ချမ့်နှင့် ၂၀၁၂ ခုနှစ်ကတည်းက စတင်လက်တွဲခဲ့ပြီး ၎င်းအနေဖြင့် ပြင်သစ်အသင်းအား ၂၀၁၈ ကမ္ဘာ့ဖလားချန်ပီယံဆုနှင့် ၂၀၂၀-၂၀၂၁ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ချန်ပီယံဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုခြင်းမရှိဘဲ လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးလျှင် နှစ်ဖက်သဘောတူ လမ်းခွဲမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဖွဲ့ချုပ်က နည်းပြဒက်ချမ့်၏နေရာတွင် အစားထိုးနိုင်ရန် ပြင်သစ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူနိုင်ခဲ့သည့် ကွင်းလယ် ကစားသမားဟောင်း ဇီဒန်းကို နည်းပြသစ်အဖြစ်ခန့်အပ်ရန်ဆွေးနွေးခဲ့ရာ ယခုအခါသဘောတူညီမှုရရှိခဲ့သဖြင့် လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ ပြင်သစ်အသင်းကို စတင်တာဝန်ယူမည်ဖြစ်သည်။

နည်းပြဇီဒန်းသည်၂၀၂၁ ခုနှစ် မေလက ရီးရဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေပြီး ၎င်းကို ပီအက်စ်ဂျီအသင်းက နည်းပြအဖြစ်ခန့်အပ်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း ဇီဒန်းအနေဖြင့် နိုင်ငံလက်ရွေးစင်အသင်းကို ကိုင်တွယ်ရန် ပစ်မှတ်ထားနေသောကြောင့် ပီအက်စ်ဂျီအသင်း၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးနောက် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ကြောင်း သိရသည်။

ML

# ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ၁၀ ဦးမြောက် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် ဘယ်လင်ဟမ် မှတ်တမ်းဝင်



**လန်ဒန် နိုဝင်ဘာ ၂၂**

ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အင်္ဂလန်အသင်းက အီရန်အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် ဘယ်လင်ဟမ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ၁၀ ဦးမြောက် အသက်အငယ်ဆုံး သွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘယ်လင်ဟမ်က အင်္ဂလန်အသင်းကွင်းလယ်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် အသက် ၁၉ နှစ်နှင့် လေးလသာရှိသဖြင့် စံချိန်မှတ်တမ်းကောင်း တစ်ရပ်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားမှာ ဘရာဇီးဂန္ထဝင် ကစားသမားကြီး ပီလီက ၁၇ နှစ်နှင့် ခုနစ်လဖြင့် လက်ရှိအချိန်ထိ စံချိန်တင်ထားခဲ့ခြင်းဖြစ်သည်။

အလားတူ ဘယ်လင်ဟမ်သည် အင်္ဂလန်အသင်းသမိုင်းတစ်လျှောက်တွင်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသက် ၁၈ နှစ်နှင့်ခြောက်လဖြင့် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်ခဲ့သည့်ကစားသမားအဖြစ် ရပ်တည်နေသည့် မိုက်ကယ်အိုဝင်၏နောက်တွင်လည်း ဒုတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် ၂၀၂၀ ပြည့်နှစ်ကစတင်ပြီး အင်္ဂလန်အသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး လက်ရှိအချိန်ထိနိုင်ငံတကာပြိုင်ပွဲစုံ ၁၈ ပွဲ ပါဝင်ကစားထားပြီး အီရန်အသင်းနှင့်ပွဲစဉ်တွင် အသင်းနှင့် ပထမဆုံး နိုင်ငံတကာသွင်းဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပွဲစဉ်တွင် အင်္ဂလန်အသင်းက အီရန်အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် အဓိကပြိုင်ပွဲကြီးများဖြစ်သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ယူရိုပြိုင်ပွဲအဖွင့်ပွဲစဉ်များတွင် ဂိုးအပြတ်ဆုံး နိုင်ပွဲကိုရရှိခဲ့ကြောင်း သိရသည်။ STA

# အမေရိကန်ဘောလုံးသမိုင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပွဲထွက်ခွင့်ရရှိသည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မူဆက် မှတ်တမ်းဝင်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်အသင်းနှင့် ဝေးလ်အသင်းတို့ ကစားခဲ့သည့် ကမ္ဘာ့ဖလားအုပ်စု (B) အဖွင့်ပွဲစဉ်တွင် ပွဲထွက်ခွင့်ရရှိခဲ့သည့် အသက် ၁၉ နှစ်ရှိ လူငယ်ကစားသမား မူဆက်သည် အမေရိကန်ဘောလုံးသမိုင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အသက်အငယ်ဆုံးပွဲကစားခွင့် ရရှိခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ် ၃၅၈ ရက်သာရှိသေးသည့် ကွင်းလယ်ကစားသမား မူဆက်သည် နိုင်ငံလက်ရွေးစင်အသင်းအတွက် ပထမဆုံးပွဲထွက်ခွင့်ကို ၂၀၂၀ ပြည့်နှစ်က ဝေးလ်အသင်းနှင့်ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ရရှိခဲ့သူဖြစ်ပြီး ယခုအခါ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွေးချယ်ခံခဲ့ရကာ ဝေးလ်အသင်းနှင့် အဖွင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သောကြောင့် အမေရိကန်ဘောလုံးသမိုင်း၌ ကမ္ဘာ့ဖလားတွင်ပါဝင်ခွင့်ရခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လူငယ်ကစားသမား မူဆက်သည် ဝေးလ်အသင်းနှင့် ပွဲစဉ်တွင် ခြေစွမ်းပြ ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၇၄ မိနစ်တွင် ဒဏ်ရာပြဿနာကြောင့် လူစားလဲထွက်ခွာခဲ့ရပြီး ၎င်းနှင့်အတူ ပွဲထွက်လာခဲ့သည့် အသင်းခေါင်းဆောင် ကွင်းလယ်ကစားသမား တိုင်လာအဒမ်သည်လည်း အသက် ၂၃ နှစ် ၂၇၉ ရက်သာရှိသဖြင့် အမေရိကန်ဘောလုံးသမိုင်းတွင် အသက်အငယ်ဆုံး အသင်းခေါင်းဆောင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ML

# အုပ်စု(H)အဖွင့်ပွဲစဉ်မှာ တောင်ကိုရီးယားကိုရွေးချယ်ရမှာပါ

**ဥရုဂွေး Vs တောင်ကိုရီးယား**

**ကစားမည့်ရက်/အချိန် ၂၄-၁၁-၂၀၂၂ (ည ၇း၃၀နာရီ)**

ကမ္ဘာ့ဖလားအုပ်စု (H) မှာတော့ ပေါ်တူဂီ၊ ဂါနာ၊ ဥရုဂွေးနဲ့ တောင်ကိုရီးယားအသင်းတို့ တွေ့ဆုံနေပြီး အခုအဖွင့်ပွဲစဉ်မှာတော့ ဥရုဂွေးနဲ့ တောင်ကိုရီးယားတို့ ကစားရမှာဖြစ်ပါတယ်။ သူတို့ နှစ်သင်းဟာ ကမ္ဘာ့ဖလားမှာ အတွေ့အကြုံကိုယ်စီရှိကြသလို ပြီးခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလားမှာလဲ ၁၆ သင်းရှုံးထွက်မှာ တွေ့ဆုံခဲ့ပြီး တောင်ကိုရီးယားက ပင်နယ်တီအဆုံးအဖြတ်နဲ့ရှုံးခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ဥရုဂွေးအသင်းဟာ ဝါရင့်ကစားသမား ဆွာရက်ဇ်၊ ကာဗာနီတို့ ဦးဆောင်နေသလို လူငယ်ကစားသမား ဒါဝင်နူနက်တို့လဲ ပါဝင်လာတာကြောင့် တိုက်စစ်ပိုင်းကောင်းနေတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ အချို့ပွဲစဉ်တွေမှာ ရှန်းကန်နေရတာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြ ဒီယေဂိုအလွန်ဆိုကတော့ ၄-၄-၂ ကစားကွက်မှာ ဆွာရက်ဇ်နဲ့ ဒါဝင်နူနက်တို့ကို တွဲဖက်အသုံးပြုနေတာကို တွေ့ရမှာပါ။ ဒါကြောင့် ပုံမှန်ဂိုးသွင်းခြေစွမ်းမရှိတဲ့ ဒါဝင်နူနက်ကြောင့် ဆွာရက်ဇ်ခြေစွမ်းပြနိုင်မှသာ ဂိုးရဖို့မျှော်လင့်ရမှာပါ။

နည်းပြ ဘန်တိုရဲ့ တောင်ကိုရီးယားအသင်းကတော့ အာရှဇုန်မှာ နှစ်စဉ်ခြေစစ်ပွဲအောင်မြင်နေတာကြောင့် ကမ္ဘာ့ဖလားမှာ အတွေ့အကြုံကောင်းတွေရှိနေတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းနည်းပြကလဲ ၂၀၁၈ ခုနှစ်ကတည်းကအသင်းကို ကိုင်တွယ်ခဲ့တာဖြစ်တာကြောင့် ကစားသမားနဲ့ နည်းပြကြားနားလည်မှုအပြည့်ရှိနေလို့ အသင်းလိုက်ကစားအားကောင်းနေတာကို တွေ့ရမှာပါ။ တောင်ကိုရီးယားအသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ခြေစွမ်းကစားသမားအများအပြား ပေါ်ထွက်လာခဲ့တာကြောင့် ပြိုင်ဘက်မရွေး ယှဉ်ပြိုင်နိုင်စွမ်းရှိလာတာဖြစ်ပါတယ်။ လက်ရှိမှာလဲ တိုက်စစ်မှူး ဆွန်ဟောင်မင်၊ ဟွမ်ဟီချန်၊ ကွင်းလယ်က ဂူယောင်း၊ ခံစစ်က မင်ဂျေကင်တို့ဟာဆိုရင် ဥရောပကလပ်တွေမှာ ခြေစွမ်းပိုင်းထက်မြက်တဲ့ကစားသမားတွေဖြစ်တာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ သူတို့အသင်းအနေနဲ့ ၂၀၀၂ အိမ်ရှင်ဖြစ်ခဲ့တဲ့ နှစ်မှာပဲ စတုတ္ထရရှိခဲ့ပေမဲ့ နောက်ပိုင်းနှစ်တွေမှာတော့ အုပ်စုကလှည့်ပြန်ရတာများပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲမှာ အဲဒီကအမှားတွေကို ပြန်လည်ပြင်ဆင်ဖို့ ကြိုးစားရင်း ဥရုဂွေးနဲ့ပွဲစဉ်ကို ခံစစ်အသားပေးပြီး ချဉ်းကပ်လာမယ်လို့ထင်ပါတယ်။ သူတို့အုပ်စုဟာ ပေါ်တူဂီကလွဲရင် ကျန်အသင်းတွေက ခြေစွမ်းသိပ်မကွာတာကြောင့် တောင်ကိုရီးယားဟာ အခုပွဲစဉ်ကို တိုက်စစ်ဖွင့်မကစားဘဲ သရေတစ်မှတ်သာယူသွားမလားဆိုတာ စောင့်ကြည့်ရမှာပါ။ အခုပြိုင်ပွဲမှာ ဥရုဂွေးက အစဉ်အလာပိုကောင်းပေမဲ့ ခြေစွမ်းပိုင်းထက်မြက်လာတဲ့ တောင်ကိုရီးယားကြောင့် သရေရလဒ်သာ ဖြစ်သွားမှာပါ။

ML

**အင်တာနက်ခန့်မှန်း - ဥရုဂွေး ၁ - ၁ တောင်ကိုရီးယား**



## အားကစားသတင်း အတိုအထွာများ

- တိုက်စစ်မှူး စီရော်နယ်ဒိုကို ခေါ်ယူမည်ဆိုသည့်သတင်းများမှာ မှန်ကန်မှုမရှိကြောင်း ရီးရဲလ်မက်ဒရစ် ထုတ်ပြန်ခဲ့သည်။
- အီရန်ပွဲစဉ်တွင် မက်ဂွဲယားအား လူစားလဲခဲ့ခြင်းမှာ ဒဏ်ရာကြောင့်မဟုတ်ဘဲ အဖျားဝေဒနာ ခံစားနေရခြင်းကြောင့် လူစားလဲခဲ့သည်ဟု နည်းပြဆောက်ဂိတ်က ပြောကြားခဲ့သည်။
- ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ဆော်ဒီအာရေဗျက အာဂျင်တီးနားအသင်းအား အနိုင်ရခဲ့မှုကြောင့် နိုဝင်ဘာ ၂၃ ရက်ကို အများပြည်သူရုံးပိတ်ရက်အဖြစ် ဆော်ဒီဘုရင်က ကြေညာခဲ့သည်။

ML

**ခိုင်(မိတ္ထီလာ)**

# ရွှေမြို့က ပန်းခွာညို စာဆိုနှင့်ပေး

နတ်တော်လသည် ဆောင်းလဖြစ်၏။ "ဆောင်းလရာသီတွင်ပါဝင်သော နတ်တော်လ၏ ရာသီပန်းကို သဇင်ပန်းဟု သတ်မှတ်ကြသည်။ ရိုးတံရှည်တွင် အပွင့်ဖြူဖြူ သေးသေးကလေးများ အစီအရီသွယ်တန်းကာ ပွင့်နေသည့် ပုံသဏ္ဌာန်မှာ နွဲ့နွဲ့နှောင်းနှောင်း ရှိလှသည်" ဟူသော စတုတ္ထတန်း မြန်မာဖတ်စာ ပန်းမျိုးစုံညီ ဆယ့်နှစ်လရာသီ ခေါင်းစဉ်ပါ သဇင်ပန်းကား နတ်တော်လ၏ ရာသီပန်းဖြစ်သည်။ တစ်နည်းဆိုရသော် ရာမရကန်ဦးတိုး ကင်ပွန်းတပ်သော 'ဘုန်းနှင့်ကံနှင့်ရွှေသဇင်'တည်း။

နတ်တော်လကို "စိုးနှင်းမြူနည်၊ ပတ်ပတ်လည်၍၊ နေခြည်မထွန်း၊ ဝေဝေဝန်းသော်၊ တိမ်ပန်းခက်ဖြာ၊ မပွင့်သာတည်"ဟု ရတုစာဆိုကျော် နဝဒေးကြီးဖွဲ့ဆိုသည့်အတိုင်း နတ်တော်လသည် မြူနှင်းများ ကောင်းကင်ပတ်ပတ်လည်တွင် စိုးမိုးနေသောကြောင့် နေခြည်မျှ မထွန်းနိုင်ဘဲ မြူနှင်းတဝေဝေ ဝိုင်းဝန်းသောအခါ တိမ်ပန်းများလည်း အခက်ခက်ဖြာသန်းကာ နေခြည်မျှ မတွေ့ရှိရသော ကာလပါပေ။ မင်းဇေယျရန္တမိတ်ကလည်း "နတ်လသဘင်၊ ဖျင်လည်းရုံထပ်၊ ဘွဲ့တပ်မည်ပေး၊ ဆုန်းရေးတိုက်ဘက်၊ စွယ်ရှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရွှ၊ နန်းရတုကို"စသည် စပ်ဆိုသည်။ နတ်တော်လတွင် အကျီဖျင်လည်းထပ်၍ ဝတ်ဆင်ခြုံရုံရသည်။ ဘွဲ့အမည်အရည်လည်း တပ်ပေးသည်။ ဆုန်းဖြင့်ရေးခြယ်ထားသော တိုက်ဖော်တိုက်ဖက် ဆင်ပြောင်များ အစွယ်တခေါခေါ ယှက်သန်းကာ တိုက်ကြသည်။ ဆင်ပြောင်တို့၏အရည်အချင်းကို ရှုသော နန်းပွဲသဘင်လည်း ကျင်းပသည်ဟုစပ်ဆိုသည်။

ရှေးက နတ်တော်လတွင် နတ်ပူဇော်ပွဲနှင့်ဆင်ဖမ်းပွဲများ ကျင်းပခဲ့ကြောင်း မှတ်သားရ၏။ သံတော်ဆင့်ဦးခြိမ့်၏ ဝေါဟာရလီနတ္ထဒီပနီ၌ မဟာပိန္နဲပူဇော်ပွဲကို ပြဆိုပြီးနောက် မဟာဂီရိနတ်မောင်နှမကိုလည်း ပူဇော်ကြောင်း မှတ်တမ်းတင်သည်။ ဆရာကြီးဒဂုန်နတ်ရှင်၏အာဘော်အရမူ ဘိုးတော်မင်းတရားလက်ထက်မှ အစပြု၍ ပူဇော်ပုံ၊ ပူဇော်နည်း ပြောင်းလဲသွားခဲ့ရာ ထိုနတ်တော်လတွင် နတ်ကဲ့သို့မြင့်မြတ်သော ပညာရှိကြီးများကို ဘုရင်တို့က ချီးမြှင့်ပူဇော်၍ ဘွဲ့နှင်းသဘင်များခင်းကျင်းသော ဓလေ့တစ်ရပ်ပေါ်ထွန်းလာသည်ဟူ၍ဖြစ်သည်။ ဤသည်မှစ၍ နတ်တော်လရာသီသည် စာဆိုတော်ပွဲရာသီဖြစ်လာခဲ့လေသည်။

စာဆိုတော်နေ့အစသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှ စတင်ခဲ့သည်ဟု စာပေသုတေသီတို့က မှတ်ယူကြသည်။ စာဆိုတော်နေ့အကြောင်း ပြောမည်ဆိုလျှင် မြန်မာပြည်စာရေးဆရာများအသင်းကို ချန်လှပ်ထား၍ မရနိုင်ပါ။ ထိုစာရေးဆရာအသင်းဝင် စာရေးဆရာတို့၏ ကြိုးပမ်းချက်ကြောင့်သာ စာဆိုတော်နေ့ ပေါ်ပေါက်လာခြင်းဖြစ်သည်။ စာရေးဆရာအသင်း ဖြစ်ပေါ်လာရခြင်းမှာ အင်္ဂလိပ်ခေတ် အနောက်နိုင်ငံမှ စာရေးဆရာကြီးတစ်ယောက် မြန်မာပြည်သို့ ရောက်လာသည့်အခါက စတင်၍ စာရေးဆရာအသင်း ရှိသင့်ကြောင်းကို စာရေးဆရာတိုင်း၏စိတ်ထဲတွင် စွဲလမ်းမှုရှိလာကြသည်။ အကောင်အထည်ကား မဖော်နိုင်ကြသေးပေ။ ဂျပန်မဝင်မီ အင်္ဂလိပ်ခေတ်တွင် ရန်ကုန်မြို့အရှေ့ပိုင်း မက်သဒစ်ကျောင်း၌ ဒီးဒုတ်ဦးဘချို တည်ထောင်ခဲ့သော စာရေးဆရာအသင်းတစ်သင်း ရှိလေသည်။ ထိုအသင်းတွင် ဒီးဒုတ်ဦးဘချိုက ဥက္ကဋ္ဌ၊ ဦးမောင်မောင်ကြီး (ဒဂုန်နတ်ရှင်)က ဒုတိယဥက္ကဋ္ဌဖြစ်ပြီးလျှင် အတွင်းရေးမှူးမှာ ဦးတင်မြင့်(သခ်ီ) ဖြစ်လေသည်။ ဤအသင်းမှာ အားပေးသူနည်းသဖြင့် မကြီးပွားခဲ့ချေ။

မကြာမီ ဂျပန်တို့ဝင်လာပြီး ဂျပန်စစ်ဗိုလ်ကြီးတစ်ယောက်က စာရေးဆရာတချို့ကို တွေ့ဆုံလျက် ဂျပန်နိုင်ငံမှ အမျိုးသားစာရေးဆရာနှင့် အမျိုးသမီးစာရေးဆရာများ မြန်မာပြည်သို့ရောက်လာတော့မည်ဖြစ်ကြောင်း၊ ထိုဂျပန်စာရေးဆရာများနှင့် တွေ့ဆုံဆွေးနွေးရန် မြန်မာပြည်တွင် စာရေးဆရာအသင်း ရှိပါသလောဟု မေးလေသည်။ ဤအကြောင်းခံတို့မှာ စာရေးဆရာအသင်းဖြစ်ပေါ်လာရန် အဓိကအချက်များဖြစ်သည်ဟုဆိုက မှားအံ့မထင်ပေ။ မကြာမီအချိန်အတွင်း ဦးသိမ်းမောင်(သူရိယ) (ယခု သတင်းစာဆရာ ဦးသိမ်းမောင်)၊ ဦးလှ(ကြီးပွားရေး) (ယခု လူထုဦးလှ)၊ ဦးချစ်မောင်(ဂျာနယ်ကျော်)၊ ဦးသိန်း(ဇဝန)တို့က တာဝန်ခံ၍ စာရေးဆရာအသင်းဖွဲ့စည်းရန် ဖိတ်ကြားလိုက်လေသည်။ ထိုဖိတ်ကြားချက်အရ ၁၃၀၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက် (၁၉၄၂ ခုနှစ် စက်တင်ဘာ ၉ ရက်)တွင် အင်္ဂလိပ်အခေါ် စကော့ဈေး၊ ယခုခေတ်အခေါ် ဗိုလ်ချုပ်ဈေး၊ ဂျပန်ခေတ်အခေါ် ရန်နိုင်ဈေးကြီး အပေါ်ထပ်ရှိ ကျန်းမာရေးပြတိုက်ခန်း၌ အစည်းအဝေး ကျင်းပခဲ့လေသည်။

❖ ရှေးမြန်မာဘုရင်တို့သည် နိုင်ငံတော်တွင် ထက်မြက်ထူးချွန်သည့် ပညာရှင်များနှင့် မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးများကို နတ်တော်လတွင် အခမ်းအနားဖြင့် ချီးမြှင့်လေ့ရှိကြသည်။ ထိုအစဉ်အလာကို ဆက်ခံထိန်းသိမ်းသောအနေဖြင့် ယနေ့ခေတ်၌လည်း နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ ထူးချွန်စာပေပညာရှင်များကို ဂုဏ်ပြုချီးမြှင့်လျက်ရှိပေသည်။ တိုင်းကျိုးဆောင်စာပေများရေးသားသည့် ထူးချွန်စာပေပညာရှင်များကို နိုင်ငံတော်က ဆုများဖြင့် ဂုဏ်ပြုလျက်ရှိရာ... ❖

စာရေးဆရာ ၇၀ ကျော်မျှ တက်ရောက်လာကြပြီးလျှင် ထိုနေ့အစည်းအဝေးမှာပင် မြန်မာပြည်စာရေးဆရာများအသင်း(B.W.A) ကို အောက်ပါအတိုင်း အမှုဆောင်များရွေးကောက်၍ စတင်ဖွဲ့စည်းလိုက်လေသည်။ ကျက်သရေဆောင်နာယကလူကြီးများမှာ သခင်ကိုယ်တော်မှိုင်း (ဆရာလွန်း)၊ သူကြီးဇေဂျက်(ဦးခင်မောင်)၊ မြန်မာ့အလင်း(ဦးစိန်း)တို့ဖြစ်ကြသည်။ ပထမဥက္ကဋ္ဌသည် ဦးသိမ်းမောင်(သူရိယ)၊ ဒုတိယဥက္ကဋ္ဌမှာ ဦးမောင်မောင်ကြီး(ဒဂုန်နတ်ရှင်)၊ အတွင်းရေးမှူးသည် ဦးသိန်း(ဇဝန)၊ တွဲဖက်အတွင်းရေးမှူး ဦးဘသောင်း (သီရိမောင်)၊ ငွေထိန်း ဦးမောင်မောင် (မြန်မာ့ရုပ်ရှင်)တို့ဖြစ်ကြသည်။ အမှုဆောင်အဖွဲ့ဝင်များမှာ ဦးချစ်မောင်(ဂျာနယ်ကျော်)၊ ဦးသွင်(တောက သာဒွန်း)၊ ဆရာကျော်(ကွမ်းရွှဲတန်း ဆရာကျော်)၊ ဦးအောင်မြင့်(မြို့မမောင်)၊ ဦးတင်မြင့်(သခ်ီ)၊ ဒဂုန်ဆရာတင်၊ ဒေါ်ခင်မြ (ခင်မျိုးချစ်)၊ ဒဂုန်ခင်ခင်လေးတို့ ဖြစ်ကြသည်။

အသင်းတိုက်တည်ရာမှာ ရှေးဦးစွာ သူရိယသတင်းစာတိုက် အမှတ်(၁၇)၊ ကုက္ကိုင်းလမ်းဖြစ်သည်။ ထို့နောက် ဂျပန်တို့၏အကူအညီဖြင့် အမှတ်(၃၅) ယောက်လမ်း၊ ရန်ကုန်စာပေအသင်း အဆောက်အအုံတိုက်သို့ ပြောင်းရွှေ့သည်။ အသင်းကြီး၏ အဓိကအချက်ကြီးများမှာ (၁) ပိဋကတ်အဖွဲ့နှင့် စာပေဟောပြောပွဲအဖွဲ့ (၂) စာရေးဆရာမဂ္ဂဇင်းအဖွဲ့ (၃) မြန်မာအဘိဓာန်အဖွဲ့ဟူ၍ ဖွဲ့ပြီးလျှင် တာဝန်အလိုက် ဆောင်ရွက်သွားကြရန်ပင်ဖြစ်သည်။

စာရေးဆရာမဂ္ဂဇင်းအဖွဲ့မှ 'စာရေးဆရာ' The Author အမည်ဖြင့် ၁၃၀၃ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၄၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်)တွင် ပထမစာစောင်ကို ထုတ်ဝေနိုင်ခဲ့လေသည်။ မြန်မာအဘိဓာန်အဖွဲ့မှာမူ သေးငယ်သောအလုပ် မဟုတ်သည့်အတိုင်း တိုင်းပြည်သို့ ငွေအလှူခံရလေသည်။ နောက်ဆုံးတွင် အဓိပတိကြီး ဒေါက်တာဘမော်နှင့် တွေ့ဆုံရတော့သည်။ အဓိပတိကြီးကလည်း ကြိုက်ဈေးကိုဆစ်ယူပြီးလျှင် 'ပညာတံခွန်အသင်း'ဟု အသင်းသစ်တစ်ခု တည်ထောင်ကာ အဘိဓာန်လုပ်ငန်းကို လုပ်ကိုင်ခဲ့ရသည်။ အင်္ဂလိပ်ဝင်လာသောအခါ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းပေးလိုက်ရပြီး မြန်မာစာပါမောက္ခ ဦးဝန်(မင်းသုဝဏ်)က ဆက်လက်ကြီးမှူးပြုစုခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အဆိုပါပညာတံခွန်အသင်းကို ကွမ်းခြံကုန်းမြို့တွင်ဖွင့်လှစ်ထားရာ ၁၉၄၄ ခုနှစ်တွင် စာဆိုတော်ကြီးဦးပုညကို ဂုဏ်ပြုပွဲကြီးပြုလုပ်လေ၏။ ထိုသို့ဂုဏ်ပြုပွဲကို မြန်မာနိုင်ငံအရပ်ရပ်တွင်လည်းကျင်းပရန် လှုံ့ဆော်ခဲ့ကြသည်။ ၁၉၄၄ ခုနှစ် မေ ၂ ရက်တွင် ပညာ၊ ကျန်းမာ၊ စည်ပင်သာယာဝန်ကြီးဌာနရုံးတွင် အစည်းအဝေးပြုလုပ်ရာ ဒဂုန်နတ်ရှင်က ဦးပုညနေ့ဟူ၍ စာဆိုတော်တစ်ဦးတည်းကို ရည်ညွှန်းသည်ထက် စာဆိုတော်အားလုံးကို ရည်ညွှန်းသောနေ့အဖြစ် သတ်မှတ်သင့်ကြောင်း ဆွေးနွေးသည်။ ထို့ပြင် နတ်တော်လ၏သာယာပုံ၊ ဆန်းကြယ်ပုံတို့ကို ဖွဲ့နွဲ့ပြီးလျှင် နတ်တော်လကိုရွေးရန် ဆွယ်တရားဟောလေသည်။ နောက်ဆုံးတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို သတ်မှတ်ရန် ဂျာနယ်ကျော်ဦးချစ်မောင်က အဆိုတင်သွင်း၍ ဦးသိမ်းမောင်က ထောက်ခံသဖြင့် အတည်ဖြစ်သွားလေသည်။ ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့မှစ၍ စတင်ကျင်းပရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ စာဆိုတော်နေ့အထိမ်းအမှတ်ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံတွင် တင်ဆက်ကပြသော ဝိဇယပြဇာတ်သည် အလွန်ထင်ရှား၏။ ဆရာဦးသုခက ဝိဇယပြဇာတ်မှ ထုတ်နုတ်ရွတ်ဆိုသော ကဗျာကို လူကြိုက်များသည်ဟု ဆိုကြသည်။ ၁၉၄၄ ခုနှစ်ကုန်ခါနီးကာလသည် ဖက်ဆစ်ဂျပန်ကိုတိုက်ထုတ်လျက်ရှိသောအချိန်ဖြစ်ရာ ဝိဇယပြဇာတ်မှ မင်းဆိုးမင်းညစ်ကို နှင်ထုတ်သော စာသားများမှာလူကြိုက်များခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ရှေးမြန်မာဘုရင်တို့သည် နိုင်ငံတော်တွင် ထက်မြက် ထူးချွန်သည့် ပညာရှင်များနှင့် မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးများကို နတ်တော်လတွင် အခမ်းအနားဖြင့် ချီးမြှင့်လေ့ရှိကြသည်။ ထိုအစဉ်အလာကို ဆက်ခံထိန်းသိမ်းသောအနေဖြင့် ယနေ့ခေတ်၌လည်း နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ကာ ထူးချွန်စာပေပညာရှင်များကို ဂုဏ်ပြုချီးမြှင့်လျက်ရှိပေသည်။ တိုင်းကျိုးဆောင်စာပေများရေးသားသည့် ထူးချွန်စာပေပညာရှင်များကို နိုင်ငံတော်က ဆုများဖြင့်ဂုဏ်ပြုလျက်ရှိရာ ယခုနှစ် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုများနှင့် စာပေဗိမာန်စာမူဆုများကို ကြေညာရာတွင် "မြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင်ဆရာကြီး ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)၊ စာပေပညာရှင် ဆရာကြီး ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ စာပေပညာရှင် ဆရာကြီးဒေါက်တာမျိုးသန့်တင်၊ စာပေပညာရှင် ဆရာမကြီး ဒေါက်တာမတင်ဝင်းတို့ကို ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း" ထုတ်ပြန်ကြေညာခဲ့သည်။ အမျိုးသားစာပေ တစ်သက်တာဆုအတွက် ငွေကျပ်သိန်း ၁၀၀ စီနှင့် အမျိုးသားစာပေဆုတစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်ခံရမည်ဖြစ်သည်။ စာပေဗိမာန်စာမူဆုအတွက် ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်းနှင့် တတိယဆုငွေကျပ် ၃နှစ်သိန်းဖြစ်သည်။ စာပေဗိမာန်စာမူဆုတွင် စာရေးဆရာ မောင်ယဉ်လှိုင်း(ဖျဉ်းမဖြိုင်)က စာပဒေသာပထမဆု၊ ပြဇာတ်စာပေ ပထမဆုနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုဟူ၍ ဆုသုံးဆု ဆွတ်ခူးနိုင်ခဲ့သည်။ စာရေးဆရာ နွေကုံကော်(မြို့လှ)က လူငယ်စာပေ ပထမဆု၊ စာပဒေသာ တတိယဆုဖြင့် ဆုနှစ်ဆု ဆွတ်ခူးသွားသည်။ စာရေးခြင်းအနုပညာသည် မိမိဘဝ၏ အဖိုးတန်အချိန်တော်တော်များများကို ပေးဆပ်ထားရခြင်းဖြစ်ရကား ၎င်းပုဂ္ဂိုလ်တို့၏ ပေးဆပ်မှုကား အတိုင်းမသိ လေးစားထိုက်ပေသည်။ စာပေဝမ်းစာပြည့်ဝပါဘိသည်။

စာပေဟူသည် ခေတ်အဆက်ဆက် လူ့သဘော၊ လူ့စရိုက်သဘာဝများကို ဖော်ကျူးသည်။ လူ့ယဉ်ကျေးမှုအမွေအနှစ်ကို ပြဆိုသည်။ လူတို့သဘောကို စာမှတစ်ဆင့် အသိကြွယ်လာသူသည် လူ့ဝန်းကျင်တွင် နေတတ်၊ ထိုင်တတ်၊ ဆင်ခြင်တတ်လာသည်။ စာဖတ်ရင်း ရလာသောရသမှန်သွယ်ကာ ဘဝအသိကြွယ်ဝလာသည်။ ဘဝအသိကိုရင်း၍ လူကောင်းလူတော်ဘဝဆိုက်ရောက်နိုင်ပေသည်။ "မြန်မာစာပေသမိုင်းကို လေ့လာကြည့်လျှင်လည်း အမျိုးသားစာပေသည် နေလကဲ့သို့ ထွန်းလင်းတောက်ပခဲ့ကာ မြန်မာစာပေသည် ပဒေသာပင်ကဲ့သို့ ဖူးပွင့်ဝေဆာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပုဂံခေတ်မှစတင်ပေါ်ထွန်းလာခဲ့သော မြန်မာစာပေသည် အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်တွင် များစွာအဆင့်အတန်းမြင့်မားလာပြီး ယနေ့မျက်မှောက်ခေတ်တည်အောင် တည်မြဲလာခဲ့ပေသည်။

ထို့ကြောင့်ပင် ကဗျာစာဆိုနုယဉ်က 'စာဆိုတော်နေ့'ဟူသော ကဗျာတွင် 'မမေ့နိုင်၊ ယနေ့အခါတိုင်တော့၊ ရည်ကာပြိုင် ဆုမွန်ထူးရယ်နှင့်၊ မုခ်ဦးမှာ သဇင်ခက်ကာပ၊ ဆယ်လက်စုံ ပဏာသလိုရယ်၊ လွမ်းရတယ်လေး'ဟု ဖွဲ့စပ်ခဲ့ခြင်းဖြစ်ပေမည်။

စာဆိုတို့ကား ခွာညိုပန်းများ လှမ်းလင့်ခဲ့လေပြီ။
စာဆိုတို့ပေးသော ခွာညိုပန်းများအား
လက်ဆင့်ကမ်း သယ်ဆောင်သွားပါမည်။
စာဆိုနှင့်ခွာညိုပန်းသည် နန်းမြေထိ မွှေးနေပါဦးမည်။

**ကိုးကား**

**- အလယ်တန်း၊ အထက်တန်း၊ နံပါတ်(၆)**
**ဗမာစာ စာစီစာကုံး (၁၉၆၁) ဦးအေးမောင်။**

# Perspective Myanmar Art Studio & Gallery တွင် ပန်းချီဆရာငါးဦး၏ Mind အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Perspective Myanmar Art Studio & Gallery တွင် Mind အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း Perspective Myanmar Art Studio & Gallery ပြခန်းတာဝန်ခံ ဦးကျော်သူရဦးက ပြောပြ၍ သိရသည်။

အဆိုပါ Mind အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသထားမည်ဖြစ်ပြီး ပြခန်းသို့ လူကိုယ်တိုင်လည်း လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း၊ ပြပွဲတွင် ပန်းချီသက်မွန်၊ ပန်းချီပန်းကြည်၊ ပန်းချီနီပိုဦး၊ ပန်းချီ ခင်ဇော်လတ်၊ ပန်းချီကံကောင်းတို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၂၅ ကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုပန်းချီပြပွဲကတော့ ဈေးကွက်ထဲမှာ နာမည်ရနေတဲ့ ပန်းချီဆရာငါးယောက်ရဲ့ ပန်းချီကား ၂၅ ကားကို ပြသပေးသွားမှာပါ။ ထူးခြားချက်ကတော့ ပန်းချီဆရာငါးယောက် စိတ်ကြိုက်ရေးဆွဲထားတဲ့ ပန်းချီကားတွေဖြစ်ပြီးတော့ ဘယ်ပြခန်းမှာမှ မတင်ထားသေးတဲ့ အသစ်စက်စက် ပန်းချီကားတွေဖြစ်ပါတယ်"ဟု ဦးကျော်သူရဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသထားမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၁၁×၁၅) လက်မ၊ (၁၅×၂၂) လက်မ၊ (၁၈×၃၆) လက်မ၊ (၂၀×၃၀) လက်မ၊ (၂၄×၂၄) လက်မ၊ (၂၄×၃၀) လက်မစသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ပန်းချီကားဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ၁၀ သိန်းမှ အများဆုံးငွေကျပ်သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# Blade ဇာတ်ကားကို ဒါရိုက်တာ ယန်းဒီမင်ဂျီ ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၂၂**

မာဗယ်စတူဒီယို၏ Blade ဇာတ်ကားကို ဒါရိုက်တာ ယန်းဒီမင်ဂျီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဒါရိုက်တာ ယန်းဒီမင်ဂျီသည် HBO ရုပ်သံလိုင်း၏ Lovecraft Country ဇာတ်လမ်းတွဲကို ဖန်တီးပေးခဲ့သူဖြစ်သည်။

မာဗယ်စတူဒီယိုသည် Blade ဇာတ်ကား ရိုက်ကူးရေးအတွက် ဒါရိုက်တာအပါအဝင် ရိုက်ကူးထုတ်လုပ်မှုအဖွဲ့တစ်ဖွဲ့လုံးကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မာဗယ်စတူဒီယိုသည် မူလက Blade ဇာတ်ကားကို Mogul Mowgli ဒါရိုက်တာ ဘက်ဆစ်တာရစ်ဖြင့် ရိုက်ကူးရန်စီစဉ်ခဲ့သော်လည်း ဖန်တီးမှုပိုင်းဆိုင်ရာ အမြင်ကွဲလွဲမှုများကြောင့် အစီအစဉ်ပျက်ခဲ့ရသည်။

အဆိုပါဇာတ်ကားသည် ၂၀၀၀ ပြည့်နှစ် အစောပိုင်းအတွင်း New Line ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်ခဲ့သည့် Blade ဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO




# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ နဂါးရုပ်တုများ တင်ပို့နေရ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ နဂါးရုပ်တုများ တင်ပို့ပေးနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မြန်မာနိုင်ငံမှထုလုပ်သည့် ပန်းပုလက်ရာများကို မှာယူလေ့ရှိပြီး ယခုလ တတိယပတ်တွင် တရုတ်ပန်းပုပညာရှင်များ ထုလုပ်သည့်လက်ရာအတိုင်း ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် တရုတ်နဂါးရုပ်တုများကို အဓိကမှာယူလျက်ရှိသည့်အတွက် တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။



"ပြည်ပမှာ ဖွင့်လှစ်ထားတဲ့ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးစခန်းကနေပို့ရတာရှိပါတယ်။ သူတို့ အဓိကမှာတာကတော့ ပန်းပုရုပ်ကလေးတွေနဲ့ ပန်းချီကားတွေဖြစ်ပါတယ်။ ဒီနှစ် နှစ်ဆန်းပိုင်းကစပြီး တဖြည်းဖြည်းချင်း ပြန်ပို့ပေးနေပါတယ်။ ဒီလထဲမှာတော့ အလျားခြောက်လက်မ၊ အမြင့် ၁၃ လက်မ၊ ဒု လေးလက်မရှိတဲ့ နဂါးရုပ်တုတွေကို အမှာများပါတယ်။ အသားကတော့ ရင်းတိုက်သားဖြစ်ပါတယ်။ ဒီလမကုန်ခင် အရုပ် ၁၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်အလုပ်ရုံကပဲ ထုလုပ်မှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ရုပ်တုတစ်ရုပ်ကို ငွေကျပ် ၇၅၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ASH

# Ballerina ဇာတ်ကားတွင် မင်းသမီးကြီး အင်ဂျလီကာဟူစတန် ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၂၂**

John Wick ဇာတ်ကားများ၏ မူကွဲဇာတ်ကားဖြစ်သော Ballerina ဇာတ်ကားတွင် မင်းသမီးကြီး အင်ဂျလီကာဟူစတန်လည်း ပါဝင်လာကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Ballerina ဇာတ်ကားတွင် အင်ဂျလီကာဟူစတန်သည် မင်းသမီး အန်နာဒီအားမက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီးကြီး အင်ဂျလီကာဟူစတန်သည် မင်းသား ကီနူးရိဗ်၏ John Wick ဇာတ်ကားများ၌ ရုပ်စကာရှိမား ဒုစရိုက်ဂိုဏ်းခေါင်းဆောင်အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်သည်။

Ballerina ဇာတ်ကားတွင် အင်ဂျလီကာဟူစတန်သည် ရုပ်စကာရှိမား ဂိုဏ်းခေါင်းဆောင်အဖြစ် ဆက်လက်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ballerina ဇာတ်ကားကို ဒါရိုက်တာ လန်းဝိုက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ကားထုတ်လုပ်မှုလုပ်ငန်းကို စတင်နေပြီဖြစ်သည်။

Ballerina ဇာတ်ကားကို ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ KKO



# မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြဝတီ နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အပြင်မဲကနယ်ကျေးရွာအုပ်စု ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၅ ဦးကို ငွေကျပ် ၃၉၄ ဒသမ ၉၃၄၆ သိန်း ထုတ်ချေးပေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ပြောပြ၍ သိရသည်။

သုသု

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing watches final match of Commander-in-Chief of Defence Services' Trophy (B-level) Football Tournament of 2022 Tatmadaw (Army, Navy and Air) Sports Meet



Senior General Min Aung Hlaing watches final match of Commander-in-Chief of Defence Services' Trophy (B-level) Football Tournament.

**Nay Pyi Taw November 22**

North-East Command team and South-East Command team met in the final of the Commander-in-Chief of Defence Services' Trophy (B-level) Football Tournament of the 2022 Tatmadaw (Army, Navy and Air) Sports Meet at Zeyathiri Tatmadaw Sports Stadium this evening. Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing watched the match.

Also present were Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung and senior military officers from Office of Commander-in-Chief, officers, other ranks and families, judges, athletes, sports enthusiasts.

The two finalists exerted all-out efforts in playing a tough match and launched attacks and counter-attacks against one another. North-East Command scored the winning goal at 87 minutes.



Likewise, other events of the Tatmadaw (Army, Navy and Air) sports meet including kilo-wise novice-class boxing matches were held at station gymnasium in Nay Pyi Taw Transit Centre, weight-wise semifinal taekwondo matches, individual and group poomsae competitions at Zeyathiri indoor stadium A, bando attack contest of Myanmar martial arts, penchak silat attack contest, single sword attack contest, double swords attack contest, military hand-to-hand skill contest at Zeyathiri indoor stadium C. Senior military officers from Office of Commander-in-Chief (Army), officers, other ranks and families, judges, athletes and fans watched the events. Senior military officers presented awards to winners. 100

## Clams from Taninthayi Regon marketable in Thailand

**Myeik November 22**

The Ministry of Commerce stated that clams from Taninthayi Region are grasping the firm market share in Thailand, and the region exports clams to Thailand on a daily basis.

Clams can be found at the beaches and banks. At the time of ebbing the tidal, clams can be searched on the beaches.

Searching clams is not similar to other fishery works. The clams can be searched on the sandbanks. So, local people cannot spend the capitals in searching the clams as a livelihood.

At present, clams grasp the firm market share in Thailand with attracting the consumers.

Most of the people in Thailand prefer to eat seafoods. So, they like clams. Moreover, tourists to Thailand also prefer to eat clams.

Due to high demand in the market, Thailand imports clams from Myanmar through Mawtawng border trade camp.

In Thai market, Myanmar's clam is sold at 91.94 baht per kilo. So, local farmers from Taninthayi Region send clams to Thailand daily.

As of early November, Myanmar sends more than 10 trucks carrying some 1,000 kilos of clams each to Thailand daily. 336

## Kanpaiti border trade camp imports more than 40 tons of apples, orange within 15 days of November

**Kanpaiti November 22**

The Ministry of Commerce on 21 November stated that Kanpaiti border trade camp imported more than 430 tons of apples and orange within 15 days of November this year.

Myanmar exports fruits to foreign markets and imports some kinds of fruits. Apple and orange are exported as well as imported at different time.

The camp allows fruit import licences to businesspersons for border trading. From 1 to 15 November, the camp handled 62.3 tons of orange and apple from China. In this regard, 21.3 tons of apple ad 41 tons of orange were imported.

The camp allowed the importers to seek import certificate from the Agriculture Department and recommendations of the Trade Department.

The camp earned US$46.795 million from trading with China till 11 November in 2022-23 fiscal year. In this regard, it handled US$39.79 million worth of export goods and US$7.005 million worth of import volume, totalling US$46.795 million.

Within seven months, the camp pocketed US$32.785 million of trade surplus. 336

## UDNRU, degree colleges turned out more than 14,000 ethnic teachers

**Nay Pyi Taw November 22**

The University for Development of National Races of the Union and degree colleges have turned out more than 14,000 ethnic teachers, according to the Ministry of Border Affairs.

The ministry opens 44 border region national races youth development training schools, nine border youth vocational training schools, 46 women's vocational training schools and University for Development of National Races of the Union and Nationality Youth Resources Development Degree Colleges.

These degree colleges were established in 2000-2001 academic year and the university in 1964.

The university and degree colleges admit border region youths for the first year courses as well as orphans and needy persons.

The university turned out 14,858 ethnic teachers from 1964 to 2022. Likewise, degree colleges produced 4,698 arts and science graduates, AGTI diploma holders and BTech graduates and 1,097 PhD and master degree holders from 2000 to 2022.

In 2022-23 academic year, the university admits more than 1,000 trainees and degree colleges some 2,000 trainees for respective subjects.

336

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses first coordination meeting of Central Committee for Organizing the 76th Anniversary of Union Day



Vice-Senior General Soe Win addresses first coordination meeting of Central Committee for Organizing the 76th Anniversary of Union Day.

**Nay Pyi Taw November 22**

Chairman of the Central Committee for Organizing the 76th Anniversary of Union Day 2023 Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the first meeting of the central committee at the SAC Chairman Office in Nay Pyi Taw this afternoon.

It was also attended by Central Committee member Union ministers, the chairman of the management committee, deputy ministers who are in capacities of chairmen of relevant subcommittees and officials together with remaining committee members through video conferencing.

At the meeting, the Vice-Senior General said that it was the first coordination meeting to negotiate the necessary measures for successfully holding the 76th Anniversary of the Union Day. The Diamond Jubilee Independence Day ceremony will be held in January and the 76th Anniversary of Union Day will also be marked. Although the ceremonies are seem as a series, these must be held on a grand scale as these are State level celebrations. The five National Objectives for the 76th Anniversary of Union Day have been released, and the ceremonies must be held in line with these objectives.

As the Diamond Jubilee Union Day was successfully marked through the united strengths on 12 February 2022, arrangements are being made to hold the Diamond Jubilee Independence Day on a grander scale. The 76th Anniversary of Union Day will be marked as usual similar to the 74th Anniversary celebration. Hence, officials need to discuss such a topic mentioned in the schedules.

Conveyance of the State flag of the Republic of the Union of Myanmar to regions and states to spend a night is one of the essences of the celebration. At the ceremony to mark the Diamond Jubilee Union Day, the Union flag kept in Yangon City was conveyed to Nay Pyi Taw Council Area on a grand scale. As a plan was set to convey the Union flag of the Republic of the Union of Myanmar to respective regions and states once every five years buy every year, discussions must focus on such a measure.

Since the central and management committees and subcommittees have been formed to ensure successful holding of the event, it is necessary to discuss requirements. The event needs to be held in accord with the Covid-19 preventive rules while great care is necessary for security affairs. For the successful event, officials in respective fields need to perform their tasks dutifully.

Next, Management Committee Chairman Nay Pyi Taw Council Chairman U Tin Oo Lwin reported on his committee tasks.

Then, officials of the subcommittees for security, finance, information, dinner and entertainment, transport and communications, message compilation, health, welcoming and accommodating cultural troupes and reception, invitation and accommodation, erection of billboards, State flag hoisting, setting off fireworks, decorated drone releasing, auditing, hosting dinner and preparations for the event reported on their respective sectors for successful holding of the event.

The Vice-Senior General coordinated requirements. And central committee members Union ministers and those in attendance made a general round of discussion.

In his concluding remark, the Vice-Senior General stressed the need for respective subcommittees to carry out their tasks as before so as to hold the event at a national level. As cultural troupes will begin arriving in early February 2023, preparations must be made. Instructions must be followed to set up billboards on a timely basis and feedbacks need to be given, he said. The Vice-Senior General then stressed the need for ensuring the sustainability of national solidarity and unity among the national races of the Union in accord with the five objectives of the 76th Anniversary Union Day. He urged all to cooperate in successfully realizing of the objectives such as nurturing people to always be imbued with Union spirit, ensuring national unity and perpetuity of the Union after ending armed ethnic conflict, and achieving perpetual peace through unity. Then, the meeting came to a close.

100

# Indonesia earthquake: Many schoolchildren killed as toll soars to 268

**Jakarta November 22**

Many of those killed and injured in a major earthquake on the Indonesian island of Java were children, rescuers say, as the death toll soars to 268.

Aprizal Mulyadi, 14, was at school when the quake hit, saying he was trapped after "the room collapsed and my legs were buried under the rubble".

He said he was pulled to safety by his friend Zulfikar, who later died after himself becoming trapped.

More than 1,000 people were wounded, officials say.

In its latest announcements on Tuesday, the National Disaster Mitigation Agency (BNPB) added that 151 people were still missing.

It also said that 22,000 houses had been damaged, and that more than 58,000 people had taken shelter in several locations in the region.

The 5.6 magnitude quake struck a mountainous region on Monday, causing landslides that buried entire villages near the West Java town of Cianjur.

Victims were crushed or trapped after walls and roofs caved in. "It all happened so fast," Aprizal told AFP news agency.

A representative of the National Search and Rescue Agency also confirmed that many of the dead were young people.

BBC

# Club Q Colorado shooting: Attack was ended by dad and drag performer

**Colorado November 22**

A father and a drag performer managed to subdue a gunman who opened fire at an LGBT nightclub in the US state of Colorado, it has emerged.

The attacker killed five people and left 17 others with injuries at Club Q in Colorado Springs on Saturday night.

Officials named the "heroes" who halted the attack as Richard Fierro and Thomas James, without detailing their actions.

Mr Fierro provided his account of events, saying he tackled the suspect, took the weapon and hit him with it.

It is not clear if Mr James is the drag performer Mr Fierro says then stepped in to help.

At a Monday afternoon press conference, police identified the victims as Daniel Aston, Derrick Rump, Kelly Loving, Ashley Paugh and Raymond Vance. Family members say Aston and Rump were both bartenders at Club Q.

The suspect, named by police as 22-year-old Anderson Lee Aldrich, is in police custody in hospital.

The gunman was stopped by a 15-year US Army veteran who was attending a drag performance at the club with his wife and daughter.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံ United Aircraft Corporation က တပ်ဖွဲ့များထံ Su-34 ဗုံးကြဲလေယာဉ်သစ်များပေးအပ်ခဲ့




ရုရှားနိုင်ငံ United Aircraft Corporation သည် ရုရှားတပ်ဖွဲ့များထံ Su-34 ဗုံးကြဲလေယာဉ်သစ်များ နောက်တစ်သုတ်ကို နိုဝင်ဘာ ၁၆ ရက်က ပေးအပ်ခဲ့ကြောင်း အစိုးရက ကြေညာခဲ့သည်။

အဆိုပါစစ်လေယာဉ်များကို (United Aircraft Corporation) နိုင်ငံပိုင် နည်းပညာကော်ပိုရေးရှင်း Rostec လက်အောက်ရှိ Chkalov Novosibirsk လေကြောင်းထုတ်လုပ်ရေးစက်ရုံတွင် ထုတ်လုပ်ခဲ့သည်။ ရုရှားအစိုးရ၏ထုတ်ပြန်ချက်တွင် အဆိုပါလေယာဉ်များသည် မြေပြင်နှင့် စမ်းသပ်ပျံသန်းမှုအများအပြားကို ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်းပါရှိသည်။

ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ရုရှားစစ်ဘက်၏ တောင်းဆိုချက်ကိုဖြည့်ဆည်းပေးရန်အတွက် ပူးပေါင်းညှိနှိုင်းရေးကောင်စီ၏ ညွှန်ကြားချက်အရ စစ်လေယာဉ်များကို တပ်ဖွဲ့များထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

ရုရှား၏ လက်ထောက်ဝန်ကြီးချုပ်၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး Denis Manturov က ထုတ်လုပ်မှုတိုးချဲ့ခြင်း၊ အရှိန်အဟုန်မြင့် လုပ်ဆောင်နိုင်ခြင်းနှင့် အရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းများသည် အနောက်နိုင်ငံများက ထူးထူးခြားခြား ဖိအားများပေးနေသော်လည်း ပုံမှန်ဆောင်ရွက်ရမည့် ရုရှားကာကွယ်ရေးစက်မှုလုပ်ငန်း၏ မရှိမဖြစ်တာဝန်သုံးခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်နက်များလွှဲပြောင်းပေးပို့မှုများကို နိုင်ငံပိုင်ကော်ပိုရေးရှင်း Rostec ၏ လက်အောက်ရှိ ကာကွယ်ရေးကုမ္ပဏီများက မကြာခဏဆိုသလို သတ်မှတ်အချိန်ဇယားထက် စောစီးစွာပြုလုပ်လေ့ရှိခဲ့ကြောင်း၊ ရုရှားတပ်မတော်သည် ထိရောက်သော လေကြောင်းနည်းပညာသစ်များ ရရှိထားကြောင်း Denis Manturov က အလေးပေးပြောကြားခဲ့သည်။

"နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဝယ်ယူမှုအပေါ် အကောင်အထည်ဖော်တဲ့အနေနဲ့ Su-34 ဗုံးကြဲလေယာဉ်တွေကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါတယ်။ ဒါတွေဟာ ယုံကြည်စိတ်ချရပြီး ဘက်စုံသုံးလေယာဉ်တွေပါပဲ။ ဒီနှစ်ကုန်မှာရုရှားလေတပ်ဟာ လက်ရှိထုတ်လုပ်နေတဲ့ပုံမှန်လေယာဉ်တွေကို လက်ခံရရှိဖို့ရှိနေပါသေးတယ်" ဟု United Aircraft Corporation ၏ ညွှန်ကြားရေးမှူးချုပ် Yury Slyusar က ပြောကြားခဲ့သည်။

ယခုနှစ် ဇူလိုင်လတွင် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက အဆင့်မြှင့်တင်ထားသော Su-34 ဘက်စုံသုံး ဗုံးကြဲလေယာဉ်များ၏ပထမအသုတ်ကို ရုရှားလေကြောင်းနှင့် အာကာသတပ်ဖွဲ့များထံ ပေးအပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

Khabarovsk နယ်မြေရှိ အရှေ့ဘက်စွန်းဒေသသည် ရုရှား-တရုတ် နယ်စပ်နှင့်နီးကပ်သည်။ ရုရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်က Su-34M ၇၆ စင်း မှာယူခဲ့ပြီး ၂၀၂၇ ခုနှစ်တွင် လွှဲပြောင်းပို့ဆောင်မှုပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ရုရှားသည် Su-34 အင်ဂျင်နှစ်လုံးတပ် နှစ်ယောက်မောင်း ဗုံးကြဲလေယာဉ်ကို ၂၀၁၄ ခုနှစ်က စတင်လက်ခံရရှိခဲ့သည်။ အဆိုပါလေယာဉ်သည် Sukhoi Su-27 Flanker လေကြောင်းစိုးမိုးရေးလေယာဉ်နှင့် ပုံစံတူတည်ဆောက်ထားခြင်းဖြစ်ပြီး လေကြောင်းစစ်ဆင်ရေးအတွက် ဗုံးကြဲရန်ရည်ရွယ်ထားသည်။

Su-34 တွင် ထိုင်ခုံ နှစ်ခန်းပါ လေယာဉ်မှူးခန်းနှင့် အတွင်းပိုင်းဆီတိုင်ကီ တိုးချဲ့လာသောကြောင့် အများဆုံးပျံတက်နိုင်သည့်အလေးချိန် ပိုမိုမြင့်မားလာခဲ့သည်။ အနောက်ဘက်မျက်နှာစာတွင် ရေဒါထားရှိရန်(Center Tail Boom) အလယ်အမြီးပိုင်းကို ပြုပြင်မွမ်းမံထားသည်။ လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးသည် လေယာဉ်မှူးခန်းရှိ K-36DM zero/zero ထိုင်ခုံနှစ်ခုတွင် ထိုင်၍မောင်းနှင်သည်။

Su-34 သည် ပျံသန်းခြင်းဆိုင်ရာကန့်သတ်ချက်များ၊ လေယာဉ်ရှိယူနစ်အသီးသီးလည်ပတ်မှုဆိုင်ရာ ကန့်သတ်ချက်များနှင့် နည်းဗျူဟာမြောက်အချက်အလက်များကို လေယာဉ်မှူးခန်းရှိ ဘက်စုံသုံးဖန်သားပြင်များတွင် ပြသထားသည်။

အဆိုပါလေယာဉ်တွင် 30mm GSh-301 စက်သေနတ်တစ်လက်နှင့် ကျည်အတောင့် ၁၈၀ ပါရှိသည်။ စက်သေနတ်၏ပြောင်းထွက်ရှိန်မှာ ၈၆၀မီတာ/စက္ကန့်ဖြစ်ပြီး အမြင့်ဆုံးနှုန်းဖြင့် တစ်မိနစ်လျှင် ကျည်အတောင့် ၁၅၀၀ ပစ်ခတ်နိုင်သည်။

ဗုံးကြဲတိုက်လေယာဉ်တွင် လက်နက်ခဲယမ်းများတပ်ဆင်ရန် Hardpoints နေရာ ၁၀ ခုပါရှိပြီး ဝေဟင်မှဝေဟင်ပစ်၊ ဝေဟင်မှ မြေပြင်၊ သင်္ဘောဖျက်နှင့် ရေဒါဖျက်ဒုံးကျည်များ၊ ပဲ့ထိန်း၊ ပဲ့ထိန်းမဲ့ဗုံးများနှင့်ဒုံးကျည်များအပါအဝင် အမျိုးမျိုးသော ဒုံးကျည်များကို သယ်ဆောင်နိုင်သည်။ လေယာဉ်တွင် ပစ်မှတ်ကိုသတ်မှတ်ပေးသည့် ကိရိယာတစ်ခုတပ်ဆင်ထားသည်။

Su-34 တွင် ရုရှားသုတေသနနှင့် ထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်သော KAB-500 လေဆာလမ်းညွှန်ဗုံးအပါအဝင် တိကျလမ်းညွှန်၊ လမ်းညွှန်မဲ့ဗုံးများနှင့် ဒုံးကျည်များတပ်ဆင်အသုံးပြုထားသည်။

လေယာဉ်တွင် AL-31F တာဘိုဂျက်အင်ဂျင်များ၊ Afterburners၊ ဝေဟင်နှင့် မြေပြင်ပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်ရန် Sh-141 ရေဒါတို့ပါရှိသည်။ လေယာဉ်သည် သံချပ်ကာ အကာအကွယ်ကြောင့် အနိမ့်ပျံသန်း၍ ပစ်မှတ်များကို တိုက်ခိုက်နိုင်သည်။ ၎င်း၏ မကြာသေးမီက အဆင့်မြှင့်တင်ထားသည့် Kh-35U သင်္ဘောဖျက်ဝေဟင်မှ ရေပြင်ပစ်ဒုံးကျည်သည် ကီလိုမီတာ၂၅၀ (၁၅၅မိုင်) အကွာအဝေးမှ အလတ်စားရေယာဉ်များကို နှစ်မြုပ်ပစ်လိုက်နိုင်သည်။

Su-34 တွင် ပိုမိုကောင်းမွန်သော အီလက်ထရွန်နစ်စနစ်၊ တိကျသေချာသော လက်နက်များနှင့် ကင်းထောက်ကိရိယာများပါရှိသော ကွန်တိန်နာများစွာပါဝင်သည်ဟု ယုံကြည်ရသည်။ Su-34 လေယာဉ်သည် ပျံသန်းမှုအကွာအဝေး ကီလိုမီတာ ၄၀၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး အမြင့်ပျံသန်းစဉ် တစ်နာရီ ၁၉၀၀ ကီလိုမီတာနှင့် ပင်လယ်ရေမျက်နှာပြင်တွင် တစ်နာရီ ၁၃၀၀ ကီလိုမီတာဖြင့် ပျံသန်းနိုင်သည်။

**Russian Air Force Receive A New Batch Of 'Deadly' Su-34 Fighter Bombers Amid 'Escalating War' With Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းသို့ Crotale NG လေကြောင်းရန်ကာကွယ်ရေးစနစ်ပေးပို့မှုကို ပြင်သစ်အတည်ပြုခဲ့



ပြင်သစ်သည် ယူကရိန်းနိုင်ငံသို့ Crotale NG လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ခွဲနှစ်ခွဲစာ ပို့ပိုးပေးထားကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး Sebastien Lecornu က နိုဝင်ဘာ ၁၂ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ရုရှားကို တန်ပြန်တိုက်ထုတ်ရာတွင် ပြင်သစ်နိုင်ငံက ယူကရိန်းကိုလေကြောင်းရန်ကာကွယ်ရေးစနစ် Crotale NG ကို ပံ့ပိုးပေးခဲ့ကြောင်း Sebastien Lecornu က ပြောကြားခဲ့သည်။

Journal du Dimanche နှင့်အင်တာဗျူးတွင် Sebastien Lecornu က ပြင်သစ်လေတပ်ပိုင် ၁၂ စုံအနက်မှ Crotale NG လေကြောင်းရန်ကာကွယ်ရေး ဒုံးစနစ်၏ တပ်ခွဲ နှစ်ခွဲစာကို ယူကရိန်းထံပေးအပ်ခဲ့ကြောင်း ၎င်းက ဆိုသည်။

Crotale NG သည် Thales Air Defense က တီထွင်ထုတ်လုပ်ထားသော ရာသီဥတုမရွေးအသုံးပြုနိုင်မည့် တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။

Crotale NG တွင် အမျိုးမျိုးသောစနစ်ခွဲများကို ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင် ပေါင်းစည်းထားသော မျိုးဆက်သစ်တာရှင်းလည်းဖြစ်သည်။ လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ဝေဟင်ပစ်မှတ်များကို အကောင်းဆုံးစောင့်ကြည့်၊ ထောက်လှမ်းနိုင်ရန် ရေဒါများနှင့် အနီအောက်ရောင်ခြည်သုံး အာရုံခံကိရိယာများလည်း တပ်ဆင်အသုံးပြုထားသည်။

Crotale NG ၏ နောက်ဆုံးအဆင့်မြှင့်တင်မှုတွင် နေ့ရောညပါယုံကြည်စိတ်ချရသောအချိန်နှင့်တစ်ပြေးညီ ပစ်မှတ်ပုံရိပ်များအတွက် Thermal Camera ပါရှိသည်။ ဒုံးကျည်ထိပ်ဖူးတင်ဆောင်နိုင်စွမ်းသည် ၁၃ ကီလိုဂရမ်ဖြစ်သည်။ လက်နက်စနစ်သည် ၁၁ ကီလိုမီတာအကွာရှိပစ်မှတ်များကို ထိမှန်ဖျက်ဆီးရန်အမြင့်ဆုံးအမြန်နှုန်း Mach 3.5 ဖြင့် ပစ်လွှတ်တိုက်ပွဲဝင်နိုင်သည်။

Crotale NG စနစ်သည် လေထုအခြေအနေနှင့် ခြိမ်းခြောက်မှုအကဲဖြတ်ဆန်းစစ်ချက်၊ တိုးချဲ့ထောက်လှမ်းနိုင်မှုအကွာအဝေး၊ မိတ်ဆွေ၊ ရန်သူခွဲခြားရေးစနစ်(IFF)၊ ပစ်မှတ်ပေါင်းများစွာထောက်လှမ်းနိုင်ခြင်းအပြင် အလိုအလျောက်ပစ်မှတ်ဖမ်းယူထောက်လှမ်းမှု၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် ရာသီဥတုမရွေးတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

**France confirms Crotale NG air defense system delivery to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြောင်းမြမြို့နယ်တွင် စိုက်ပျိုးခဲ့သည့် မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ၃၃၇၄ ဧက ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်



**မြောင်းမြ နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ၃၃၇၄ ဧကကို ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်ကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုနိုင်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီက မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ၃၃၇၄ ဧကကို ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက် ၃၃၇၄ ဧကကို နိုဝင်ဘာ ၂၁ ရက်မှ စတင်ရိတ်သိမ်းလျက်ရှိပြီး စပါးတစ်ဧက ၉၈ တင်းထိ ထွက်ရှိပြီး အထွက်နှုန်း ကောင်းမွန်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ မိုးစပါး စိုက်ပျိုးရာသီက မျိုးကောင်းမျိုးသန့် စပါးစိုက်ကွက် ၃၃၇၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးမျိုးကောင်းမျိုးသန့် စံပြစိုက်ကွက်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ရာ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာတွေကိုကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ မိုးစပါးတွေကို မျိုးကောင်းမျိုးသန့်နည်းစနစ်နဲ့ ပိုမိုစိုက်ပျိုးလာနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက ကျေးရွာအုပ်စုအလိုက် နယ်လှည့်ပြီး အသိပညာပေးမှုတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့လို့ အခုလိုရိတ်သိမ်းတဲ့အခါ စပါးတွေ အထွက်နှုန်းကောင်းမွန်နေတာဖြစ်ပါတယ်"ဟု မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ကိုနိုင်က ပြောပြသည်။

မြောင်းမြမြို့နယ်၌ မိုးစပါးများ ရိတ်သိမ်းဆောင်ရွက်ရာတွင် စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်း ဆောင်ရွက်နေကြောင်း၊ အဆိုပါမျိုးကောင်းမျိုးသန့်စံပြစပါးများ အများအပြားစိုက်ပျိုးထုတ်လုပ် ထွက်ရှိပါက ပြည်သူများအနေဖြင့် စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အရည်အသွေးကောင်း ဆန်များ စားသုံးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြင်ကဝကျေးရွာတွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ ဒုတိယဦးစီးမှူး ဦးကျော်ဇင်အောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြင်ကဝကျေးရွာရှိ တောင်သူ ၅၆ ဦးက နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြင်ကဝကျေးရွာတွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့် တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာသော ချေးငွေများပံ့ပိုးပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉၆ သိန်း ထုတ်ချေးပေးထားကြောင်း၊ ယခုအခါ အဆိုပါရန်ပုံငွေများဖြင့် ကျေးရွာရှိ ဆီထွက်သီးနှံစိုက်ဧက ၁၀၉ ဧကတွင် နေကြာအပါအဝင် အခြားသောဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။ **နွံ့ယဉ်**

# ချောက်မြို့နယ် ကြို့ပင်စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ချောက် နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ပင်စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ)ဒေါ်သက်သက်ဆွေနှင့် တာဝန်ရှိသူများသည် ကြို့ပင်စုကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)က တာဝန်ရှိသူများကို လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ချောက်မြို့နယ် ကြို့ပင်စုကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေကျပ် ၃၇ ဒသမ ၅ သန်းဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက် ပေ ၉၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့်ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို Magway S Three ကုမ္ပဏီက နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၄၀ အိမ်၊ လူ ၇၅၃ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၁၁-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၀၀၀၀ |
| **(ဓမ္မထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၃၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၈/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေ၏ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ပါကိစ္စရပ်များသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

(ခ) ဤဥပဒေအရ ပုဒ်မ ၅ ပါကိစ္စရပ်သည် ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) အထူးကုန်စည်ခွန်ကျသင့်စေသည့် ဇယားအမှတ်စဉ် ၁၂ (က)၊ (ခ) နှင့် (ဂ)တို့တွင်ပါရှိသော "လျှပ်စစ်ကားများမှအပ" ဆိုသည့်စကားရပ်ကို "ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေသည့်ကုန်စည်များ ဇယား၏အမှတ်စဉ် ၄၅ နောက်၌ အမှတ်စဉ် ၄၆ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၆ | ဘက်ထရီလျှပ်စစ်ကား [Battery Electric Vehicle (BEV)] နှင့် ယင်း၏ဘက်ထရီ။ |

၅။ ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၃ ၏နောက်၌ ပုဒ်မ ၂၃-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၂၃-က။ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က)တွင်မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့်ပုဂ္ဂိုလ်စုဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# "ဝ"အထူးဒေသ (၂) နမ့်တစ်မြို့၌ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး



**ဟိုပန် နိုဝင်ဘာ ၂၂**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် "ဝ"အထူးဒေသ(၂) နမ့်တစ်မြို့၌ ပန်းခင်းစီမံချက်အဆင့်(၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စတင်ကွင်းဆင်းဆောင်ရွက်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နမ့်တစ်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က "ဝ"အထူးဒေသရှိ တိုင်းရင်းသားပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ကြခြင်းဖြင့် ရရှိလာမည့်အခွင့်အရေးများနှင့် ကွင်းဆင်းဆောင်ရွက်ပေးသည့်အဖွဲ့ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဟိုပန်ခရိုင်ဦးစီးမှူးက ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမ့်တစ်မြို့ မြို့ပေါ်ရပ်ကွက်များမှပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

တွေ့ရှိရမည်ဖြစ်သော်လည်း နိုင်ငံတော်အဆင့် အခမ်းအနားများဖြစ်သည်နှင့်အညီ ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ပတ်သက်၍ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပြီး အဆိုပါဦးတည်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၂ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားကြီးကို စုပေါင်းစွမ်းအားဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်ကျော်ဖြတ်နိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကြီးကိုလည်း ခမ်းနားစွာကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပပြုလုပ်ခဲ့သကဲ့သို့ပင် ပုံမှန်ကျင်းပနိုင်ရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလျာထားချက်အပေါ် မူတည်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့၏ အနှစ်သာရတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်သို့ လှည့်လည်သယ်ဆောင်ညအိပ်ရပ်နားခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကာ ပြီးခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား၌ ရန်ကုန်မြို့တော်တွင် ရပ်နားထားသည့် ပြည်ထောင်စုအလံတော်ကို နေပြည်တော်ကောင်စီနယ်မြေသို့ စည်ကားသိုက်မြိုက်စွာ အခမ်းအနားဖြင့် သယ်ယူရပ်နားခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအားနှစ်စဉ် လှည့်လည်သယ်ဆောင်ခြင်းမပြုစေဘဲ ငါးနှစ်တစ်ကြိမ်သာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လှည့်လည်သယ်ဆောင်ညအိပ်ရပ်နားခြင်းအစီအစဉ်များ ဆောင်ရွက်ရန်လည်းလျာထားပြီး အဆိုပါကိစ္စရပ်အပေါ်တွင်လည်း ဆွေးနွေးပေးနိုင်ရန်ဖြစ်ကြောင်း။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည်များကို ထည့်သွင်းဆွေးနွေးကြရန်လိုကြောင်း၊ အခမ်းအနားများကျင်းပပြုလုပ်ရာတွင် ကိုဗစ်-၁၉ ရောဂါ သတ်မှတ်ချက်များ ကိုက်ညီစွာဖြင့် စည်းကမ်းစနစ်တကျဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေးအတွက်လည်း ပိုမိုဂရုပြု ဆောင်ရွက်သွားရန်လိုကြောင်း၊ အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအလိုက် ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၊ အလှပြ Drone လွှတ်တင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အခမ်းအနားအောင်မြင်စွာ နိုင်ငံတော်အဆင့်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီအလိုက် မိမိတို့၏ တာဝန်များကို အစဉ်အဆက်ဆောင်ရွက်ခဲ့သည်များအတိုင်း လစ်ဟင်းမှုမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၀၂၃ ဖေဖော်ဝါရီလအစောပိုင်းတွင် ယဉ်ကျေးမှုအဖွဲ့များ စတင်ရောက်ရှိမည်ဖြစ်သဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရန်လိုကြောင်း၊ မြေစိုက်ပိုစတာများ အချိန်မီဆောင်ရွက်နိုင်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကာ အချိန်မီပြန်လည်တင်ပြရန်လိုကြောင်း၊ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု ထာဝရရေရှည်တည်တံ့ခိုင်မြဲရေး၊ ဥမကွဲသိုက်မပျက်ရှိစေရေးတို့ကို ဖော်ညွှန်းနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရမည်ဟူသည့် စိတ်ဓာတ်များ ကိန်းဝပ်ရှင်သန်နေစေရေး၊ လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကာ ပြည်ထောင်စုကြီး ထာဝရတည်မြဲရေး၊ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိရေး စသည့်ဦးတည်ချက်များအောင်မြင်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၁ ရက်က ညောင်ဦးမြို့နယ်ရှိ ယွန်းပညာကောလိပ်(ပုဂံ)၊ မြစ်ရေတင်လုပ်ငန်းများနှင့် စိုက်ပျိုးရေးသုတေသနခြံတို့သို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယွန်းပညာကောလိပ်(ပုဂံ)သို့ရောက်ရှိပြီး ကောလိပ်အတွင်းရှိ ပျဉ်ပြားမင်းကြီး အေဒီ ၈၄၆-၈၇၈ က တည်ထားကိုးကွယ်ခဲ့သည့် သစ္စာရှင်ဘုရားကို ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ဝတ္တုငွေများဆက်ကပ်လှူဒါန်းပြီး ယွန်းနည်းစဉ်ခန်းမ၌ သင်တန်းသား၊ သင်တန်းသူများ၏ ကုန်ကြမ်းအခြေခံသည့် သစ်၊ ဝါးမှစ၍ ကုန်ချောအထိ ယွန်းပစ္စည်းများလက်တွေ့အဆင့်ဆင့်ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးကာ သင်တန်းသား၊ သင်တန်းသူများကို ချီးမြှင့်ငွေများပေးအပ်ပြီး ယွန်းပြတိုက်၊ ယွန်းအထူးပြခန်း၊ ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်ပြခန်း၊ လူမှုရေးအသုံးအဆောင်ပစ္စည်းပြခန်း၊ နိုင်ငံတကာ ယွန်းပစ္စည်းပြခန်းများအတွင်း ပြသထားသော ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် ဒေသအသီးသီးတို့မှ ရှေးဟောင်းယွန်းထည်ပစ္စည်းများဖြစ်သည့် ထီးသုံးနန်းသုံးပစ္စည်းများ၊ ဘာသာရေးနှင့် လူမှုရေးတို့တွင် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ၊ တူရိယာပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးက လိုက်ပါရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အမှတ်(၁) နတ်သမီးကမ်းပါးမြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စောက မြစ်ရေတင်စနစ်ကို စနစ် နှစ်မျိုးဖြင့် ရေပေးဝေဆောင်ရွက်နေမှု၊ လုပ်ငန်းများနှင့် စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့လူထုအတွက် လိုအပ်နေသည့် မြို့နယ်ခန်းမတည်ဆောက်မည့် အမှတ်(၄) ရပ်ကွက် သီရိပစ္စယာ တိုးချဲ့(၄) ရပ်သို့ရောက်ရှိရာ မြို့နယ်အင်ဂျင်နီယာမှူးက အာဇာနည်ပန်းခြံအနီး မြို့နယ်ခန်းမတည်ဆောက်မည့် မြေနေရာအနေအထား၊အဆိုပြုပုံစံတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးတင်ပြချက်များပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးပြီး မြေအနေအထားကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် စိုက်ပျိုးရေးသုသေတနခြံသို့ရောက်ရှိပြီး ခြံတာဝန်ခံက ရည်ရွယ်ချက်များ၊ အဓိကသုတေသနပြုနေသောသီးနှံများ၊ သုတေသနလုပ်ငန်းစဉ်များ၊ တွေ့ရှိထားသော သုတေသနရလဒ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး ပြသထားသော စံနမူနာသီးနှံမျိုးစေ့များနှင့် စမ်းသပ်စိုက်ကွင်းကို ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက ညောင်ဦးခရိုင်ရှိ ငါ့သရောက်၊ လက်ပံခြေပေါ်၊ သူကောင်းတည်၊ ကျောက်ကူး၊ လောကနန္ဒာမြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်တွင်းပြည်ပခရီးသွားပြည်သူများ နေဝင်ဆည်းဆာရှုခင်းအလှကြည့်ရှုနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန်အတွက် လောကနန္ဒာဘုရားအနီးနှင့် ကျောက်မျက်မော်ဘုရားအနီးတို့တွင် Park Views ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြေယာရှုခင်းနှင့် စိတ်ချမ်းမြေ့စွာနားနေနိုင်မည့်နေရာ စသည့်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများကို လိုက်လံကြည့်ရှုပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## နိုဝင်ဘာ ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၃၀ တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၇၆၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၃၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၀၇၅ ဦး |
| သေဆုံးသူ | ၁၉၄၈၇ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၄၉၅ ဦး |

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ နှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ လုပ်ခ၊ လစာဝင်ငွေများ လွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများကို နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ၊ လစာဝင်ငွေများကို ပြည်ပမှပြည်တွင်းသို့ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန်တစ်ဒေါ်လာ (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ)အပေါ်တွင် ၃၀ ကျပ်ကို နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်"** ခေါင်းစဉ်ဖြင့် ၂၃-၁၁-၂၀၂၂ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လမည်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပေသောင်ရှာ လူသတ်မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



ဆရာတော်ထံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ ထီးလင်းဘုန်းတော်ကြီးကျောင်းတိုက်၊ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ရှိ မရမ်းအူကွင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြရတနာသီရိကျောင်းတိုက်၊ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက် နှစ်တိုက်၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ မြစ်ဖျားကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ စလင်းမြို့နယ်ရှိ မင်္ဂလာတောရဘုန်းတော်ကြီးကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှာဘဲရပ်ကွက်ရှိ သုခါရာမ တောရဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊နေ့ဆွမ်းများနှင့်လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီး သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဒေသခံပြည်သူဦးရေ ၁၁၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူဦးရေ ၄၈၆၀၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ ဒေသခံပြည်သူ ၂၄၀၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့၌ ကျောင်းသား၊ကျောင်းသူ ၂၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်ရှိ စာသင်ကျောင်းများ၊ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့်လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်**(ယနေ့)** နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ MICC-2၌ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို နံနက် ၉ နာရီ မိနစ် ၂၀ တွင် MRTV HD Channel၊ MRTV News Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD Education,Knowledge & Sports HD Channel၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV Web & Appနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ "က"အဆင့်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲ "က"အဆင့်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports HD Channelနှင့် Skynet Sport 4 Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနနှင့် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကာ လူငယ်ရေးရာစကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်းကအဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဦးဆောင်ကာ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့် ပြည်သူ့နီတိ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်များအတွက် သင်ယူမှုသင်ယူခွင့်ဖန်တီးပေးရေး၊ လူငယ်နှင့်ရပ်ရွာလူမှုရေးလုပ်ငန်းများကဏ္ဍ၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ မိန်းကလေးများနှင့် အမျိုးသမီးငယ်များကဏ္ဍနှင့် လူငယ်နှင့် အားလပ်ချိန်အသုံးချမှုစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်းနှင့်အတူ အသိပညာပေး နံရံကပ်စာစောင်များခင်းကျင်းပြသခြင်း၊ စာအုပ်စာစောင်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထိပ်ထားနိုင်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် အလေးအနက်ထားဆောင်ရွက်လျက်ရှိကြောင်း မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာဌာနများမှ စာရင်းဇယားများနှင့်ပူးပေါင်းဆောင်ရွက်ရသကဲ့သို့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း စသည့်ကိစ္စရပ်များတွင်လည်းယနေ့တက်ရောက်လာသည့် ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့်အညီ "မဲစာရင်းများကို ပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့်လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းများကိုရယူ အခြေခံပြီး ပြုစုရမည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမြို့နယ်ဦးစီးမှူးရုံးများက ပြုစုထားသည့် လူဦးရေစာရင်းများသည် မဲစာရင်းမှန်ကန်ရေးအတွက် အဓိကကျပါကြောင်း။

မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ပြီးမြောက်ပြီးသည့်နောက်ရရှိလာသည့်လူဦးရေစာရင်းများကို ကွန်ပျူတာဆော့ဖ်ဝဲလ်အသုံးပြု၍ နိုင်ကတ်ထပ်နေသူများ၊ နိုင်ကတ်မရှိသူ၊မပြည့်စုံသူများ၊ အသက် ၁၈ နှစ်အောက်ရှိသူများ၊ မွေးသက္ကရာဇ်မပြည့်စုံသူများ၊ မွေးရက်၊ မွေးလ ထပ်နေသူများ စသည်ဖြင့်ခွဲခြားစိစစ်ခဲ့ပါကြောင်း၊ စိစစ်ပြီးသည့်စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ ပေးပို့ခဲ့ပါကြောင်း။

စိစစ်ပြီးသည့်စာရင်းများအပေါ် အခြေခံပြီး အခြေခံမဲဆန္ဒရှင်စာရင်းများ အချိန်နှင့်တစ်ပြေးညီမှန်ကန်စေရေး မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများ၌ သေဆုံးသူ၊ ပြောင်းရွှေ့ထွက်ခွာသူ၊ ဝင်ရောက်သူ၊ အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေနှင့်အညီ သတ်မှတ်အရည်အချင်း ပြည့်မီသည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသူများ၏ အင်အားအတိုး၊အလျော့ ပြောင်းလဲမှုများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများ ပူးပေါင်း၍ ယခုနှစ်စက်တင်ဘာလမှစတင်၍ လစဉ်တိုက်ဆိုင်စိစစ်ဆောင်ရွက်စေလျက်ရှိပါကြောင်း။

မြေပြင်တိုက်ဆိုင်စစ်ဆေးမှုမှရရှိသည့် လူဦးရေစုစုပေါင်းမှာ မူလ Pilot Project ပြုလုပ်စဉ်က ၆၀၀၆၉၀၀၈ ဦး(၆၀ ဒသမ ၀၇ သန်းခန့်)ဖြစ်ပြီး စက်တင်ဘာလတွင် ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စုများ ထပ်မံပါဝင်လာခဲ့သည့်အတွက် ၆၀၂၃၄၀၉၉ ဦး(၆၀ ဒသမ ၂၃၄ သန်းကျော်)ရှိလာပြီဖြစ်ကြောင်း၊ယင်းစာရင်းများသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စာရင်း နှစ်ခုပေါင်းဖြစ်ကြောင်း၊ လစဉ်လူဦးရေစာရင်းအတိုး၊အလျော့များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများအရ အောက်တိုဘာလထိရရှိသော အချက်အလက်များမှာ ဥပဒေနှင့်အညီနေထိုင်သူ ၄၁၆၀၉၂၁၈ ဦးနိုင်ကတ်ရှိသူ ၂၉၂၈၄၉၀၉ ဦး၊ ၁၈ နှစ်အထက် အောက်များ အပါအဝင် နိုင်ကတ်မရှိသူ ၁၂၁၆၃၇၂၃ ဦး၊ သေဆုံးသူ ၇၈၅၀၀၇ ဦးနိုင်ကတ် နှစ်ကြိမ်ထပ်မှလျှော့နိုင်သူ ၁၀၅၇၀၂ ဦးနိုင်ကတ် သုံးကြိမ်ထပ်မှလျှော့နိုင်သူ ၁၀၂၄၉ ဦး၊ နိုင်ကတ်ထပ်မှ အသစ်ပြုလုပ်သူ ၆၅၉၄ ဦး၊ လဝက လက်ကျန်စာရင်းမှထပ်မံဖြည့်သွင်းသူ ၃၆၀၅၇၆ ဦးအချက်အလက်ပြင်ဆင်မှုပေါင်း ၁၅၆၇၅၉၄ ခုတို့ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြောင်းဝင်၊ ပြောင်းထွက်စာရင်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြောင်းဝင်၊ပြောင်းထွက်စာရင်းများ စသည်ဖြင့် လူဦးရေစာရင်းများကိုလည်းကောက်ယူရရှိခဲ့ကြောင်း။

ယခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အစည်းအဝေး၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပုံစံ (၆၆/၆) များ မြေပြင်တိုက်ဆိုင်စစ်ဆေးရန် လမ်းညွှန်ခဲ့ကြောင်း၊ မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ပုံစံ (၆၆/၆)မရှိဘဲ မြေပြင်တွင် နေထိုင်သူများကိုလည်း တစ်ပါတည်းစာရင်းပြုစုသင့်ပါကြောင်း၊ထို့အတူ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ရွေးချယ်ရန်အတွက် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကိုလည်းခွဲခြား၍ စာရင်းကောက်ယူသင့်ကြောင်း အကြံပြုပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် အကြံပြုပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရရှိခဲ့သည့် အခြေခံစာရင်းအပေါ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ထပ်မံစိစစ်ဆောင်ရွက်ရာ၌ တိုးတက်မှုအသေးစိတ်စာရင်းများနှင့် လုပ်ငန်း၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး တိုက်ဆိုင်စစ်ဆေးဆောင်ရွက်မှု၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ကတ်များပြုလုပ်ပေးမှုနှင့် အခြေခံလူဦးရေစာရင်းမြေပြင်ကောက်ယူမည့်ပွဲ့စည်းမှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၎င်းတို့၏ဝန်ထမ်းခန့်အပ်မှု၊မဲစာရင်းမှန်ကန်ရေးအတွက်ဆောင်ရွက်နေမှုနှင့် မဲဆွယ်စည်းရုံးရေးကာလ၌ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် အခြေအနေတို့ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(ASEAN-PAC)၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(ASEAN Parties Against Corruption - ASEAN - PAC) ၏ (၁၈)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကို ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Hyatt Regency Phnom Penh ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

(၁၈)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (Anti-Corruption Unit-ACU)ဒုတိယဥက္ကဋ္ဌ H.E YONN SINAT နှင့်ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆမ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ASEAN-PACအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(Anti-Corruption Unit-ACU) ဥက္ကဋ္ဌ H.E. Kittinitikosalbindit Om Yentieng က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများမှ အကြီးအကဲများနှင့် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေအပါအဝင်ကိုယ်စားလှယ်စုစုပေါင်း ၅၉ ဦး ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ASEAN-PAC နားလည်မှုစာချွန်လွှာ(Memorandum of Understanding-MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့တက်ရောက်၍ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(ACU)ဥက္ကဋ္ဌ Senior Minister H.E. Kittinitikosalbindit Om Yentieng နှင့်တွေ့ဆုံကာ နှစ်နိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။


ထို့နောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU)ကို လက်မှတ်ရေးထိုးကြသည်။




နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များဖလှယ်ရန်၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် စစ်တမ်းကောက်ယူခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း၊ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ခြင်းနှင့်နည်းပညာအထောက်အကူပြုကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရေးရည်ရွယ်၍ လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးခိုင်မာအားကောင်းစွာ တည်ဆောက်ထားနိုင်ပြီး ယခုကဲ့သို့အဂတိလိုက်စားမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအားကောင်းအောင် တည်ဆောက်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများကို အပြန်အလှန်မျှဝေခြင်းဖြင့် ထိရောက်သောအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး






တောင်ငူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသုံးပစ္စည်းများ ဝင်ရောက်ဖျက်ဆီးမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးတွင်နောက်ကျ ကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှုအခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ကျောင်းသုံးဖတ်စာအုပ်အပါအဝင် ကျောင်းသုံး စာရေးကိရိယာများကို နိုင်ငံတော်အစိုးရက အခမဲ့ထောက်ပံ့ပေးခြင်း၊ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့်၎င်းတို့ကိုအကြောက်တရားဖြင့်ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မုံညင်းကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး အဆိုပါကျေးရွာနေ မုံညင်း အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းစောင့်ဖြစ်သူ ဦးစန်းလွင် ၅၆ နှစ်(ဘ)ဦးအောင်ဖေနှင့် ၎င်း၏သမီး ဖြစ်သူ ပေါက်မြို့နယ် မြသိန်းတန်ကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ဒုတိယအလယ်တန်းပြ ကျောင်းဆရာမဖြစ်သူ မဇင်ဝေလွင် ၃၅ နှစ်တို့ကို "ဒလန်" ဟု စွပ်စွဲပြောဆိုကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ် သတ်ဖြတ်သွားခဲ့သဖြင့် ဦးစန်းလွင်နှင့် မဇင်ဝေလွင်တို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အချင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ မွန်းတည့် ၁၂ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သဲဖြူချောင်းဝကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများရောက်လာပြီး ကျောင်းဝင်းအတွင်းရှိပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရလုံခြုံရေးတပ်ဖွဲ့ဝင်များကသွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းရှိ ကျောင်းနံရံများ၊ အိမ်သာနံရံများ၊ စာရေးစားပွဲခုံများ၊ ကျောင်းသုံးစာအုပ်များအပေါ်တွင် သဘော်ဆေးများဖြင့် "PDF/PDS"စာသားများရေးသားထားကာ စာသင်ကျောင်းအတွင်းရှိ ဗီရိုများ၊ ရုံးသုံးပစ္စည်း စာရေးကိရိယာများကို မွှေနှောက်ဖျက်ဆီးခဲ့သဖြင့် ကျောင်းသုံးစာရွက်စာတမ်းများပျက်စီးခဲ့ကြောင်းနှင့် သဲဖြူချောင်းဝအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆရာ၊ ဆရာမသုံးဦးက ကျောင်းသား၊ ကျောင်းသူ ဦးရေ ၅၀ တို့ကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDFအမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူလုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ ဆေးဝါးများ၊ အီလက်ထရောနစ်များစားသောက်ကုန်၊ လူသုံးကုန်၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းနှင့်ယန္တရားအပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်း တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါးများခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၇၂၁၄၄၆၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုန်စမ်းကျေးနယ်စပ်ဂိတ်အနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID) တွင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော စားသောက်ကုန်နှင့် လူသုံးကုန်မျိုးစုံ၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများနှင့် ယန္တရားအပိုပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၇၃၁၃၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က ခရီးသည်ဝန်စည်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် မိုဘိုင်းဖုန်း(အဟောင်း) ၄၇လုံး ခန့်မှန်းတန်ဖိုး ငွေကျပ်၇၇၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်တာယာများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀ ကိုလည်းကောင်း၊ မြဝတီ (OSS)ကုန်သွယ်ရေးဇုန်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့်စက်ဘီး(အဟောင်း) အစီး ၁၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၄၀၅၀ ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၄၄၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ်နှင့်သစ်မာ ၆၈ ဒသမ ၇၈၉၂တန်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၁၅၃၉၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု အမှုတွဲ ရှစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၈၄၃၈၈၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖဏ္ဍလိပ်ကျေးရွာနေ ယုနန္ဒာဗိုလ်သည် ၎င်းအသုံးပြုသည့် "Yu Nandar Bo"Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ်(၈) ရပ်ကွက်နေ ချစ်စုဝေပိုင်သည် ၎င်းအသုံးပြုသည့် "Chit Su Wai Paing" Face-bookအကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မဟာမေဒင်ဥပဒေအရ အမွေဆက်ခံခြင်း

စိန်လှိုင်ဝိုင်



တရားရုံး တရားခွင်အသီးသီးရှိ တရားမကြီးမှုများတွင် ထိပ်ဆုံးမှနေရာယူထားသည်မှာ အမွေပုံစီမံခန့်ခွဲမှုများဖြစ်သည်ဆိုလျှင် မှားမည်မထင်ပါ။ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် အမွေဆက်ခံသူများအနက် အမွေဆိုင်အိမ်ပေါ်တွင် လက်ရှိနေထိုင်သူက မဖယ်ချင်၍ ကျန်အမွေဆိုင်များက တရားရုံးသို့လျှောက်ထားစွဲဆိုတောင်းခံသည့်အမှုမှာ အများဆုံးဟုထင်သည်။

အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် အမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ အမှုသည်များသည် မဟာမေဒင်ဘာသာဝင်များဖြစ်လျှင် မဟာမေဒင်တရားဥပဒေအရလည်းကောင်း ဆုံးဖြတ်ရမည်ဖြစ်သည်။ **မဟာမေဒင်တရားဥပဒေတွင် လင့်ပစ္စည်းမယားမပိုင်သလို မယားပစ္စည်းလင်မပိုင်ပါ၊ ၎င်းဥပဒေ၏ အမွေခန်းတွင် သေဆုံးသူ၏ အမွေရပစ္စည်းနှင့် အမွေခံဖက်မတူညီကြခြင်း** နှင့်ပတ်သက်၍ မဟာမေဒင်ဘာသာဝင်များအချင်းချင်း အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် အငြင်းပွားကြရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထိရောက်ရှိပြီး စီရင်ထုံးဖွဲ့ခဲ့သည့်အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

ရမည်းသင်းခရိုင်တရားရုံး ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် (၁၀) တွင် ဦးစိုးမြင့်က ဒေါ်ခင်နှင်းသက်ပါ ခြောက်ဦးအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ဦးစိုးမြင့်သည် မိခင် ဒေါ်ဒါမဘီ ကွယ်လွန်စဉ် ကျန်ရှိသော အမွေပုံပစ္စည်းတွင် ၁၁ ပုံ နှစ်ပုံခံစားခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။ ၎င်းဒီကရီကို အမှတ် (၂)၊ အမှတ် (၃) တရားပြိုင်တို့က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမပထမအယူခံဝင်ရောက်ခဲ့ရာ ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်ပါသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၆ နည်းဥပဒေ ၁၇ အရ တရားပြိုင်ထပ်မံထည့်သွင်း၍ အဆိုလွှာပြင်ဆင်ရန်နှင့် အမှုအား မူလနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ စစ်ဆေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၃ အရ ညွှန်ကြားသည့်အမိန့်ချမှတ်သဖြင့် မူလရုံးတရားလို ဦးစိုးမြင့်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှုတင်သွင်းခဲ့သည်။

အမှုမှာ ပျော်ဘွယ်မြို့ ရွှေပြည်ရန်အောင်ရပ်ကွက်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းလမ်းနေ အစ္စလာမ်ဘာသာဝင် ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့တွင် သားသမီးများဖြစ်သည့် ဒေါ်ရီရီမြင့်၊ ဒေါ်ကြည်ကြည်တင့်၊ ဦးစိုးတင့်၊ ဦးစိုးမြင့်၊ ဒေါ်ခင်နှင်းသက်၊ ဒေါ်ခင်ကြည်၊ ဦးဝင်းကိုနှင့် ဦးဝင်းဇိုလ်တို့ ရှစ်ဦးထွန်းကားကြောင်း၊ သမီးဒေါ်ရီရီမြင့်သည် အပျိုကြီးဘဝဖြင့် ကွယ်လွန်ပြီး ဖခင်ရော မိခင်ပါ ကွယ်လွန်သွားခဲ့ပြီးဖြစ်ကြောင်း၊ မိဘများကွယ်လွန်ပြီးနောက် တရားလို၊ တရားပြိုင် သားသမီးခုနစ်ဦးကျန်ခဲ့ပြီး တရားလို ဦးစိုးမြင့်က ပျော်ဘွယ်မြို့ရှိ အမွေဆိုင်ဝိုင်းမြေနှင့် နေအိမ်များတွင် လက်ရှိနေထိုင်လျက်ရှိသော ဒေါ်ခင်နှင်းသက်၊ ဒေါ်ခင်ကြည်၊ ဦးဝင်းကိုတို့ထံ အမွေခွဲဝေပေးရန် တောင်းဆိုသော်လည်း ခွဲဝေပေးခြင်းမရှိ၍ အမွေပုံပစ္စည်း ၁၁ ပုံ နှစ်ပုံကို ဦးစိုးမြင့်က ရထိုက်ခွင့်ရှိကြောင်း အဆိုပြုစွဲဆိုသည်။ တရားပြိုင် (၁၊ ၄၊ ၅၊ ၆) တို့က ဖြေဆိုလွှာအသီးသီးတင်သွင်းကြသည်။

ရမည်းသင်းခရိုင်တရားရုံးက ဦးစမန်အင်နှင့် ဒေါ်ဒါမဘီ ကွယ်လွန်ချိန်တွင် သားသမီးခုနစ်ဦးသည် တရားလို ဦးစိုးမြင့်အပါအဝင် အမွေကျန်ဆက်ခံသူများဖြစ်ကြောင်း၊ ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့ကွယ်လွန်စဉ် အမွေဆိုင်ပစ္စည်းကျန်ရစ်ကြောင်း သုံးသပ်ပြီး ဦးစိုးမြင့်သည် မိခင် ဒေါ်ဒါမဘီ၏ အမွေပုံတွင် ၁၁ ပုံ နှစ်ပုံ ရခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က** အမွေရှင် ဦးစမန်အင် ကွယ်လွန်စဉ် ကျန်ရစ်သောအမွေပုံပစ္စည်း၌ သမီး ဒေါ်ခင်ဝင်းသည် အမွေစုဆက်ခံရရှိပြီးဖြစ်၍ ဒေါ်ခင်ဝင်း ကွယ်လွန်ပြီးနောက် ဒေါ်ခင်ဝင်း၏အမွေစားများက ၎င်းအမွေဝေစုကို ဆက်ခံခွင့်ရှိပြီးဖြစ်ကြောင်း၊ ဦးစမန်အင်နှင့် ဒေါ်ဒါမဘီ ကွယ်လွန်စဉ် အမွေဆိုင်သားသမီး ခုနစ်ဦးကျန်ရစ်ခဲ့ခြင်းမှာ မှန်ကန်မှုမရှိ၍ အမွေခံသားသမီးများ အမွေဆက်ခံခွင့်ရှိသူများကို အဆိုလွှာတွင် ပြည့်စုံစွာဖော်ပြရန် လိုအပ်ကြောင်း သုံးသပ်ပြီး အဆိုလွှာပြင်ဆင်၍ အမှုအား မူလနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ ဥပဒေနှင့်အညီဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့၏ မြေးဖြစ်သူ မဇင်မာဦးနှင့် ကိုထွန်းထွန်းတို့အား အမွေဆိုင်အဖြစ် ထည့်သွင်းတရားစွဲဆိုခွင့်ရှိ၊ မရှိကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးစွာစိစစ်ခဲ့သည်။ တရားမမှုများဆုံးဖြတ်ရာတွင် အဆိုလွှာ၊ အချေလွှာအချက်များကို အခြေခံလျက် ဆုံးဖြတ်ပေးရမည်ဟု **ဦးထွန်းပါ ၇ နှင့် ဦးသန်းအောင်ပါ ၄ အမှု ၁၉၇၅ ရန်ခ်၊ မ.တ.စ ဓာ-၃၁** အမှုတွင် လမ်းညွှန်ထားကြောင်း၊ မွတ်ဆလင်ဓလေ့ထုံးတမ်းဥပဒေ၌ သေသူ၏ကျန်ရစ်ခဲ့သော အမွေပစ္စည်းအဖြစ် သတ်မှတ်ရာတွင် မိသားစုပိုင် သို့မဟုတ် တစ်ဦးတည်းပိုင်ဟူ၍ ခွဲခြားကာ အမွေပုံပစ္စည်းကို ခွဲခြားသတ်မှတ်ခြင်းမရှိကြောင်း စိစစ်ခဲ့သည်။

အဆိုလွှာ၊ အချေလွှာတို့အရ ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့တွင် သားသမီးကိုးဦးရှိခဲ့ပြီး **ဦးစမန်အင်သည် ၁၉၉၅ ခုနှစ်တွင် ကွယ်လွန်သည့်အခါက အမွေတောင်းခံခြင်းမရှိခဲ့ကြကြောင်း၊ မိခင် ဒေါ်ဒါမဘီ ကွယ်လွန်သည့်အခါမှသာ အမွေရတောင်းကြောင်း**၊ အချေလွှာ၌လည်း ဒေါ်ဒါမဘီက အမွေဆိုင်ပစ္စည်းဟုဆိုအပ်သော ဝိုင်းမြေနှင့်အိမ်ကို သမီး ဒေါ်ခင်ကြည်သို့ ပေးထားကြောင်းလည်း ပါရှိသဖြင့် အဆိုလွှာ၊ အချေလွှာတို့အရ တရားလို **ဦးစိုးမြင့် အမွေတောင်းခံခြင်းသည် မိခင်သေဆုံးခြင်းကို အကြောင်းပြုပြီး အမွေတောင်းခံခြင်းဖြစ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် ပဏာမဒီကရီချမှတ်သည့်အဆင့်၌ တရားလိုသည် အမွေစား၊ အမွေခံဟုတ်၊ မဟုတ် ကွယ်လွန်သူတွင် အမွေပစ္စည်းကျန်ရစ်ခဲ့ခြင်းရှိ၊ မရှိ အမွေခံမှန်လျှင် အမွေပုံပစ္စည်း၏ ဘယ်နှပုံရထိုက်သည် စသည်တို့ကို စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ်ပေးရမည်ဟု **ဦးအရောင်ပါ ၈ နှင့် မကာကြူမွေးပါ ၃ အမှု ၁၉၆၄ ရန်ခ်၊ မ.တ.စ ဓာ-၁၁၄ တွင်** လမ်းညွှန်ထားကြောင်း၊ ယခုအမှုတွင် ဦးစမန်အင်သည် ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ သမီး ဒေါ်ရီရီမြင့်သည် ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ မိခင် ဒေါ်ဒါမဘီသည် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ကြကြောင်း၊ ဒေါ်ခင်ဝင်း ကွယ်လွန်စဉ် သားတစ်ဦး၊ သမီးတစ်ဦးကျန်ခဲ့သဖြင့် အဆိုပါမြေးနှစ်ဦးသည် ယခုအမှုတွင် အမွေဆိုင်အဖြစ် ပါဝင်ခွင့်ရှိ၊ မရှိကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဓိကထား၍ စိစစ်ခဲ့သည်။

**ဗုဒ္ဓနီဓလေ့ထုံးတမ်းတွင် အမွေစံတစ်ဦးသည် အမွေဆက်ခံရရှိပြီးနောက် အမွေခံအချင်းချင်း အမွေမခွဲမီ သေဆုံးသွားပါက ၎င်းအမွေကိုဆက်ခံမည့်သူများက ထိုသို့ မခွဲဝေရသေးသောအမွေမှ ရရန်ဖြစ်သော အမွေရကိုပါ ဆက်ခံသည်။ ဗုဒ္ဓနီဓလေ့ထုံးတမ်း၌ ကိုယ်စားပြုအမွေဆက်ခံခြင်းမျိုးကို လက်ခံခြင်းမရှိပေ။** ဥပမာ- မွတ်ဆလင်တစ်ဦးဖြစ်သူ (A)၌ (B) နှင့် (C)ဟူ၍ သားနှစ်ယောက်ရှိသည်။ ဖခင် (A) အရင် သားဖြစ်သူ(B)က ကွယ်လွန်သွားခဲ့သည်။ ထို့နောက် ဖခင်(A) ကွယ်လွန်သည်။ ဖခင်(A) ကျန်ရစ်ခဲ့သော အမွေပစ္စည်းအားလုံးသည် ကျန်သားဖြစ်သူ (C)သို့ သက်ဆင်းမည်။ **ကွယ်လွန်သွားခဲ့သော သားတစ်ဦးဖြစ်သည့် (B)၌ သား(D) ကျန်ရစ်ခဲ့ကာမူ (D)သည် ဖခင်(B) ကိုကိုယ်စားပြု၍ အဘိုး (A)၏ အမွေကိုဆက်ခံခွင့်မရှိပေဟု မဟာမေဒင်ဥပဒေ မွတ်ဆလင်ဓလေ့ထုံးတမ်းဥပဒေတွင် ပြဋ္ဌာန်းထားသည်ကို** စိစစ်ဖော်ထုတ်ခဲ့သည်။

ယခုအမှုတွင် မိခင် ဒေါ်ဒါမဘီ မကွယ်လွန်မီ သမီး ဒေါ်ခင်ဝင်း ကွယ်လွန်ခဲ့သည်ဖြစ်၍ ဒေါ်ခင်ဝင်း၏သားသမီးများသည် ဒေါ်ဒါမဘီ၏အမွေကို ကိုယ်စားပြုအမွေဆက်ခံခွင့် မရနိုင်ကြောင်း၊ သို့ဖြစ်၍ ဒေါ်ခင်ဝင်း၏သားသမီးများသည် ယခုအမှုတွင် **အမွေကျန်ဆက်ခံသူ သားသမီးများနှင့်ပူးတွဲ၍ အမွေဆိုင်အဖြစ်ပါဝင်ခွင့်မရှိကြောင်း** ရုံးတော်က သုံးသပ်ခဲ့ပါသည်။

အမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ မဟာမေဒင်ဘာသာဝင်များဖြစ်လျှင် မဟာမေဒင်တရားဥပဒေအရလည်းကောင်း ဆုံးဖြတ်ရမည်ဖြစ်ရာ မဟာမေဒင်တရားဥပဒေတွင် **လင့်ပစ္စည်းမယားမပိုင်သလို မယားပစ္စည်း လင်မပိုင်ချေ။** ၎င်းဥပဒေ၏ အမွေခန်းတွင် သေဆုံးသူ၏ အမွေရပ်ပစ္စည်းနှင့် အမွေခံဖက်မတူညီကြချေ။ **ဖခင်သေဆုံးလျှင် ဖခင်ကျန်ရစ်သောပစ္စည်းနှင့် အမွေခံဖက်မိခင်သေဆုံးစဉ် အမွေမှုစွဲဆိုရသည့် အမွေပစ္စည်းနှင့် အမွေခံဖက်တို့မတူညီ၍ အမွေခံဖက်များအပေါ် တရားစွဲဆိုရန်အကြောင်းလည်းမတူပေ။ တရားစွဲဆိုရန်အကြောင်း မတူသည့်အမွေခံဖက်များကို တစ်ပေါင်းတည်းစွဲဆိုပါက ထိရောက်သောဒီကရီချနိုင်မည်မဟုတ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁ နည်းဥပဒေ ၁၀ (၂) အရ အမှုတွင် ပါဝင်ပြီး အမှုသည်နှင့် ထပ်ထည့်လိုသည့် အမှုသည်ကြား ပြဿနာအားလုံးကို ပြည့်စုံထိရောက်စွာ စီရင်ဆုံးဖြတ်ရန် လိုအပ်သည့်အကြောင်း ပေါ်ပေါက်မှသာ အမှုသည်ထပ်ထည့်နိုင်ကြောင်း၊ ယခုအမှုတွင် **ဖခင်သေဆုံးစဉ်က ဖခင်ပစ္စည်းကို အမွေမှုစွဲဆိုခဲ့ခြင်းမရှိ၍ တရားစွဲဆိုရန် အကြောင်းမတူသော အမွေခံကို အမွေဆိုင်အဖြစ် ထည့်သွင်းစွဲဆိုခွင့်မရှိကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က မွတ်ဆလင်တစ်ဦးသေဆုံးသည်နှင့်တစ်ပြိုင်နက် အမွေပစ္စည်းများသည် အမွေခံများသို့ ချက်ချင်းသက်ဆင်းပြီး **အမွေစံတစ်ဦးသည် အမွေဆက်ခံပြီးနောက် အမွေခံအချင်းချင်း မခွဲဝေမီ သေဆုံးသွားပါက ၎င်း၏အမွေကို ဆက်ခံမည့်သူများသို့ သက်ဆင်းသည်**ဖြစ်၍ ဒေါ်ခင်ဝင်း၏ သားသမီးနှစ်ဦးကို ထည့်သွင်းစေပြီး အဆိုလွှာပြင်ဆင်စေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ်ခဲ့သည်။

ထို့ကြောင့် အယူခံမှုကိုခွင့်ပြုပြီး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ကာ မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ချမှတ်ခဲ့သည်။ ဤအမှု၏ စီရင်ထုံးအရ အမွေခွဲဝေရာတွင် ဗုဒ္ဓဘာသာတို့၏ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်မတူညီသော မဟာမေဒင်တရားဥပဒေအရ စီရင်ဆုံးဖြတ်ရကြောင်း သိရှိမှတ်သားရပါသည်။ (ဦးစိုးမြင့်နှင့် ဒေါ်ခင်နှင်းသက်ပါ ၆/၂၀၁၉ ခုနှစ် တရားမအယူခံမှုအမှတ် ၄၁၅) ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

> ❖ အမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ မဟာမေဒင်ဘာသာဝင်များဖြစ်လျှင် မဟာမေဒင်တရားဥပဒေအရလည်းကောင်း ဆုံးဖြတ်ရမည်ဖြစ်ရာ မဟာမေဒင်တရားဥပဒေတွင် လင့်ပစ္စည်းမယားမပိုင်သလို မယားပစ္စည်း လင်မပိုင်ချေ။ ၎င်းဥပဒေ၏ အမွေခန်းတွင် သေဆုံးသူ၏ အမွေရပ်ပစ္စည်းနှင့် အမွေခံဖက် မတူညီကြချေ။ ဖခင်သေဆုံးလျှင် ဖခင်ကျန်ရစ်သောပစ္စည်းနှင့် အမွေခံဖက်မိခင်သေဆုံးစဉ် အမွေမှုစွဲဆိုရသည့် အမွေပစ္စည်းနှင့် အမွေခံဖက်တို့မတူညီ၍ အမွေခံဖက်များအပေါ် တရားစွဲဆိုရန်အကြောင်းလည်းမတူပေ။ ❖

0w Kw d @

# ယိုင်သော်လည်း ခိုင်သည်

စိုးဝယ်ဦး(နောင်ချို)



(၁)

"ခေါင်မိုးက ××× မလုံတော့ ××× မိုးဒဏ်ကို ကိုယ်ခံနေရတာ အမှန်ပဲ ××× ဒါပေမဲ့ မိုးရွာတဲ့အကြောင်းဟာ ××× ကိုယ်တစ်ယောက်တည်းကြောင့်တော့ မဟုတ်ဘူး×××"

လေးအိမ်ကျော်သာဝေးသည့် လမ်းထိပ်က ခွေးဟောင်သံတစီစီနှင့်အတူ အသံယိုင်ယိုင် လေးလေးကန်ကန်ဖြင့် သီချင်းကို အော်ဟစ်ဆိုလျက် လမ်းထဲသို့ ဝင်လာသူမှာ မီးမီး၏ အဖေ ဦးခင်အောင်ဖြစ်သည်မှာ ပြေးကြည့်စရာမလို။ တစ်ရပ်ကွက်လုံးနှင့် လမ်းထိပ်က ခွေးများပင် အဖေ့အသံကိုမှတ်မိနေကြလေပြီ။ ထိုသို့ အဖေ သီချင်းများအော်ဆိုလာလျှင် သေချာပါသည်။ အဖေ အရက်မူးလာပါပြီ။

"ဟေး အဖေ ပြန်လာပြီ"

အငယ်ဆုံးမောင်လေးဂျစ်တူးက ငိုက်မျဉ်းနေရာမှ ဆတ်ခနဲခေါင်းထောင်၍ ဝမ်းသာအားရအော်လေသည်။ မိုးချုပ်ကတည်းက မအိပ်ဘဲ တစ်ခုပြီးတစ်ခု ဂျီကျနေသည့်ဂျစ်တူးကို အမေက နှစ်ချက်ရိုက်ထားသည်။ ငါးနှစ်ပြည့်ခါနီးသော်လည်း ညရောက်တိုင်း အင်မတန်ဂျီကျတတ်သည့်မောင်လေး။ မုန့်ဝယ်ကျွေးရန် ပိုက်ဆံမရှိကာမှ တစ်မျိုးပြီးတစ်မျိုးတောင့်တ၍ မဆုံးတော့။

"ည ၉ နာရီထိုးခါနီးတာတောင် အခုထိ မအိပ်သေးတဲ့ကလေးက ဘာ အဖေလာပြီလဲ"

အမေက စိတ်တိုသံဖြင့် ဆူသောအခါ ဂျစ်တူးသည် မျက်လုံးလေး ပေကလတ်ပေကလတ်လုပ်၍ ငိုမည်ဟန်ပြင်လေ၏။

"အမယ် သူ့အဖေ လာခါမှ ငိုပြမယ်ပေါ့လေ။ ငါ့ပဲ အပြစ်တင်ခံရအောင်"

ဖယောင်းတိုင်မီးရှေ့တွင် စာကြည့်နေသော သုံးတန်းကျောင်းသားမောင်လေးအာကာက စာအုပ်များသိမ်းပြီး မှောင်မည်းနေသည့်တစ်ခုတည်းသော အခန်းကျဉ်းလေးအတွင်းသို့ဝင်သွား၏။ သေချာသည်မှာ အဖေခေါ်သည့်အခါ၌ အိပ်ပျော်နေသည်ဖြစ်စေ၊ အိပ်မပျော်သေးလျှင်ဖြစ်စေ အခန်းအတွင်းမှ လုံးဝ ထွက်လာတော့မည်မဟုတ်ပါ။ အမေအပါအဝင် မီးမီးနှင့် ဂျစ်တူးသည် အဖေအရက်မူးလာလျှင် ပျော်ရသည်။ မောင်လေးအာကာကမူ အဖေမူးလာလျှင် မုန်းသည် ထင်သည်။ အဖေနှင့် စကားမပြောပေ။

"မငိုနဲ့နော် မောင်လေး။ အဖေက မုန့်ပါလာမှာ။ ငိုနေရင် မကျွေးဘဲနေလိမ့်မယ်နော်"

မနေသာသည့်အဆုံး အမေနှင့်မောင်လေးကြားသို့ မီးမီးဝင်ပြောရလေသည်။ အမေ့ကို နှုတ်ခမ်းစူကြည့်ပြီး မီးမီးအနားသို့ကပ်လာခါ မီးမီး လက်မောင်းကို ဖက်ထားလေသည်။ အသက် ၁၃ နှစ်အရွယ် မီးမီးသည် ဂျစ်တူးအတွက် အမေနှင့်မတည့်လျှင် အားကိုးရသူဖြစ်လေ၏။ နံနက်တိုင်း ကုန်စိမ်းရောင်းသည့် အမေက အိမ်မှ စောစောထွက်သွားတတ်သည်။ အိမ်တွင် ကျန်ခဲ့သည့်မီးမီးက မောင်လေးများနှင့် အဖေစားရန်အတွက် ချက်ပြုတ်ရသည်။ မီးမီးသည် အိမ်မှုကိစ္စမှန်သမျှ လုပ်တတ်သလောက်ရှိနေပြီဖြစ်သည်။ မီးမီးသည် ငါးတန်းနှင့် ကျောင်းထွက်ထားပြီး ဂျစ်တူးက ကျောင်းမနေရသေးပေ။ မောင်လေးအာကာတစ်ယောက်ကိုသာ ကျောင်းထားပေးနိုင်၏။ အာကာကလည်း စာအလွန်တော်သည်။ သူများတကာလို ကျူရှင်မယူဘဲနှင့်ကို အတန်းတိုင်း ပထမ၊ ဒုတိယရလေသည်။ သူကြီးလျှင် အိမ်ဆောက်သည့်အင်ဂျင်နီယာကြီးလုပ်မည်ဟု အမြဲပြောတတ်၏။

"အိမ်လှလှလေးနဲ့ အကျယ်ကြီးဆောက်မှာ။ လေတိုက်လဲ မလဲတဲ့အိမ်ဆောက်မှာ"ဟူ၍ မီးမီးတို့၏ တဲအိမ်စုတ်ကိုကြည့်လျက် ပြောတတ်လေသည်။

"သားတို့ရေ၊ မီးမီးသမီးလေး အေ့ အဖေ ပြန်လာပြီဟေ့။ ဟေး ခင်အောင်ရဲ့ မဟေသီလေး အေးမြမြရေ မောင်တော်ကြီး ပြန်လာပြီလေ အေ့ ဂေ့"

အသံဗလုံးဗထွေးနှင့်အတူ တဲအိမ်ပေါ်သို့တက်လာသည့် အဖေ့ကြောင့် အိမ်လေးမှာ လှုပ်ခါသွားလေ၏။

"ညကြီးမင်းကြီးထဲကို အော်ဟစ်မနေစမ်းပါနဲ့တော်။ မူးရူးပြန်လာရင်လဲ အသာနေပါ"

"အေ့ မူးတာတော့မူးတယ်။ ရူးတော့ မရူးသေးဘူးဟ။ ငါ့မိန်းမနဲ့ သားသမီးတွေကို ငါသိသေးတယ်"

ပြောပြောဆိုဆိုဖြင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရာ မီးမီးတို့အိမ်ကလေးမှာ သိမ့်သိမ့်တုန်သွားရပြန်လေ၏။

"ရှိစုမဲ့စုအိမ်လေးလဲ ပြိုသွားပါအုံးမယ် ကိုခင်အောင်ရယ်"

"ပြိုစမ်းပါစေ ငါ့သားအာကာလိုချင်တဲ့အိမ်အသစ်ကြီး ငါ ဆောက်ပေးမှာပေါ့ကွ။ ဟား ဟား နော် အာကာရေ"

တဟားဟားရယ်၍ အခန်းအတွင်းမှ အာကာကို တိုင်တည်ပြောလိုက်သော်လည်း အခန်းအတွင်းမှ တုတ်တုတ်မျှပင် လှုပ်သံမကြားရချေ။

"ဖေကြီး"

မောင်လေးဂျစ်တူးက ခြေပစ်လက်ပစ်ထိုင်နေသည့်အဖေ့ကို ပြေးဖက်လေသည်။

"ဝေး ငါ့သားငဂျစ်လေး။ ဒီညကော ဂျစ်ပြီးပြီလား ကွ ဟေ။ ဟော့ဒီမှာ သားတို့အတွက် ဖေကြီး ခေါက်ဆွဲကြော်ဝယ်လာတယ်။ သမီးရေ ရော့ ပန်းကန်ထဲထည့်စားကြ"

ဘေးလွယ်အိတ်အစုတ်လေးထဲမှ ခေါက်ဆွဲကြော်ထည့်ထားသည့်ဖော့ဘူးဖြူလေးကို မီးမီးအား လှမ်းပေးလေ၏။ ဆီများဖိတ်ယိုမည်စိုးသောကြောင့် ထင်သည်။ ကြွပ်ကြွပ်အိတ်များဖြင့် အထပ်ထပ်ထုပ်ထား၏။

"ဟေး ခေါက်ဆွဲကြော်စားရတော့မယ်ဟေ့"

ဂျစ်တူးက ကလေးပီပီ ဝမ်းသာအားရထအော်ရင်း ပျော်နေလေ၏။ ပန်းကန်သုံးချပ်ထဲသို့ ခွဲထည့်၍ ကိုယ့်အတွက်ရလာသည့် ခေါက်ဆွဲကြော်ကိုစားလျက်-

"အရသာရှိလေစွ"ဟု မီးမီးစိတ်ထဲမှပြောမိသည်။ အဖေပြောနေသည့် ဟာသများကိုပင် မကြားတော့ဘဲ ခေါင်းမဖော်တမ်းစားနေမိသည်။

"အာကာ ငါ့သားကြီး ပူတုန်းလာစားပါကွ"

"ဘယ်တုန်းက ထွက်စားလို့တုန်းတော်။ အာကာအတွက် ခွဲထားတယ်မဟုတ်လားသမီး။ မနက်မှ ထမင်းနဲ့ကျွေးလိုက်တော့"

"ဟုတ် အမေ ချန်ထားတယ်"

အမေ့အမေးကို ပလုတ်ပလောင်းအသံဖြင့် ပြန်ဖြေလျက် ကုန်နေပြီဖြစ်သော ခေါက်ဆွဲပန်းကန်များကို သိမ်းလိုက်သည်။

"ကောင်းလိုက်တာ။ နောက်ခါဆို အများကြီး ဝယ်ခဲ့နော်ဖေကြီး"

"အေးပါကွာ နောက်ထပ် ပိုက်ဆံတွေအများကြီးရရင် ငါ့သားတို့ကို အများကြီးဝယ်ကျွေးမှာ"

ထို့နောက် အဖေက ပေါက်ကရရယ်စရာများပြော၊ အမေနှင့် မီးမီးတို့မောင်နှမက ရယ်မောရင်းစနောက်ကြနှင့် ညအချိန်တွင် မီးမီးတို့၏ အိမ်လေး၌ ရယ်သံများစီစီညံညံလွှင့်လျက်။ အခန်းအတွင်းမှ အာကာကမူ စိတ်ညစ်နေမည်မှာသေချာသည်။ အလုပ်မှ ပိုက်ဆံများများရလာသည့်အခါတိုင်း အဖေသည် "သူများတိုက်လို့"ဟုဆိုကာ အရက်သောက်လာတတ်ပြီး မီးမီးတို့အတွက် ခေါက်ဆွဲကြော်၊ မုန့်တစ်မျိုးမျိုးဝယ်လာတတ်လေသည်။ ထိုအခါတိုင်း-

"မသောက်တတ်သေးချိန်တော့ တိုက်တဲ့သူကပေါ်တယ်။ သောက်တတ်သွားရင် ဘယ်သူမှ ရှင့်ကို အလကားမတိုက်တော့ဘူး။ အဲဒါ လူ့စိတ်ဓာတ်ပဲ"ဟု အမေက ပြောတတ်သည်။

အဖေ အရက်မူးလာလျှင် မည်သည့်အခါမျှ ဆဲဆိုရန်မပြုတတ်။ သီချင်းတကြော်ကြော်အော်ဆိုကာ အူမြူးနေတတ်သည်။ ဘာမျှမဟုတ်ဘဲနှင့်လည်း တဟီးဟီးရယ်နေတတ်သည်။ မမူးလျှင် အနေအေးသည့်အဖေက အရက်မူးမှ စကားသွက်ပြီး စနောက်တတ်၍ မီးမီးနှင့်ဂျစ်တူးက ပိုချစ်သည်။ မုန့်စားရ၍လည်းပါမည်ထင်သည်။ အာကာကမူ အဖေအရက်မသောက်လျှင်လည်း သူ့ဘာသာသီးသန့်နေတတ်၍ မေးတစ်ခွန်း၊ ဖြေတစ်ခွန်းသာပြောတတ်၏။ အရက်မူးလာလျှင် အဖေ့ကို လုံးဝစကားမပြောတော့ဘဲ အခန်းအတွင်းသာ ဝင်ပုန်းတတ်သည်။ မီးမီးကို အာကာပြောဖူးသည်မှာ အဖေ အရက်မူးလာလျှင် စိတ်မနှံ့သည့်အရူးနှင့်တူသည်ဟုဆိုကာ အရက်သောက်တာမကြိုက်ဘူးဟု ဆိုလေ၏။

(၂)

လောကဓံသည် အမေပြောသည့် မြေနိမ့်ရာ လှံစိုက်ချင်သည့် သဘောပေလားမသိ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အဖေသည် ငြမ်းပေါ်မှ ပြုတ်ကျကာ ခြေတစ်ဖက်ကျိုး၏။ မဖြစ်စလောက်ရရှိသည့် လျော်ကြေးငွေသည် အဖေ့ဆေးဖိုးပင် မလုံလောက်ပေ။ ထိုအခါ မိသားစုငါးယောက်စာကို အမေတစ်ယောက်တည်း ရုန်းကန်ရှာရသည်။ ပင်ပန်းဆင်းရဲမှုကြားမှ အမေသည် သက်ဆိုးမရှည်ခဲ့။ နှလုံးရောဂါအခံရှိသည့်အမေသည် မောင်လေးနှစ်ယောက်နှင့်မီးမီးကို စိတ်ချလက်ချထားကာ ဝေလိုဆင်းရဲတွင်းမှလွတ်မြောက်သွားခဲ့လေသည်။ မီးမီးက ထိုအချိန်တွင် အသက် ၁၄ နှစ်ရှိနေပြီဖြစ်၏။ အာကာကလည်း ငါးတန်းတက်ရန်ဟန်ပြင်နေချိန် အမေဆုံးပါးသွား၍ သူကျောင်းတက်ခွင့်ရရန်ကလည်း မရေရာမသေချာတော့ပေ။

"ကျောင်းထားပေးမယ်"ဟု ပြောထားသည့် ဂျစ်တူးကလဲ ကျောင်းတက်ချင်၍ တဂျီဂျီ။ အဖေ့သူငယ်ချင်းလက်သမားဆရာတစ်ယောက်က အဖေ့ကို ခေါ်ခိုင်းသဖြင့်သာ တော်သေးသည်။ တစ်ခါတစ်ရံမှသာ အရက်သောက်တတ်ပြီး အူရွှင်နေတတ်သည့် အဖေသည်လည်း အမေဆုံးသွားချိန်မှစ၍ နေ့စဉ်ရက်ဆက်သောက်တတ်လာသည်။ သို့သော် ယခင်ကလို အူရွှင်၍ မရယ်မောတော့ပေ။ မီးမီးတို့အတွက်လည်း မုန့်ဝယ်မလာတော့ချေ။ အဖေမူးလျှင် ဆိုတတ်သည့် သီချင်းသံများအစား တစ်ခါတစ်ရံ လောကကြီးကို ဆဲဆိုကြိမ်းမောင်းသံများသာ ကြားလာရတော့သည်။ တစ်ခါတလေမှာတော့ တိတ်ဆိတ်စွာငိုရှိုက်နေတတ်သည်။ အာကာသည် အဖေ့ကို လူရမ်းကားအရက်သမားနှင့်တူသည်ဟုဆိုကာ ပိုမုန်းပြန်သည်။

(၃)

ညတိုင်း ဂျစ်နေကျဂျစ်တူးက အမေမရှိ၍ ပိုဂျစ်သည်။ တစ်ညတွင် အဖေအရက်မူးလာပြီး စိတ်မရှည်ဖြစ်လာ၍ ဂျစ်တူးကို အိမ်အပြင်ဘက်တွင် ညဘက်တစ်ယောက်တည်း ပစ်ထားသည်။ ကြောက်၍ ဂျစ်တူးက ပိုအော်ငိုသည်။

"တစ်ယောက်မှ တံခါးမဖွင့်ပေးနဲ့"ဟုဆိုကာ အဖေက အိမ်ရှေ့ခန်းတွင် အိပ်လေ၏။ အဖေ့ကိုကြောက်၍ မီးမီးတို့လဲ ဂျစ်တူးကိုမခေါ်ရဲပေ။ အတန်ကြာသောအခါ အဖေ့ဟောက်သံထွက်လာလေသည်။ ထိုအခါ အာကာသည်တိတ်တိတ်လေးခြေသံဖွ၍ တံခါးဖွင့်လေသည်။ အဖေနိုး၍ ထရိုက်မည်စိုးသော်လည်း ရင်တထိတ်ထိတ်နှင့်ပင် အာကာ့နောက်က မီးမီးလိုက်မိသည်။ တံခါးဖွင့်လိုက်သည့်အခါ အဖေ့မျက်နှာပေါ်သို့လရောင်ကျရောက်သွားလေရာ မီးမီးကိုယ်နှင့် လရောင်ကိုကာထားမိသည်။ အိမ်ရှေ့ကွပ်ပျစ်လေးပေါ်တွင် ရှိုက်ရင်းငိုက်မျဉ်းနေရှာသည့် ဂျစ်တူးကို အာကာက ပခုံးတို့လိုက်မှ အလန့်တကြားအော်မည်ပြုရာ အာကာက ပါးစပ်ပိတ်၍ တိုးတိုးပြောလေသည်။ ထို့နောက် ညီအစ်ကိုနှစ်ယောက်ခြေသံဖွ၍ အိမ်ထဲဝင်လာကြသည်။ သူတို့ဝင်ပြီးမှ ဟောက်သံရပ်သွား၍ အဖေ့ကို တစ်ချက်ကြည့်လိုက်မိသည်။

စာမျက်နှာ ၂၅သို့ ➤

**➤ စာမျက်နှာ ၂၄မှအဆက်**

လရောင်ကွက်ကျားနှင့် အဖေ့မျက်နှာပေါ်တွင် ပြုံးရိပ်သန်းနေသယောင် မြင်မိလေ၏။ ဟောက်သံရပ်သွားသော်လည်း အဖေနိုးပုံမရသေးဟု တွေးလိုက်မိသည်။ တံခါးအမြန်ပြန်ပိတ်လိုက်ပြီး မီးမီးတို့အခန်းအတွင်း သို့ဝင်လိုက်မိသည်။ ဂျစ်တူးကို အလယ်မှာထား၍ ဖက်အိပ်လိုက်ကြသည်။ တစ်ချက်တစ်ချက်ရှိုက်သံလေးများ ထွက်နေသည့်ဂျစ်တူးက အာကာနှင့် မီးမီးလက်ကို တစ်ဖက်စီဆုပ်ကိုင်လျက် အိပ်ပျော်သွားရှာသည်။ နံနက်ရောက်လျှင် အဖေ ဦးစွာနိုးသံကြား၍ အဆူခံရမှာကြောက်ပြီး ပေအိပ်နေမိကြသည်။

"ကလေးတွေ ဒီမှာ ကောက်ညှင်းပေါင်းနဲ့ အကြော်တစ်ခုစီဝယ်ထားတယ်နော်။ ထစားကြတော့။ အဖေ အလုပ်သွားတော့မယ်"

အဖေ့အသံကြောင့် မောင်နှမသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့အားသင့်နေမိကြသည်။ မဆူသည့်အပြင် မစားရသည်မှာကြာနေပြီဖြစ်သည့် ကောက်ညှင်းပေါင်းနှင့် အကြော်ဝယ်ကျွေးခြင်းကြောင့် စိတ်ထဲတွင် ထူးဆန်းနေမိကြလေသည်။ ထိုနေ့မှစ၍ ညတိုင်း ငိုပြီးဂျီကျတတ်သည့် ဂျစ်တူး၏ အကျင့်ပျောက်သွားလေတော့သည်။

(၄)

အာကာ့ကျောင်းစရိတ်ဟုဆိုကာ အဖေသည် အလုပ်မှ ပိုက်ဆံကြိုသုံးထုတ်ကာ မီးမီးကိုပေးလေသည်။ ကျောင်းဆက်တက်ရမည်ဆို၍ အာကာက ပျော်နေသည်။ နေ့စဉ် စားစရိတ်အတွက် ပိုက်ဆံမရတော့မည်ကို သိသည့် မီးမီးက စိတ်ညစ်မိသည်။ သို့သော် အာကာ့ကိုမူ ပညာတတ်ကြီးဖြစ်စေချင်သည်။ ဂျစ်တူးသည်ကား ဒီနှစ် ကျောင်းတက်ဖို့ရာမဖြစ်နိုင်တော့ပေ။ အဖေ့ဘက်က ဆွေမျိုးနီးစပ်တော်သည့် အဒေါ်တစ်ယောက်၏ ထမင်းဆိုင်တွင် မီးမီးအလုပ်တောင်းမိသည်။ မီးမီးတို့ကို သနားသည်ထင်၏။ မနက်လာ၊ ညနေပြန်ဟုဆိုကာ ထမင်းဆိုင်အကူအဖြစ် အလုပ်လုပ်ခိုင်းလေ၏။ မီးမီးမှာ ပျော်လိုက်သည့်ဖြစ်ခြင်း။ နံနက်အစောထ၍ ချက်ပြုတ်ပြီးလျှင် မီးမီးသည် ထမင်းဆိုင်သို့သွားသည်။ အာကာက ကျောင်းတက်သည်။ ဂျစ်တူးက အဖေနှင့် အလုပ်သို့လိုက်သည်။ ညနေ မီးမီးပြန်လာလျှင် ဆိုင်မှ ဟင်းကျန်များ ယူလာတတ်၍ ဂျစ်တူးကပျော်သည်။ အဖေကတော့ ညနေဆို အရက်နှင့်သာ အဖော်လုပ်တတ်၍ ဟုတ်တိပတ်တိသိပ်မစားပေ။ အာကာကမူ လုံးဝမစားပါ။

"ဘာမှမရှိ ဆီဆမ်းစားမယ်။ သူများကျန်တဲ့ ဟင်းကျန်မစားဘူး"ဟု ဆိုလေသည်။

"ကိုယ့်ဘဝနဲ့မလိုက်ဖက်၊ အတော်ကြီးကျယ်တဲ့ကောင်"ဟု အဖေက မှတ်ချက်ချလေ၏။

ထို့ကြောင့် အာကာ့အတွက်ကို ကြက်ဥဝယ်ထားလိုက်၏။ မောင်နှမသုံးယောက် မီးမီးအလုပ်ရ၍သာ နပ်မှန်အောင်စားနေရခြင်းဖြစ်သည်။

(၅)

မီးမီးအလုပ်ရ၍ နှစ်လပြည့်သောအချိန်၌ အဖေ အလုပ်ပြုတ်ပြန်သည်။ အဖေ့သူငယ်ချင်းက အခြားမြို့သို့ပြောင်းရွှေ့သွား၍ဖြစ်သည်။ ခြေတစ်ဖက်ထော့ကျိုးနှင့် အရက်သမားအဖေ့ကို မည်သူကမျှ အလုပ်မခန့်။ ထိုအခါ အဖေသည် အရက်ဖိုးမရှိချေ။ အရက်ဆိုင်သို့သွားထိုင်သော်လည်း အမေပြောသလိုပင် အဖေ့ကို အလကားတိုက်မည့်သူမရှိ။ မီးမီးလခက အာကာ့ကျောင်းစရိတ်ပေးရသည့်အခါ အိမ်အတွက် မလောက်ငတော့။ တစ်ခါတစ်ရံ အဖေအရက်ဖိုးတောင်းသည့်အခါ ပေးနိုင်သလို တစ်ခါတလေလည်း မပေးနိုင်ပါ။ အရက်မသောက်ရသည့်ရက်များတွင် အဖေသည် စိတ်မနှံ့သည့်သူနှင့်တူလေ၏။ ညဘက်ရောက်လျှင် မအိပ်ဘဲ တချွတ်ချွတ်နှင့် ဟိုရှာသည်ရှာ။ တစ်အောင့်နေလျှင် ရေထသောက်ပြန်သည်။ တစ်ညလျှင် ရေမည်မျှသောက်မှန်းပင်မသိ။ ပြီးလျှင် အိမ်ရှေ့ထွက်၍ ခေါက်တုန့်ခေါက်ပြန်လျှောက်ပြန်သည်။ ထို့နောက် အိမ်ထဲဝင်၍ လှဲအိပ်ပြန်သည်။ တစ်ယောက်တည်းစကားများပြောချင်ပြောသည်။ ရယ်ချင်ရယ်သည်။ ငိုချင်ငိုသည်။ နံနက်ထမင်းစားချိန်တွင် အဖေ့လက်များသည် တဆတ်ဆတ်တုန်နေပြီး ပါးစပ်ထဲသို့ သွင်းသည့်ထမင်းလုတ်မှာ လေး၊ ငါးစေ့သာဝင်လေသည်။ ထမင်းစေ့များ ပွစာကျဲ၍ ဖိတ်စဉ်သွားလျှင် ဂျစ်တူးက-

"အဖေ ထမင်းက ဈေးကြီးတယ်တဲ့။ မဖိတ်စေနဲ့လေ"ဟု ပြောတတ်လေ၏။ ထိုအခါ အဖေသည် ကလေးနှင့်အပြိုင်စိတ်ဆိုး၍-

"သူတို့လုပ်စာစားကာမှပဲ အပြောအဆိုခံနေရတယ်"ဟုဆိုကာ ထမင်းဆက်မစားတော့ဘဲ ထထွက်သွားတတ်သည်။ အဖေ့ကို အရက်ဖြတ်စေချင်သော်လည်း မီးမီးမပြောရဲ။ အရက်ဖိုးမပေးနိုင်၍လည်း စိတ်မကောင်းပေ။

(၆)

အဖေ ယခုတစ်လော ရေချိန်မှန်နေပြန်သည်။ အရက်ဆိုင်ပိုင်ရှင် ဦးဖိုးထူးက ညနေတိုင်း အလကားတိုက်သည်ဟုဆိုသည်။ အဖေသည် ဂျစ်တူးနှင့် တစ်နေကုန် အိမ်မှာနေ၍ အာကာကျောင်းမှ ပြန်လာချိန်တွင် ညီအစ်ကိုနှစ်ယောက်ကို အိမ်၌ထားကာ အရက်ဆိုင်သို့ သွားတတ်သည်မှာ ပုံမှန်လိုလိုပင်။ မိုးချုပ်မှ ပြန်လာတတ်ကာ မူးမူးနှင့် တစ်ချိုးတည်း အိပ်လေ၏။ အာကာသည် အဖေ့ကို မည်သို့မျှ မှတ်ချက်မပေးတော့ချေ။ အဖေပြန်လာပြီး အိပ်မှ သူလည်း အိပ်တတ်လေသည်။

(၇)

"အဖေ ကိုကို့ကို မရိုက်ပါနဲ့တော့"

"လူတတ်ကြီးလုပ်အုံးမလား။ ငါ့ကို အသုံးမကျတဲ့အဖေ အရက်သမားဖြစ်စေချင်တာလား။ ခွေးကောင်"

မီးမီးညနေအိမ်အပြန် အိမ်အနားရောက်သည်နှင့် ဂျစ်တူး၏ အော်ဟစ်ငို၍ တားနေသည့်အသံနှင့်အတူ အဖေ့ဒေါသသံဖြင့် ကြိမ်းမောင်းသံကိုပါ ကြားလိုက်ရ၏။ အဖေ အရက်မူးပြီး အာကာ့ကို ရိုက်နှက်နေသည်ထင်၍ ရင်ထဲဒိန်းခနဲဖြစ်သွားလေ၏။ အာကာနှင့် အဖေသည် မျက်နှာကြော သိပ်မတည့်သော်လည်း အာကာ့ကို အဖေတစ်ခါမျှမရိုက်ဖူးချေ။ မည်သို့ဖြစ်ကြသည်မသိ။ ထိုရိမ်စိတ်တို့နှင့် အိမ်ထဲသို့ အပြေးတစ်ပိုင်းဝင်လိုက်မိသည်။ အိမ်ထဲတွင် အဖေသည် တံမြက်စည်းမြီးတိုနှင့် အာကာ့ခြေသလုံး၊ တင်ပါးတို့ကို အဆက်မပြတ်ရိုက်နေသည်မှာ တော်ရုံကလေးဆိုလျှင် ခွေလဲနေမည်မှာအသေအချာ။ အာကာကမူ လက်တင်းတင်းပိုက်၍ အံကြိတ်တောင့်ခံနေသည်မှာ တစ်ချက်မျှပင် အသံမထွက်။ အဖေ့လက်ထဲမှ တံမြက်စည်းကို မီးမီးပြေးလုလိုက်သည်။

"အဖေ တော်ပါတော့ အဖေရယ်။ အာကာ ဘာလုပ်မိလို့လဲဟင်"

အဖေသည် ကြမ်းပေါ် ဝုန်းခနဲပစ်ထိုင်ချရင်း ငိုလေတော့သည်။

"နင့်မောင်လေးလေ အင်ဂျင်နီယာကြီးလုပ်မယ်ဆိုတဲ့ နင့်မောင်လေးကလေ"

ငိုသံပါကြီးဖြင့် ပြောလျက်မှ ဆက်၍မပြောနိုင်သေးဘဲ အဖေသည် ဟီးချငိုပြန်လေသည်။

"ကျွန်တော် အင်ဂျင်နီယာမလုပ်တော့ဘူး။ ကျောင်းလဲမတက်တော့ဘူး။ ကျောင်းကတောင်းသမျှလဲ ဘယ်တော့မှမပေးနိုင်ဘူး။ အဲဒါ မျက်နှာငယ်ရတာထက် သူများတကာက အရက်သမားသားလို့ ဝိုင်းနှိမ်ကြတာ ပိုရှက်တယ်ဗျ"

"ဟင်"

မီးမီး ယခုမှ တွေးမိသည်။ အာကာသည် တစ်လလုံး ကျောင်းအတွက် ပိုက်ဆံမတောင်း။ ညဘက်စာကျက်သည်ကိုမတွေ့မိသည်မှာ ကြာပြီဖြစ်ကြောင်း ယခုမှ သတိထားမိသည်။ စာကျက်ရန် ဖယောင်းတိုင်ဖိုးလည်း သည်လမပေးဖြစ်မိသည်ကို သတိရသည်။ မိုးလင်းမိုးချုပ် အိမ်စားစရိတ်တွေးပူနေရသည်နှင့် အာကာ့ကို သတိမထားမိခဲ့ချေ။

"အရက်သမားသားဖြစ်ရတာရှက်လို့ အခု မင်းကပါ ကျောင်းမတက်ဘဲ အရက်ဆိုင်မှာ လုပ်နေတာလားကွ။ ဟေ ဖြေစမ်းပါအုံး အိမ်ဆောက်မဲ့ ပညာရှင်ကြီးရ"

အငိုနှင့် ဒေါသသံစွက်ကာ ရှဲ့ပြီး အဖေက မေးလိုက်သည်။

"ကျွန်တော် အိမ်မဆောက်တော့ဘူး။ ဒီအိမ်ကိုပဲ ထပ်မယိုင်အောင်လုပ်မှာ"

"ဟား ဟား လူလေးနဲ့မှမလိုက်။ မင်းကများ စကားကြီးစကားကျယ်နဲ့။ သမီး ဒီကောင် အရက်ဆိုင်မှာ ခိုင်းဖတ်လုပ်နေတာကို အရက်ဆိုင်ကို ဟင်းစားသွားပို့တဲ့ ကိုချက်ကြီးကမြင်ခဲ့ပြီး လာပြောသွားတာ။ စာတော်တဲ့ ကလေးကို ခိုင်းစားရက်လိုက်တာတဲ့ ငါ့ကို ပြောသွားတာလေ"

မီးမီးကို တိုင်တည်ပြော၍ အဖေငိုပြန်လေသည်။

"အိမ်တစ်အိမ်မှာ အဖေက အမိုကဆို။ အဖေသေရင် အဲဒီအိမ်ကလဲ ယိုင်လဲကျသွားတာဆို။ အဖေလဲ အရက်မသောက်ရရင် သေတော့မှာတဲ့။ အဖေသေရင် ကျွန်တော်တို့အိမ်လဲကျတာနဲ့ အတူတူပဲတဲ့။ အားကိုးစရာလူမရှိတော့ဘူးတဲ့။ ကျွန်တော်တို့ အဖေမရှိဘဲမနေနိုင်ဘူးဗျ။ အရက်ဆိုင်က ဦးဖိုးထူးက အဖေ့ကို အရက်တိုက်စေချင်ရင် ပုလင်းတွေ၊ ခွက်တွေ ကူဆေးပေးဆိုလို့ ကျွန်တော်လုပ်ပေးတာအဖြစ်လားအဖေရ။ အဖေလဲ အရက်သောက်ရတယ်။ မသေတော့ဘူးလေ။ ကျွန်တော်လဲ ထမင်းစားရတယ်။ မမ ပိုက်ဆံကုန်သက်သာတာပေါ့။ ကျောင်းအတွက်လဲ မကုန်တော့ဘူး။ နောက် ကျွန်တော်ကြီးလာရင် အလုပ်ကြိုးစားပြီး ညီလေးကို ကျောင်းထားမယ်"

"ခွေးသူတောင်းစား ဖိုးထူး။ ငါ့သားကို မတန်မရာညာခိုင်းစားတဲ့ကောင်။ ငါသေတောင် ဒီအရက်ကို မသောက်တော့ဘူးကွ။ သားတို့၊ သမီးတို့ အဖေ ဒီအရက်ကို သေတောင်မသောက်တော့ဘူး။ အဖေ အရက်ဖြတ်ပြီး ငါ့သားသမီးတွေကို စောင့်ရှောက်လုပ်ကျွေးတော့မယ်။ အဖေ ကတိပေးတယ် သားအာကာ"

"အဖေ အရက်မသောက်ရရင် သေမှာလားဟင်"

ဂျစ်တူး၏အမေးကို အဖေက ခေါင်းခါပြလျက်ပြုံးသည်။

"အရက်သောက်မှ မြန်မြန်သေမှာ။ အရက်မသောက်တော့ရင် သားတို့နဲ့ အကြာကြီးနေရမှာ၊ အလုပ်လုပ်နိုင်ပြီး ပိုက်ဆံရှာနိုင်မှာ"

"ဟေး တကယ်နော်အဖေ။ သားတို့ကို မုန့်တွေဝယ်ကျွေးရမယ်နော်"

ဂျစ်တူးကတော့ ကလေးပီပီ သူစားချင်တာအရင်ပြော၍ အဖေ့ကို ပြေးဖက်လေ၏။ အဖေက အာကာ့ကိုပါ ဆွဲယူပွေ့ဖက်၍ ငိုပြန်လေ၏။

"ငါ့သားကို ကျောင်းပြန်ထားမယ်။ ငါ့သားအင်ဂျင်နီယာကြီးဖြစ်အောင် အဖေထားမယ်။ အဖေကတိပေးတယ်။ သားလဲ အရင်လိုပဲ စာကြိုးစားရမယ်နော်။ အဖေ့ကို ကတိပေး"

အာကာသည်လည်း အဖေ့ကိုပြန်ဖက်ကာ မျက်ရည်များကျနေလေ၏။ သို့သော် ငိုနေသည်ကားမဟုတ်။ ရယ်၍ပြုံးလျက် မျက်ရည်ကျနေခြင်းဖြစ်သည်။ ယိုင်နဲ့၍ပြိုတော့မည့်မီးမီးတို့၏ အိမ်ကလေးကို အာကာနှင့် အဖေက တည့်မတ်လိုက်ကြသည်ဟု မီးမီးထင်မိသည်။ နောင်တစ်ချိန်တွင်လည်း အာကာလိုချင်သော ခိုင်ခံ့လှပသည့် အိမ်လေးတစ်လုံးကို မီးမီးတို့မိသားစု အတူတည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်မိလေ၏။

## ပြည်သူ့အတွက် သတင်းစာ

- နေ့စဉ်ကွယ် တာဝန်မပျက်
  ထမ်းရွက်တဲ့ သတင်းစာ၊
  ခေတ်နဲ့အညီ စာပေများ
  ရေးသားစုံစွာ၊
  သုတရသ စာမျက်နှာ
  ဖတ်ရတာ အကျိုးများ၊
  ပြည်သူတွေ မျက်စိပွင့်ဖို့
  ရွက်လွှင့် ကြိုးစား။

- ကာရန်ကဗျာ ဆောင်းပါးနဲ့
  ဖော်ပြထား ဝတ္ထုတွေ၊
  လောကဓံ ဘဝသရုပ်
  ဖော်ထုတ်ပြနေ၊
  စီးပွားရေး မလစ်ဟင်းစေ
  နည်းစနစ်ဖွေ ဖော်ထုတ်ပေး၊
  ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်
  အကျိုးပြုမနေး။

- နိုင်ငံတော် အနာဂတ်အရေးကိုလ
  ကြိုမြော်တွေးတဲ့ သတင်းစာ၊
  နိုင်ရာဝန် နေ့စဉ်ထမ်းလို့
  ကြိုးပမ်းအစဉ်သာ၊
  မဏ္ဍိုင်ကြီး လေးခုမှာ
  အရေးပါ အရာရောက်၊
  သတင်းမှန် ပြည်သူ့အကျိုးမို့
  သယ်ပိုး ထမ်းလျှောက်။ ။

ချစ်သက်(မြန်မာစာ)

## စေတုတ္တရာမြို့နယ် မကြီးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့နှင့်သွင်းအားစုများဝယ်ယူသုံးစွဲနိုင်ရန်၊ အတိုးနှုန်းသက်သာသော ချေးငွေများပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မကြီးစုကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)မှ ချေးငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အသင်းသား၊ အသင်းသူများ၏ လိုက်နာရမည့်အချက်များကို ပြောကြားသည်။

စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့မွန်က စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်နှင့် ဝတ္တရားများ၊ ရပိုင်ခွင့်များကို ပြောကြားခဲ့သည်။

စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖအိုင်းကျေးရွာအုပ်စု မကြီးစုကျေးရွာ၌ နေကြာသီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၁ ဦးကို ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# တရုတ်နိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေး ထိရောက်သည့်မူဝါဒများချမှတ်ရန်လိုအပ်



**ပေကျင်း နိုဝင်ဘာ ၂၂**

တရုတ်နိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုလျှော့ချရေး၊ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေပြီး ၂၀၆၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် အလေးထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်ရာ လက်ရှိတရုတ်နိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှုပမာဏ သိသိသာသာလျော့ကျလာပြီဖြစ်ပြီး လေထုညစ်ညမ်းမှုနှုန်းလည်း လျော့ကျလာပြီဖြစ်ကြောင်း တရုတ်စွမ်းအင်နှင့် လေထုသန့်စင်ရေး သုတေသနစင်တာက ထုတ်ပြန်ခဲ့ကြောင်း The Nation သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကာဗွန်ထုတ်လွှတ်မှုနှုန်းလျော့ကျလာပြီဖြစ်သော်လည်း ရေရှည်အတွက် ထိရောက်သည့်မူဝါဒများ ချမှတ်နိုင်ရန် လိုအပ်နေသေးကြောင်း တရုတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းက တိုက်တွန်းသွားခဲ့ကြောင်း၊ COP27 ညီလာခံတွင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့်ပူးပေါင်းကာ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် သဘောတူညီချက် ရရှိခဲ့ကြောင်း သိရသည်။

"တရုတ်နိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှုတွေ သိသိသာသာလျော့ကျလာပါတယ်။ ကာဗွန်ထုတ်လွှတ်မှုကို အဓိကဖြစ်ပေါ်စေတဲ့ စွမ်းအင်ကဏ္ဍပိုင်းမှာ ခိုင်မာတဲ့မူဝါဒတွေချမှတ်နိုင်ဖို့က အဓိကကျပါတယ်။ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ပေါ်မူတည်ပြီး ကာဗွန်ထုတ်လွှတ်မှုပမာဏကို လျှော့ချနိုင်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှုလျော့ကျဖို့အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကိုလျှော့ချနိုင်ဖို့လဲ လိုအပ်ပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးလာရင် ကာဗွန်ထုတ်လွှတ်မှုလဲ လျော့ကျလာမှာဖြစ်ပါတယ်"ဟု တရုတ်စွမ်းအင်နှင့် လေထုသန့်စင်ရေး သုတေသနစင်တာမှ သုတေသီ လော်ရီက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်သော သီးနှံများစိုက်ပျိုးရန် ဇင်ဘာဘွေအစိုးရက တွန်းအားပေး

**ဟာရဲရား နိုဝင်ဘာ ၂၂**

အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအတွက် ဇင်ဘာဘွေအစိုးရက လယ်သမားများကို မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်သော အစေ့အဆန်ထွက်သီးနှံများကို အဓိကစိုက်ပျိုးရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးလျက်ရှိသော ဇင်ဘာဘွေနိုင်ငံတွင် အစိုးရက မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်သော ရိုးရာ အစေ့အဆန်သီးနှံများဖြစ်သော စပါး၊ လူး၊ ဆပ်၊ နှံစားပြောင်းတို့ကို အဓိကစိုက်ပျိုးရန် တွန်းအားပေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် John Basera က ဆင်ဟွာသတင်းဌာနနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရာသီဥတုဖောက်ပြန်မှုသည် အမျိုးသားစားနပ်ရိက္ခာ ဖူလုံမှုအတွက် အဓိကခြိမ်းခြောက်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသောကြောင့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးစနစ်နှင့် သီးနှံများကို သုံးစွဲရန်လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံအထွက်နှုန်း ညံ့ဖျင်းသည့်အန္တရာယ်ကိုတန်ပြန်ရန် ဇင်ဘာဘွေအစိုးရအနေဖြင့် အစေ့အဆန်ငယ်ထွက်သောအသီးအနှံများ စိုက်ပျိုးခြင်းကိုအားပေးလျက်ရှိပြီး အဆိုပါသီးနှံများသည် အပူပိုင်းဒေသနှင့် လိုက်လျောညီထွေရှိသောကြောင့် မိုးခေါင်ရေရှားမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာစေနိုင်ကြောင်း သိရသည်။

အစိုးရအနေဖြင့် မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်သောသီးနှံများစိုက်ပျိုးရန် တွန်းအားပေးလျက်ရှိသော်လည်း တောင်သူလယ်သမားများအနေဖြင့် ဈေးနှုန်းသက်သာပြီး ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားကောင်းသော ပြောင်းသီးနှံကိုသာ အဓိက စိုက်ပျိုးလျက်ရှိကြသဖြင့် အစိုးရက လယ်သမားများကို ပြောင်းသီးနှံနှင့်စပါးလဲလှယ်ပေးသည့် နည်းစနစ်တစ်ခုကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ AZH

# ဆော်လ်မွန်ကျွန်းစုနိုင်ငံတွင် ပြင်းအား ၇ မဂ္ဂနီကျူးရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဟိုနီယာရာ နိုဝင်ဘာ ၂၂**

တောင်ပစိဖိတ်သမုဒ္ဒရာ ကျွန်းနိုင်ငံဖြစ်သည့် ဆော်လ်မွန်ကျွန်းစုနိုင်ငံတွင် ယနေ့နံနက် အစောပိုင်းက ပြင်းအား ၇ မဂ္ဂနီကျူးရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့ကြောင်း NDTV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် ဆော်လ်မွန်ကျွန်းစုနိုင်ငံ၏မြို့တော် ဟိုနီယာရာမြို့အနီးတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး မြေငလျင်ပြင်းအားများသည့်အတွက် နောက်ဆက်တွဲဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် အခြေခံ အဆောက်အအုံတချို့ ပျက်စီးသွားခဲ့ပြီး လမ်းမကြီးတချို့လည်း ပျက်စီးသွားခဲ့သည့်အတွက် ယာယီပိတ်ထားရသည်ဟု ဟိုနီယာရာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ပျက်စီးခဲ့သည့် အဆောက်အအုံများတွင် ဟိုနီယာရာမြို့ရှိ Heritage Park Hotel အဆောက်အအုံလည်းပါဝင်နေပြီး ဟိုတယ်မှတည်းခိုသူများကို အမိုးအကာလွတ်သည့်ဧရိယာသို့ အရေးပေါ် ရွှေ့ပြောင်းခဲ့ရသည်။



"မြေငလျင်လှုပ်ခတ်မှုကြောင့် အခြေခံဆောက်အအုံ တချို့နဲ့ ဟိုတယ်၊ လူနေအိမ်ခြေတချို့ ပျက်စီးခဲ့တယ်။ မြေငလျင်ပြင်းအားက ၇ မဂ္ဂနီကျူးရှိတဲ့အတွက် ဆူနာမီလှိုင်းသတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်။ သေဆုံးသူ၊ ဒဏ်ရာရရှိသူတွေတော့ မရှိခဲ့ပါဘူး"ဟု ဟိုနီယာရာမြို့ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြသည်။

"မြေငလျင်လှုပ်ခတ်သွားတာ ပြင်းအား တော်တော်များတယ်။ မြေငလျင်လှုပ်ခတ်ချိန်ဟာစက္ကန့် ၂၀ လောက်ကြာတယ်။ ဟိုတယ်အဆောက်အအုံမှာ ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေ မရှိပါဘူး။ မော်တော်ယာဉ်တချို့တော့ပျက်စီးသွားတယ်"ဟု Heritage Park Hotel မှ ပြောရေးဆိုခွင့်ရှိသူ ဂျိုင်းနီရှာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# အင်ဒိုနီးရှားနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၆၂ ဦး သေဆုံး

**ဂျကာတာ နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် နိုဝင်ဘာ ၂၁ ရက်က ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူ ၁၆၂ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရခဲ့ကြကြောင်း VOA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် နိုဝင်ဘာ ၂၁ ရက်က ပြင်းအား ၅ ဒသမ ၆ ရစ်ချ်တာစကေးရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့မှုကြောင့် မြေပြိုကျခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ဖြစ်ပွားပြီး သေဆုံးသူ ၁၆၂ ဦးရှိခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ငလျင်သည် အနောက်ဂျာဗားပြည်နယ် Cianjur ဒေသတွင် နိုဝင်ဘာ ၂၁ ရက်က အနက်ကီလိုမီတာ ၆ ဒသမ ၂ မိုင်တွင် လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့၏အဆိုအရ သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၃၇၈၂ ဦး အိုးအိမ်များကို စွန့်ခွာခဲ့ရပြီး ကယ်ဆယ်ရေးစခန်း ၁၄ ခုတွင် နေရာချထားပေးရကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် အိမ်ခြေ ၂၃၄၅ လုံးထက်မနည်း ပျက်စီးခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး Ridwan Kamil က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြိုကျနေသောအဆောက်အအုံများအတွင်း ပိတ်မိနေသူတချို့ရှိနေသေးပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်လှုပ်ခတ်ပြီးနှစ်နာရီအကြာတွင် နောက်ဆက်တွဲငလျင် ၆၂ ကြိမ် ထပ်မံလှုပ်ခတ်ခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းအစီအစဉ်များ ဖရိုဖရဲဖြစ်နေဆဲဖြစ်ကြောင်း၊ လက်ရှိတွင် အစိုးရအနေဖြင့် ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိပြီး ရွက်ဖျင်တဲများနှင့် အမိုးအကာများ ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မီးကွင်းဧရိယာအနီးတွင် တည်ရှိသဖြင့် မကြာခဏ ငလျင်ဒဏ်ခံစားရပြီး ၂၀၀၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနီး၌ ပြင်းအား ၉ ဒသမ ၁ ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ နိုင်ငံပေါင်း ၁၄ နိုင်ငံတွင် ဆူနာမီလှိုင်းများ ဖြစ်ပွားခဲ့သဖြင့် လူဦးရေ ၂၂၆၀၀၀ ခန့်သေဆုံးခဲ့ရာ ၎င်းတို့အနက် ထက်ဝက်ကျော်သည် အင်ဒိုနီးရှားနိုင်ငံမှ ဖြစ်ကြောင်း သိရသည်။ AZH

# နယူးဆောက်ဝေးပြည်နယ်၌ ရေဘေးဒဏ်ကြောင့်ပျက်စီးခဲ့သည့် လမ်းမကြီးများကိုပြင်ဆင်ရန် အမေရိကန်ဒေါ်လာ ၁၅ သန်း ခွင့်ပြု

**ကင်ဘာရာ နိုဝင်ဘာ ၂၂**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် နိုဝင်ဘာလဒုတိယပတ်မှစ၍ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်လမ်းမကြီးများတွင် ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကာ အဆိုပါလမ်းမကြီးများကို အန္တရာယ်ကင်းစွာပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ရန် နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အမေရိကန်ဒေါ်လာ ၁၅ သန်း ထုတ်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဆောက်ဝေးပြည်နယ် အလယ်ပိုင်းနှင့်အနောက်ဘက်ပိုင်းတို့တွင် ပျက်စီးမှုနှုန်းမြင့်မားခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိနေကြောင်း၊ ထို့ကြောင့်လမ်းမကြီးများကို ပုံမှန်အတိုင်းပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေဘေးအန္တရာယ်ကြောင့် နယူးဆောက်ဝေးပြည်နယ်အလယ်ပိုင်းနဲ့ အနောက်ဘက်ပိုင်းမှာလမ်းမကြီးတွေ တော်တော်များများပျက်စီးခဲ့ပါတယ်။ လမ်းမကြီးတွေကိုအမြန်ဆုံး ပြင်ဆင်ပေးနိုင်ဖို့အတွက်လဲ အမေရိကန်ဒေါ်လာ ၁၅ သန်းခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ အရေးပေါ်အခြေအနေနဲ့ ပြင်ဆင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာလဲဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကလဲ အရေးပေါ်ရန်ပုံငွေထဲကနေ ဘတ်ဂျက်ခွင့်ပြုဖို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်လို့ ပြင်ဆင်ရေးလုပ်ငန်းတွေကို အမြန်ဆုံးစတင်သွားမှာပါ"ဟု နယူးဆောက်ဝေးပြည်နယ် ဒုတိယဝန်ကြီး ပေါ်တိုးလီက ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဝက်လက်မြို့နယ်၌ နွေစပါး ဧက ၃၁၇၀၀ စိုက်ပျိုးရန် လျာထား



ယခုနှစ် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ တွင် နွေစပါးဧက ၃၁၇၀၀ စိုက်ပျိုး ရန်လျာထားကြောင်း ဝက်လက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဝက်လက်မြို့နယ်၌ နွေစပါး ၇၆၆၃ ဧကသာ စိုက်ပျိုး နိုင်ခဲ့ပြီး ယခုနှစ်တွင် ဝက်လက်မြို့ နယ်၌ ယခင်နှစ်ကထက် နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာတော့ မနှစ်က နွေစပါးဧက ၇၆၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့တာပါ။ ဒီနှစ်တော့ နွေစပါးဧက သုံးသောင်း ကျော်စိုက်ဖို့ လျာထားတယ်။ ဒီနှစ် နွေစပါးဧက လျာထားချက်ပြည့်မီ အောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက် နေတယ်။ စိုက်နည်းစနစ်တွေ၊ အထွက်နှုန်းကောင်းတဲ့မျိုးကောင်း၊ မျိုးသန့်တွေသုံးစွဲဖို့ အသိပညာ ပေး ဆောင်ရွက်နေတယ်"ဟု ဝက် လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်၌ နွေစပါး စိုက်ပျိုးသူ တောင်သူများအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန် အတွက် ပညာပေးခြင်း၊ သဘာဝ မြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာ များ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုး နိုင်ရန်အတွက် နည်းပညာပေး ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည့်အပြင် စိုက်ပျိုးရေ အလုံအလောက် ရရှိရေးအတွက် လည်း သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီး ဌာနနှင့် ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဝက်လက်မြို့နယ်၌ ဆောင်းသီးနှံ စုံ ၃၅၅၀၅၅ ဧက စိုက်ပျိုးရန်လျာ ထားပြီး အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၀၁၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။ (၂၀၆)

# သာပေါင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်းဖွင့်

**သာပေါင်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး သာ ပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေ ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက် မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက် သင်တန်း ဖွင့်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်ခရိုင် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင်နှင့် သာပေါင်းမြို့နယ် စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်တို့ က အမှာစကားပြောကြားကြသည်။

ထို့နောက် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင် တင်နွယ်က အသက်မွေးဝမ်း ကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက် ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ပြီး သင်တန်းနည်းပြဆရာက သင်တန်း တွင် သင်ကြားပို့ချမည့် ဘာသာရပ် များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင်၊ သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက် ရောက်ခဲ့ကြပြီး အဆိုပါသင်တန်း သို့ သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၃၀ တက်ရောက်ကာ သင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ စာတွေ့၊ လက်တွေ့ ရက် ၃၀ ရက်ကြာ အခမဲ့သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဒေါ်တင်တင်နွယ်ကပြောပြ ၍ သိရသည်။ **ချစ်ဦးကို**

# နမ္မတူမြို့နယ် မိုင်းတတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နမ္မတူ နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ် နမ္မတူမြို့နယ် မိုင်းတတ်ကျေးရွာ ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက် လုပ်နေမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစော မြင့်ထွန်းနှင့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ နမ္မတူမြို့နယ် မိုင်းတတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက် လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက သတ်မှတ် စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီး ရေး ဆွေးနွေးမှာကြားသည်။

မိုင်းတတ်ကျေးရွာ၌ ကျေး လက်ကုန်ထုတ်လမ်းအရှည် တစ် မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက် စရစ်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert နှစ်စင်း တည်ဆောက် ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၄၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက အောက်တိုဘာ ဒုတိယ ပတ်မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကုန်ထုတ်လမ်းဖောက် လုပ်ပြီးပါက မိုင်းတတ်ကျေးရွာရှိ အိမ်ခြေ ၁၁၁ အိမ်၊ လူဦးရေ ၅၀ တို့၏ စိုက်ပျိုးမြေဧက ၃၆၂ ဧက အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ စိုက်ဧကများမှထွက်ရှိသော ထုတ် ကုန်၊ ထွက်ကုန်များ ဈေးကွက် အတွင်း ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင် မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးစောမြင့်ထွန်း ထံမှ သိရသည်။ **နိုလာ**

# ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရမ်းဗြဲ နိုဝင်ဘာ ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် တိန်ပြင် ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကျောက်ဖြူခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ထွန်းနှင့်ဝန်ထမ်း များက ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဝင်များနှင့်အတူ တိန်ပြင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ် သည်များ ဆွေးနွေးမှာကြားသည်။

တိန်ပြင်ကျေးရွာ၌ ကျေးရွာ တွင်းလမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံ ငွေကျပ်သိန်း ၁၀၀၊ ပြည်သူ ထည့်ဝင်ငွေကျပ် ၂၅ သိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်း ပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှု တို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသား များကိုယ်တိုင် အကောင်အထည် ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျောက်ဖြူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦးက ပြောပြ၍ သိရသည်။ **ကျော်နိုး**

# ကျောက်မဲခရိုင်တွင် မိုးသီးနှံ နေကြာ ၁၃၅၉ ဧက ရိတ်သိမ်းပြီးစီး

**လားရှိုး နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်တွင် မိုးသီးနှံနေကြာ ၁၃၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ် ကြောင်း ရှမ်းပြည်နယ် (မြောက် ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်နွယ်နွယ်ဝင်းကပြောပြ ၍ သိရသည်။

ကျောက်မဲခရိုင်ရှိ ကျောက်မဲ မြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချို မြို့နယ်တို့တွင် မိုးသီးနှံနေကြာကို ယခုနှစ် နိုဝင်ဘာ ပထမပတ်က စတင်ရိတ်သိမ်းလျက်ရှိရာ ယနေ့ ထိ စိုက်ပျိုးဧက ၁၈၁၂ ဧကအနက် ၁၂၀၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

"ကျောက်မဲခရိုင်မှာ ဒေသတွင်း စားသုံးဆီဖူလုံစေဖို့အတွက်ဆီထွက် သီးနှံတွေကို တိုးချဲ့စိုက်ပျိုးနေပါ တယ်။ လက်ရှိ ပြီးခဲ့တဲ့ မိုးကာလက စိုက်ပျိုးခဲ့တဲ့ ဆီထွက်သီးနှံနေကြာ တွေကို ရိတ်သိမ်းလျက်ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်း ကာလ ဆီထွက်သီးနှံစိုက်ပျိုးမဲ့ တောင်သူတွေအတွက် လိုအပ်တဲ့ မျိုးစေ့တွေ၊ သွင်းအားစုတွေ အချိန် မီရရှိစေဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးနေပါ တယ်။ ဒေသတွင်း ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်စေဖို့ မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးတတ်စေဖို့ အသိပညာပေးတဲ့ လုပ်ငန်းတွေကို လဲ လုပ်ဆောင်ပေးနေပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူ ပညာပေးသင်တန်းတွေ၊ ဆီထွက် သီးနှံ စံပြစိုက်ကွက်တွေကိုလဲ ဖော် ဆောင်ပေးနေပါတယ်"ဟု ဦးစီး အရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။


ကျောက်မဲခရိုင်တွင် မြို့နယ် အလိုက် မိုးကာလ ဆီထွက်သီးနှံ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကျောက်မဲ မြို့နယ်တွင် ၈၅ ဧက၊ သီပေါမြို့ နယ်တွင် ၆၈ ဧက၊ နောင်ချိုမြို့ နယ်တွင် ၁၂၀၆ ဧက ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# သောတာပန်ထုတ်ဝေဖြန့်ချိ




Myanmar Heritage စာပေကထုတ်ဝေသော ဒဂုန်ဦးစန်းငွေ၏ သောတာပန်စာအုပ်ထွက်ရှိလာသည်။

ယခုစာအုပ်တွင် နိဒါန်းပါရှိပြီး ဤသို့စတင်ထားသည်။ ရပ်ကြည့်၍ အမြတ်မရှိ၊ ထိုးကြည့်မှအကျိုးရှိမည်၊ ရွှေထိုးလျှင်ရွှေရ၊ ငွေထိုးလျှင်ငွေရ။ ဤစကားများသည် ကစားလောကမှလာသော ကစားဝိုင်းစကားဖြစ်၏။ သူနေရာနှင့်သူ အကျိုးသက်ရောက်မှု၊ လက်တွေ့အကျိုးခံစားရမှုရှိ၍သာ ဥဒါန်းကျူးခြင်းဖြစ်ပေလိမ့်မည်။ ဆက်လက်၍ တစ်နေရာတွင် ဖော်ပြထားသည်မှာ ယင်းစကားကို အသီးသီး အဓိပ္ပာယ်ဖွင့်သော်-(၁)ရပ်ကြည့်၊ အမြတ်မရှိဆိုသည်ကား- ဘာမှမလုပ်ဘဲနေချေက ဘာမှမဖြစ်ဟု ဆိုလိုသည်။ (၂)ထိုးကြည့်မှ အကျိုးရှိမည်ဆိုသည်ကား-အလုပ်တစ်ခုခုကို ဇွဲရှိရှိနှင့် လုပ်ကိုင်ကြည့်ပါက လက်ငင်း အကျိုးရှိလာမည်ဟု ဆိုလိုသည်။ (၃) ရွှေထိုးလျှင်ရွှေရ၊ ငွေထိုးလျှင် ငွေရဆိုသည်ကား- မိမိစိတ်ပါသောအလုပ်၊ အလိုရှိသော အလုပ်ကို မဆုတ်မနစ် အားထုတ်ကြည့်ပါ။ အချည်းနှီးမဖြစ်နိုင်၊ ဝီရိယ၏အကျိုးကို လက်တွေ့ခံစားရလိမ့်မည်ဟု ဆိုလိုသည်။ စာ-၉ မှ

ယခုစာအုပ်တွင် လူနှင့်ဘဝပြဿနာမှ နိဂုံးသံပေါက်ကဗျာထိ ခေါင်းစဉ် ၃၅ ခုဖြင့် ရှင်းလင်းဖော်ပြထားသည်။

ယခုစာအုပ်ပါ ဝေဘူဆရာတော်၏ သောတာပန်တရားတော်မှ **ထမင်းစားတာထက် လွယ်**ကို ဤသို့တွေ့ရ၏။ မခက်ဘူးဗျာ့။ လွယ်လိုက်တာမှ အင်မတန်လွယ်တယ်ဗျာ။ "ဘယ်လိုများ လွယ်ပါသလဲဆိုတော့ မိမိတို့ထမင်းဆာလောင်မွတ်သိပ်နေတယ်ဆိုရင် ရှေ့မှာ ကောင်းနိုးရာရာအဖြာဖြာတွေကို တည်ခင်းပြီးတော့ကျွေးတယ်၊ မွေးတယ်၊ ဒီအခါကျတော့ မွတ်သိပ်ဆာလောင်တာကို ပျောက်အောင် လုပ်ဖို့ရာခက်သလားဗျာ့" "မခက်ပါ ဘုရား၊ စားရုံပါပဲ" စာ-၁၆၃ မှ

ယခုစာအုပ်ကို အုပ်ရေဖော်ပြမထားဘဲ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# မြဝတီရသစုံမဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေ




မြဝတီစာပေတိုက်က ထုတ်ဝေသော နိုဝင်ဘာလထုတ် မြဝတီရသစုံမဂ္ဂဇင်း နှစ်(၇၀)နှစ်ပတ်လည်အထူးထုတ်မဂ္ဂဇင်း ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာတည်းစာမျက်နှာ၊ ကဗျာ၊ ကာတွန်း၊ သုတ-ရသ၊ တွေ့ဆုံမေးမြန်း၊ ပြည်ပအနုပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ရသစာတမ်း၊ ဗုဒ္ဓစာပန်းချီ၊ စာအုပ်စင်၊ ဝတ္ထုတို၊ ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)ကဏ္ဍစုံလင်စွာပါရှိသည်။ ကဗျာကဏ္ဍတွင် တောသားကြီးလူနိုင်၊ တင့်ထွန်း(ချောက်)၊ ရေနံ့သာမောင်ကျော်ညွန့်၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ညောင်ရွှေ-ခင်မောင်မြ၊ ချစ်စုအောင်၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ မင်းသွေးနွယ် (ဧီးကုန်း)စသည့်ကဗျာဆရာများ ပါဝင်ရေးသားထားကြပြီး သုတ-ရသကဏ္ဍတွင် တက္ကသိုလ်မြတ်သူ၊ မြင်းမူမောင်နိုင်မိုး၊ ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)၊ မောင်ဆွေသက်၊ မြသိန်း၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်သန်းလွင်၊ ကိုဇော်ဒွေး(ယဉ်ကျေးမှု) စသည့်ကလောင်ရှင်များ၏ ဆောင်းပါးများ၊ ဝတ္ထုတိုကဏ္ဍတွင် သန်လျင်မောင်မောင်ဦး၊ မောင်ခြိမ့်၊ အောင်မျိုးသူလွင်၊ ကုမုဒြာ၊ ကျွန်းစဉ်မြေစောခက်၊ သတိုးဆွေ(မန်းမြေ)၊ ကေ(တောင်တန်းပြာ)စသည့် စာရေးဆရာများ၏ ဝတ္ထုတိုများပါဝင်ကာ အခြားကဏ္ဍစုံကလောင်စုံဖြင့် နှစ်သက်မြိန်ယှက်စွာဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းပါ သတိုးဆွေ(မန်းမြေ)၏ မိုးစွေမှ ကောက်နုတ်ဖော်ပြရလျှင် "ဘိုးခင်. . . ဘိုးခင်ရေ" "ဗျာ-ကြီးတော်မြ၊ ရွှေမုံမွေးပြီးလား၊ ဘာလေးလဲဟင်" "ဟယ်-ဒီကောင်လေး၊ မွေးရင်ကလေးငိုသံကြားရမှာပေါ့ဟဲ့၊ တကယ်တဲ ဒီကိုလာအုံး၊ ဟိုထင်းပုံဘေးက ကြက်အုပ်ဆောင်းကို ဆွဲထုတ်ပြီး သန့်ရှင်းရေးလုပ်ထား၊ ထင်းခြောက်တာလေးတွေလဲရသလောက်ဆွဲထားအုံး၊ ဒီမိုးက ဘယ်နေ့ဘယ်ကာလမှ တိတ်မလဲမသိဘူး၊ အနီးရောလူရောမီးပြုရ၊ မီးကင်ရမှာဟဲ့" "ဟုတ်. . . ဟုတ်ကဲ့ပါကြီးတော်မြ" ထိုစဉ် မီးနေခန်းဆီက-"မွေးပြီ၊ မွေးပြီ. . . ရွှေမုံရေ" "အုဲ. . . အုဲ" စာ-၁၇၂ မှ

ယခုစာအုပ်ကို အုပ်ရေ ၈၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၈၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ငွေတာရီမဂ္ဂဇင်း ထွက်ရှိလာ




မြဝတီစာပေတိုက်က ထုတ်ဝေသော နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းစာအုပ် ထွက်ရှိလာသည်။

ယခုလထုတ် မဂ္ဂဇင်းတွင် ငွေတာရီ၏မူဟန်အတိုင်း ဖတ်စရာမှတ်စရာ သိအပ်ဖွယ်ရာအဖြာဖြာကို စာပေပုံသဏ္ဍာန်အမျိုးမျိုးဖြင့် စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ အသီးသီးက စိတ်ဝင်စားဖွယ်ခြယ်မှုန်းထားကြောင်း တွေ့ရသည်။

ယခုလထုတ်မဂ္ဂဇင်းတွင် တာဝန်ခံစာတည်း၏ သာမညဖလအခါတော်နှင့် ခံယူမိသောအတွေးတစ်စ စာတည်းစာမျက်နှာကိုလည်းကောင်း၊ ချစ်စုအောင်၏ မြန်မာ့စာပေ လကမ္ဘာနေကဗျာ၊ မင်းယုဝေ၏ ပင်ညောင်ညိုကဗျာ၊ သူရဇော်၏နိဿာမစုန်ရေဆန်ရေကဗျာ၊ မောင်စိမ်းနောင်(လယ်ဝေး)၏ ဖြောင့်ချက်စသည့်ကဗျာများကို လည်းကောင်း၊ မောင်သန်းဆွေ (ထားဝယ်)၏ ကျောက်တာရွာစား အပျိုတော်၊ ဒေါက်တာစိန်မြင့်၏ အင်းဝနှင့်ဟံသာဝတီ မီးမသေရေ မနောက်ရွှေတစ်ပြားတည်းကဲ့သို့ ရှိကြလေသတည်းဟူသည့် ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာ ဆောင်းပါးများကိုလည်းကောင်း၊ မောင်ဆွေသက်၏ စေတနာသံဝေစီညံ၊ စာရပေရွှာသား(ဆင်ပေါင်ဝဲ)၏ နှစ်လေးဆယ်စစ်ပွဲ၊ မင်းရဲကျော်စွာကဗျာနှင့် ယုံ့တစ်လုံး၏ရသဂုဏ်၊ ရွှေကူမေနှင်း၏အရေးနှင့်အပြော စသည့်စာပေနှင့်အနုပညာဆောင်းပါးများကိုလည်းကောင်း၊ ပြေလွင်မြင့်၏ ညီတော်အာနန္ဒာကိုပင် စွဲချက်တင်ခဲ့သည် ခေါင်းစဉ်ဖြင့်ရေးသားထားသည့် ဖတ်ပြီးတွေးတောပြန်ပြောချင်တဲ့အကြောင်းများ ကဏ္ဍပါဆောင်းပါးကိုလည်းကောင်း၊ မိုးနေသစ်၏ လှုပ်ရှားနေသောအရောင်အသွေးများဟူသည့် ပန်းချီပြပွဲဆိုင်ရာဆောင်းပါးကိုလည်းကောင်း၊ ပေါ်ဦးသစ်၏အိမ်လွမ်းစိတ်တေး၊ ဆွန်း(စက်မှုတက္ကသိုလ်)၏ ကလောမိုးဟူသည့်ရသစာတမ်းများကိုလည်းကောင်း၊ ကုမုဒြာ၏တောင်ပေါ်မှာ ရွာတဲ့မိုး၊ မင်းအဂ္ဂ(ဆင်တဲဝ)၏ လူတစ်ယောက်ရဲ့သူငယ်ချင်း၊ သူငယ်ချင်းတစ်ယောက်ရဲ့လူ စသည့်ဝတ္ထုတိုများကိုလည်းကောင်း၊ မောင်ခြိမ့်၏ လရောင်ရိပ်ဝယ် ပင်ကိုရေးဝတ္ထုရှည်(စ/ဆုံး)ကိုလည်းကောင်း ဟာဒယရွှင်စရာ ကာတွန်းများကိုလည်းကောင်း ဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၉၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# သုတအလင်းမဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေ




မြဝတီစာပေတိုက်က ထုတ်ဝေသော နိုဝင်ဘာလထုတ်သုတအလင်းမဂ္ဂဇင်းစာအုပ် ထွက်ရှိလာသည်။


ယခုလထုတ် မဂ္ဂဇင်းတွင် သုတအလင်းမဂ္ဂဇင်း၏ တင်ဆက်ဖော်ပြနေကျ စာတည်းစာမျက်နှာ၊ ထူးဆန်းထွေလာ၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိ၊ စာပေ၊ ကျန်းမာရေး၊ ခရီးသွားဆောင်းပါး၊ မျက်နှာဖုံးဆောင်းပါး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ စစ်ရေး၊ နိုင်ငံတကာသုတ၊ အထွေထွေဗဟုသုတ၊ ကာတွန်း၊ ကဗျာကဏ္ဍများဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းတွင် မောင်သောင်းဝင်း (တမန်ဟောင်း)၏ စားနပ်ရိက္ခာလုံခြုံမှု ပူပန်လာရသောကမ္ဘာပြည်သူများ၊ မောင်မောင်လေးထွန်း၏ ထူးခြားဆန်းပြားဖြစ်ရပ်များ၊ ခေတ်ညီ၏ ကမ္ဘာကိုပြောင်းလဲစေခဲ့သူများ(နယ်လ်ဆင်မင်ဒဲလား)၊ မောင်သာ(ရှေးဟောင်းသုတေသန)၏ ဂျွန်ဆရာစံ၏ တိုက်ပွဲဝင် အောင်မြေသို့၊ ကိုကျော်စွာ(ကျိုက်ပိ)၏ သကြားမုန့်လာဥ၏ ကျန်းမာရေးကောင်းကျိုးများ၊ ထူးထက်၏ အမျိုးသမီးများထဲတွင် သက်တမ်းအရှည်ကြာဆုံး နန်းစံအုပ်စိုးခဲ့သည့်ဘုရင်မကြီး အဲလ်လိဇဘက် II၊ မြတ်မင်း၏ အာဖရိကရှိ တစ်မူထူးခြားနေရာများ၊ ရဲပြည့်အောင်၏ ကမ္ဘာ့အန္တရာယ်အများဆုံးတံတားများ(၂)၊ လွင်သန္တာ၏ အကောင်းဆုံး ဇာတ်လမ်းတိုများစသည့် သုတရသဆောင်းပါးအစုံအလင်နှင့်အတူ မြင်းမူမောင်နိုင်မိုး၊ ညောင်ရွှေ-ခင်မောင်မြ၊ မင်းသစ်ဝင်း(ကျောက်တံခါး)၊ ဆန်းလွင်(မြန်မာစာ)တို့၏ ကဗျာများ၊ စောဟန်၊ လွမ်းမောင်(သုဝဏ္ဏ)၊ ဦးကြယ်၊ ဆန်းသစ်တို့၏ကာတွန်းများပါရှိကာ စာဖတ်သူတို့အကြိုက်တွေ့စေနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယခုလထုတ်မဂ္ဂဇင်းပါ မြတ်မင်း၏ အာဖရိကရှိ တစ်မူထူးခြားနေရာများမှ ကောက်နုတ်ဖော်ပြရလျှင် **ဇမ်ဘီဇီမြစ်အောက်ပိုင်း(ဇမ်ဘီယာ)** ဇမ်ဘီဇီမြစ်အောက်ပိုင်း၌ ကနူးလှေစီးခြင်းဖြင့် မြစ်များနှင့် မြစ်လက်တက်များတွင် ရေသောက်ဆင်းနေသော ရေမြင်းများ၊ ဆင်များနှင့် အခြားတိရစ္ဆာန်များကို ကြည့်ရှုမြင်တွေ့ရမည်ဖြစ်ပါသည်။ စာ-၁၁၈ မှ

ယခုမဂ္ဂဇင်းကို အုပ်ရေ ၅၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

# လူများ၊ သက္ကရာဇ်များ-ဘဝ ၁၉၁၈-၁၉၂၁ ထုတ်ဝေဖြန့်ချိ




စိတ်ကူးချိုချိုစာပေက ထုတ်ဝေသော မြသန်းတင့် မြန်မာဘာသာပြန်ဆိုသည့် လူများ၊ သက္ကရာဇ်များ-ဘဝ ၁၉၁၈-၁၉၂၁ စာအုပ်ထွက်ရှိလာသည်။

ယခုစာအုပ်ကျောဖုံးတွင် "အာရင်ဘာ့ခ်ဟာ ကျွန်တော်တို့အားလုံးကို အသက်ရှင်နေထိုင်တတ်ဖို့ သင်ကြားပေးခဲ့တဲ့သူဖြစ်တယ်။ သူ့ဘဝလောက် အပြောင်းအလဲများတာ၊ အလှည့်အပြောင်းများတာ မရှိတော့ပါဘူး။ ဒါကြောင့်မို့လည်း သူ့စာအုပ်ထဲမှာ အသက်ရှင်နေထိုင်နိုင်ဖို့ သူဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာတွေကို အသားပေးဖော်ပြခဲ့တာဖြစ်မှာပါ" ကဗျာဆရာ ယပ်တုရှင်ကို၏ အာရင်ဘာ့ခ်အပေါ် အမြင်ဟု ရိုက်နှိပ်ဖော်ပြထားသည်။

ယခုစာအုပ်တွင် ခေါင်းစဉ်ခွဲ ၃၂ ခုဖြင့် စာရေးဆရာက သူဖြတ်သန်းကြုံတွေ့ခဲ့ရသော ခေတ်အခြေအနေနှင့် ရှုန်းကန်ရှင်သန်နေကြရမှုများကို ရေးသားဖော်ပြထားသည်။ ၎င်းသည် ၁၉၁၈-၁၉၂၁ အတွင်းက ကမ္ဘာ့ရုပ်ပုံလွှာတစ်စိတ်တစ်ဒေသဟုလည်း ဆိုနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ပါ **ကဗျာဆရာတွေ ညည်းတွားကြစေ**အခန်းမှ ကောက်နုတ်ဖော်ပြရလျှင် သူသည် အခြားအရာအားလုံးထက် ကဗျာဆရာဖြစ်ပါသည်။ ကျွန်တော်တို့တိုင်းပြည်ကို လျှပ်စစ်ဓာတ်အား တပ်ဆင်ရန် စီမံကိန်းဆွဲနေသည့်အချိန်၊ မည်းမှောင်၍ နှင်းတို့စိုစွတ်သောတက်တရာလျှာနာပန်းခြံထဲတွင် "ကလေးများသည် ဘဝပန်းပွင့်များဖြစ်သည်" ဆိုသည့်စာလုံးကို မီးတိုင်ခပ်မှိန်မှိန်ကလေးဖြင့် သရုပ်ဖော်ရေးရသည့် အလွန်ရှည်ဝေးသောအချိန်တုန်းက အမေရိက၏စက်မှုအလှသစ်ကို ပီတိတွေရွှန်းရွှန်းဝေဖြင့် ပြောခဲ့ပုံကို ကျွန်တော်သတိရနေပါသည်။ စာ-၅၆ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မိုင်းရှူးမြို့နယ်၌ ကျေးလက်ရေရရှိရေးဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရှူး နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကျောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဝမ်ကျောင်းကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အရှည် တစ်မိုင်လေးဖာလုံ ပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့် အညီအချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်ကျောင်းကျေးရွာတွင် အဆိုပါ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၅၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထက်ရောင်ခြည် ကုမ္ပဏီက ဇွန်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၆၀၊ လူ ၃၃၂ ဦးအတွက် သန့်ရှင်းသော



သောက်ရေသုံးရေများ ဖူလုံစွာရရှိမည် ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးထံမှ သိရသည်။ **ရှိုသန်းညွန့်**

# မအူပင်မြို့နယ်ရှိ ဆိပ်ကမ်းများတွင် ကုန်စည်စီးဆင်းမှုများပြားလာသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား ၂၁၆ ဦး ထပ်တိုးလာ



**မအူပင် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်ရှိ ဆိပ်ကမ်းများတွင် နိုဝင်ဘာလအတွင်း ကုန်စည်စီးဆင်းမှုများပြားလာသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား ၂၁၆ ဦး ထပ်တိုးလာကြောင်း မအူပင်မြို့နယ် အလုပ်သမားအဖွဲ့ခေါင်းဆောင် ကိုဇော်လင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်ရှိ ဆိပ်ကမ်းများမှ ရန်ကုန်မြို့အပါအဝင် အခြားမြို့များသို့ ကုန်စည်စီးဆင်းမှု တစ်ရက်ထက်တစ်ရက် အားကောင်းလာခြင်းကြောင့် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ ကုန်တင်၊ ကုန်ချလုပ်သား ၂၁၆ ဦး ထပ်တိုးလာကြောင်း၊ အဆိုပါဆိပ်ကမ်းများတွင် ယခင်က ကုန်တင်၊ ကုန်ချလုပ်သား ၁၅၉ ဦးနှင့် လုပ်ကိုင်နေသဖြင့် ယခုအခါ စုစုပေါင်းကုန်တင်၊ကုန်ချလုပ်သား ၃၇၅ ဦးထိရှိလာကြောင်း သိရသည်။

"လက်ရှိမှာတော့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးကို သယ်ယူတင်ပို့တဲ့ကုန်စည်အားက ပိုကောင်းနေပါတယ်။ အခြားမြို့တွေကိုလဲ ကုန်စည်တင်ပို့သယ်ယူမှု ရှိနေပါတယ်။ သယ်ယူတင်ပို့နေရတဲ့ ကုန်စည်တွေက စပါးနဲ့ ဆန်၊ ဆန်ကွဲတွေကို အများဆုံးတင်ပို့သယ်ယူနေရတယ်။ ကုန်စည်တင်ပို့သယ်ယူအားများလာတာနဲ့အမျှ ကုန်တင်၊ကုန်ချလုပ်သားတွေလဲ အလုပ်အကိုင်ရရှိလာတာဖြစ်ပါတယ်။ ယခုလအတွင်းမှာ ကုန်တင်၊ကုန်ချလုပ်သား ၂၁၆ ယောက် ထပ်တိုးလာတယ်။ ကုန်တင်၊ ကုန်ချလုပ်သားတွေ အလုပ်အကိုင်ရရှိလာတဲ့အခါကျတော့ သူတို့ကိုမှီခိုစားသောက်နေတဲ့ မိသားစုတွေအတွက်လဲ အဆင်ပြေလာတယ်" ဟု မအူပင်မြို့နယ် အလုပ်သမားအဖွဲ့ခေါင်းဆောင် ကိုဇော်လင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်ရှိ ဆိပ်ကမ်းများမှ အခြားမြို့များသို့ ပို့ဆောင်သယ်ယူဆောင်ရွက်နေသည့် ကုန်စည်များတွင် ဆန်၊ စပါး၊ ဆန်ကွဲ၊ ဆီ၊ ငါး၊ ငါးခြောက်၊ ငါးရှဉ့်၊ ကွမ်းသီး၊ အဝတ်အထည်အမျိုးမျိုး၊ ဓာတ်မြေဩဇာအိတ်၊ ကြက်စာအိတ်၊ ဘိလပ်မြေအိတ်များ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးပါဝင်ကြောင်း၊ အဆိုပါ ကုန်တင်၊ ကုန်ချလုပ်သား ၂၁၆ ဦး အလုပ်အကိုင်ရရှိနေသဖြင့် လုပ်သားများကို မှီခိုနေရသည့် မိသားစုဝင်များ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများတွင် အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ၂၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးမည့်သင်ခန်းစာ၊ ဘာသာရပ်များကို ဂရုတစိုက်လေ့လာသင်ယူပြီး လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချစေလိုကြောင်း၊ မိသားစုဝင်ငွေ တိုးပွားစေရေးလုပ်ငန်းများ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်ယမင်းသင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းမှ သင်ကြားပို့ချပေးမည့်သင်ခန်းစာ၊ ဘာသာရပ်များနှင့် သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းသို့ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြ ဆရာများက အိမ်တွင်း လျှပ်စစ်သွယ်တန်းနည်းပညာများကို စာတွေ့၊ လက်တွေ့ဖြင့် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ သင်တန်းကာလ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကြာအင်းဆိပ်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**












## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ အကွက်အမှတ်(၈/၂၀)၊ အကွက်အမည် အိုးတန်းကလေးကွင်း၊ ဦးပိုင်အမှတ်-(၂၉)၊ ဧရိယာ(၀.၀၆၁)ဧက ရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးကျော်ခိုင်ဝင်း
(ခ) အနောက်လားသော် - ဒေါ်နုနုရီ
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - လမ်းကြား

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးဟန်ဝင်းထွဋ်** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၂-ခုနှစ်၊ ဒီဇင်ဘာလ၊ (၃)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ လမ်းခွကျေးရွာနေ ဦးသာရင် + ဒေါ်ဆန်း တို့၏သမီး **မနီလာစိမ့် (၉/မသန(နိုင်)၁၃၅၁၄၈)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

***စုံစမ်းမေးမြန်းခြင်းသည်းခံပါ***
**ဦးသာရင်(၉/မသန(နိုင်)၀၁၆၇၇၅)**
**ဒေါ်ဆန်း(၉/မသန(နိုင်)၀၁၆၆၁၂)**

## "အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်ပြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာဇံမြို့နယ်နေ မောင်နိုင်နိုင်(ဘ)ဦးလှမြင့် (၉/ခအဇ(နိုင်)၀၂၅၆၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ ဦးထွန်းဝင်း(ဘ)ဦးပိန် (၉/မခန(နိုင်)၂၁၃၄၃၆) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

## ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်နေ စည်သူအောင် (ဘ) ဦးစောနိုင်ဦး (၇/ညလပ(နိုင်)၂၁၇၀၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၇၈၄၀၈၂၄

## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ မသန္တာဝင်း (ဘ) ဦးတင်သိန်း (၁၄/လမန(နိုင်)၁၁၁၀၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၈၅၇၂၃၃

## ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နေ ဒေါ်အေးအေးမွန် (ဘ) မန်းအချော (၁၄/ဝခမ(နိုင်)၁၂၅၄၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၄၄၂၉၆၁၄

## ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နယ်နေ စင်မာဦး (ဘ) ဦးထူးစော (၁၄/ကကထ(နိုင်)၁၄၉၄၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၂၆၂၆၃၃၀

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်နေ အောင်တင်လှိုင်ဦး (ဘ) ဦးမောင်မောင် (၉/ရမသ(နိုင်)၁၀၅၂၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ဥတုရာသီ တောကိုမှီ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ ဇားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း သည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် **အမျိုးသားပို့ကုန်မဟာဗျူဟာ** ၏ဦးစားပေးပို့ကုန်အမယ်ထဲတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်...

❖ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏မျှော်မှန်းချက်သည် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေး** ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ - ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




**၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကျန်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးလိုအပ်သည်များကြိုတင်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြုလုပ်သည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တစ်ဆက်စပ်တည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သဖြင့် အခမ်းအနားများဆက်နေသည်ကို

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

